www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်မြိုင်းရှင်

သန့်သန့်လေးနေ တိတ်တိတ်လေးကြွေ



BURMESE CLASSIC

GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com



# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ဆွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ မေလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀၀ ကျပ်

ဖြန့်ချိရေး - ဝိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
ချစ်မျှားရှင်
သန့်သန့်လေးနေတိတ်တိတ်လေးကြွ/ချစ်မျှားရှင်၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁-၂။
(၁၆၀)စာ၊ ၁၃ စင်တီမီတာ × ၂၀.၇ စင်တီမီတာ
(၁) သန့်သန့်လေးနေတိတ်တိတ်လေးကြွ

ဝိုးလပြည့်စာပေ

www.burmeseclassic.com

## အခန်း (၁)

"အမှား ... ရှုံးပြီ"

ရုတ်တရက်ထအော်လိုက်သည့် စိုးမိုးသူ့အသံကြောင့် အေးဝင်းကိုက မလန့်သွားသော်လည်း လန့်သွားသယောင် မြူးမြူးကြည့်သည်။

"ဘာကြွေတာလဲ ... မင်းကြီးတော်အိမ်နောက်က လက်ပံပွင့်တွေ ကြွေတာလား ... သတိထားနော် ... လက်ပံပွင့်ချိန် မင်းတို့လိုအကျောင်တွေ ရူးချိန်တဲ့"

"ဝေးပါ ... ပိန်းပါ ဖက်တီးရာ ... ခြောက်လစာနဲ့သွားတိုက်လိုက်ဦး မင်းတို့လို ရင်ဘတ်ကြမ်းကြီးတော့မဟုတ်တဲ့ ဟောဒီ ... ဘုတ် ... ဘုတ် အနူအရွအလှအပလေးတွေချည်း ခံစားတတ်တဲ့ရင်ဘတ်ထဲမှာ ကြွေသွားတာကို ခံစားဆိုပြတာကွ၊ မဝေးစမ်းပါနဲ့ သားကြီးရာ"

ဘုတ် ... ဘုတ် ... ဆိုသည်မှာ စိုးမိုးသူက သူ့ရင်ဘတ်ကိုပုတ်ပြပြီး ပြောလိုက်သဖြင့် ထွက်ပေါ်လာသောအသံဖြစ်သည်။ ပါးစုံကြီးများနှစ်ဖက် ဖောင်းသည်အထိ ကွမ်းကို တမြုံ့မြုံ့ဝါးနေသော ဖေတတ်အေးဝင်းကိုက တစ်ချက် ကြာ ကွမ်းတံတွေးကိုထွေးလိုက်ပြီး

"ဘာအနုအရွလဲ ... ဘာခံစားတာလဲ ... နုတ်သူရှမ်း၊ လုက်သရှမ်း သမ္မကို လာပြီးဖွဲ့နွဲ့ပြနေတယ်၊ မင့်ဇင်းတွေထဲမှ ကဗျာ(၁၀)ပုဒ်လောက်ပါတဲ့ သူ့ငိုက ဒီအနုအရွစကားပြောရင် ပါးလောက်ခံလိုက်ချင်သေးတယ်"

ပက်ပက်စက်စက် နှိပ်ကွပ်ခံလိုက်ရသဖြင့် ရုတ်တရက်ပြန်မပြန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဖြစ်နေသည့် စိုးမိုးသူကို ... စီးကရက်ခဲရင်း ပေစောင်းစောင်းကြည့်နေသည့် မင်းထွဋ်ကလည်း တစ်ချက်ပခုံးတွန့်ပြကာ ...

“ဟုတ်တယ် ... မင်း ... ဒီ အတိုင်းဆိုမလွယ်ဘူး စိုးမိုး ... ယွန်းမေဇင်နဲ့လမ်းခွဲလိုက်လို့ ဘာမှမကြာခင် ယုယခင်နဲ့ထပ်တွဲတယ်၊ အခု ယုယခင်နဲ့တွဲနေတဲ့လက် မခွေးခင်မှာဘဲ ယုယခင်တို့လမ်းထိပ်စတိုးဆိုင်က ကောင်မလေးကို ကြွေရပြန်ပြီတဲ့ ... မင်းကိုမင်းရော သတိထားမိရဲ့လား”

“အေး ... ငါလည်း အဲဒါပဲပြောချင်တာ ... မင်းဟာလေ မိန်းကလေးသာဆို မလွယ်ဘူး၊ မင်းအမေ မင်းနောက်က ခြင်းနဲ့လိုက်ကောက်ရမယ် ... သူ့မြေးတွေလေ”

“ဟော့ကောင်ဖက်တီး ... ဟော့ဟော့ရမ်းရမ်း မင်းပါးစပ်ကြီးကိုခဏ ရပ်ထားဦး ... ဒီမှာခံစားပြမယ့်အလန်းဆုံး ... အညက်ဆုံးတော်ကီတွေ စကြဝဠာတံတိုင်းအဆုံးမှာ သွားကပ်ကုန်ပြီ၊ ဒီမှာ ... ဒီတစ်ယောက်မှာမှ ငါရှာနေတဲ့အချစ်စစ်ကိုတွေ့ရမှာလို့ ခံစားမိတာ ... ငါရှာနေတဲ့အရာ ယွန်းမေဇင်ဆီမှာမရှိတာကို ငါအသေအချာသိသွားလို့ပါ”

ယွန်းမေဇင်က မင်းထွဋ်ညီမဝမ်းကွဲမို့ သီးသန့်တောင်းပန်နေခြင်းဖြစ်သည်။

“အေး ... မင်းကသာအဲလိုပြောတာ၊ ယွန်းမေဇွန်ကလည်း ငါ့ကို တွေ့တိုင်း မင်းအကြောင်းပဲမေးနေတာ ... သူ တကယ်ခံစားနေရရှာတာဖြစ်မှာ ... မင်းကြောင့် ကောင်မလေးတွေမျက်ရည်ကျရတာကို မင်းကဂုဏ်ယူချင်နေတာလား ... မင်းအနေနဲ့ တကယ်မချစ်နိုင်တဲ့မိန်းကလေးတွေကို ဇာတ်လမ်းမစသင့်ဘူး”

“မင်းကလည်း ... ပြောကာမှပိုဆိုးနေပြီ၊ ပြောပြီးပြီလေ ... ငါက ငါ့အတွက် အချစ်စစ်ကိုရှာနေတာပါဆို ... တွေ့ရင်ပြီးပြီ ... အဲဒီအခါကျမှ ရွှေမှုန်ရတီတို့၊ ခင်ဝင့်ဝါတို့က ငါ့အနားကပ်ပြီး ကိုကို့သဘောဆိုရင်တောင် အားနာပါတယ်ခေးရယ် ... ဆောရီးပါလို့ပြောလိုက်မှာ ... ကုန်ကုန်ပြောမယ်ကွာ ... ဟို ... မော်ဒယ်သင်တန်းတက်နေတဲ့ ဖက်တီးညီမ ဆယ့်သုံးနှစ်လေးက ... ”

ဖက်တီး ... ရှူးရှူးရှဲရှဲဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... တော် ... ပတ်မရမ်းနဲ့ ... အရပ်ထဲမှာ ခွေးတွေတစီစီဖြစ်သွားမယ်၊ ငါ့ညီမ ကလေးပဲရှိသေးတယ်၊ အရွယ်ရောက်ရင်တောင် မင်းနဲ့တော့မပေးစားဘူး၊ ဟိုအကောင်ကို အမြှီးဖြတ်ပေးစားမယ်"

စိုးမိုးသူက တမင် မျက်လုံးပြူးမျက်ဆံပြူးလုပ်ပြကာ ...

"ဟော့ကောင် ... အဲဒါ လူကြီးတွေရဲ့ပြောတဲ့စကား ... ကိုယ့်ညီမ နုနုထွတ်ထွတ်လေးကို အဲဒီစကားမျိုးမပြောသင့်ဘူး။ ဘယ်အကောင်ဖြစ်ဖြစ် တွေးကြည့်ရင်တောင် ဘယ်လိုမှမကောင်းဘူး။ မသက်မသာ နှလုံးတုန်ရင်ခုန်စရာကြီး"

အေးဝင်းကို လိုက်ထိုးသဖြင့် စိုးမိုးသူပတ်ပြေးရတော့သည်။ မင်းထွဋ်ထံကတော့ အတည်အခန့်စကားသံသာ ထွက်လာသည်။

"ဘာပဲဖြစ်ဖြစ် မင်း ... ယွန်းမေဇင်ကိုထားခဲ့တာနဲ့ပတ်သက်လို့ ငါကတော့ သိပ်အစာမကျေချင်သေးဘူး"

"ငါမှ သူ့ကိုအယုံအကြည်မရှိတော့တာ ... မင်းလည်းသိသားပဲ၊ သူလည်းငါ့လိုပဲ တစ်ချိန်ကရည်းစားများတာပဲလေ၊ ငါနဲ့တွဲပြီးနောက်ပိုင်း ဘယ်သူနဲ့မှ ထပ်ပြီးမဆက်သွယ်ပါနဲ့တော့လို့ပြောတာကို သူမှလက်မခံခဲ့တာ ... အရင်ဖယားအဟောင်းနဲ့ ငါ့မျက်စိရှေ့မှာတွေ့ရတာ ငါ့ကိုအရွဲ့တိုက်တာမဟုတ်ဘူးလား"

"လူဆိုတာ အမြဲတမ်းမှန်နေ၊ ရှင်းသန့်နေအောင် နေလို့မှမဖြစ်နိုင်တာ ... မင်းမြင်တဲ့နေ့ကကိစ္စနဲ့ပက်သက်လို့ မင်းကို သူရှင်းပြပြီးပြီဆို"

"ထွဋ်ရာ ... မင်းလည်း ငါ့အကြောင်းသိပါတယ်၊ ငါရည်းစားများပေမယ့် ငါ့ရင်ကို တကယ်တမ်းထိရှစေနိုင်တဲ့မိန်းကလေး၊ စွဲလန်းမြတ်နိုးရပါတယ်ဆိုတဲ့မိန်းကလေးကို ငါ အခုထိရှာမတွေ့သေးဘူးကွ ... သူတို့က ငါ့ကို စိတ်ပျက်စရာ၊ ငြီးငွေ့စရာတွေပဲ ပေးစွမ်းနိုင်ကြတယ်၊ ငါ့ဆီမှာ သူတို့က ရယူလိုစိတ်တွေ၊ ဆန္ဒတွေပဲပြင်းပြနေကြတာ ... သူတို့ဆီက ငါရသမျှက ပူလောင်မှုတွေပဲဖြစ်ပေမယ့် ... စတိုးဆိုင်ကကောင်မလေးတော့ အေးမြမှုတွေကိုခံစားနေရတယ်"

အေးဝင်းကိုက နောက်တစ်ကြိမ်မဲ့ရွဲ့ပြကာ ...

"ပြောပြန်ပြီ ... အစမှိုလို့ပါကွာ ... ရည်းစားသက်တမ်းတစ်လ မပြည့်ခင် အရင်ကောင်မလေးတွေလိုပဲ ရှာကြံစွဲချက်တွေတင်ပြီး လမ်းခွဲဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



...ပါမဲ့ ... မွေးမြို့ကောက်ရှုချည့်စောက်စွပ်ခိုတဲ့ စကားပုံဟာ မင်းအတွက် ...အဲ့ဒါဖြစ်မယ့်”

“ဖက်ဝီး ... မင်းစကားပြောဆိုင်း အဲ့ဒီရွေးစကားမပါရင် မပြောသိမ ...တတ်တော့ဘူးလား ... မြင်း ... ရာမျာ အဲ့ဒီရွေးဘဲခနဲ့ တော့ဖိုက်ကိုနီးစပ်ပုံ ရတာပဲ”

... ဝင်းကိုက ပြန်ခံပက်ရန်စကား ... မဖြစ်နေစဉ်မှာပင် မင်းထွဋ်က ...ကာ

“ဝင်းကိုပြောရအုံးမှာတယ် စိုးမိုး ... ရက်ဘဝီမငယ်လေးတွေအပေါ်မှာ ...င်း ရှာကြံအပြစ်ဆိုခဲ့တာတွေကော ... ကြည့်ရင်း ... စက်ရာရောက်တယ် ...သို့မဟုတ်ကော ညကြီးသန်းခေါင် မင်းအိမ်ကိုဖုန်းဆက်လို့ ... မင်းတင်းပြီး ...ထုတ်တယ် ... နုနုဝေကတော့ မင်းချိန်းတဲ့အချိန် ချိန်းတဲ့နေရာကို အစောကြ ...လေ့လို့ လာခဲ့တယ် ... အသည်းအသန်မရမက ...သူဖြစ်အောင်လိုက်တယ် ... ဖြစ်လည်းဖြစ်ရော ... ချိန်းတဲ့ချိန်မှာ ...ညှစ်လို့ ချုံခပ်လို့ဆိုပြီး ... ရှာလွန်းလို့တဲ့ စိတ်မရှည်နိုင်ရပြန်ရော ... ...ဒယ်ဇင်မာဦးကျတော့ အင်တာဗျူးဖြေတာကြာလွန်းလို့ စိတ်မရှည်နိုင်လို့ တဲ့ ... ရွှေနေမ မခက်ကျတော့ စကားပြောရင် အရစ်ရှည်လို့တဲ့ ... ...ရာဝန်မ ... ဖပမျိုးခင်ကျတော့ အရက်မှုန်နံ့နံလို့တဲ့ ... ကျောင်းဆရာမ ...ဝါကျတော့ အာကျယ်လို့တဲ့ ...

မင်းထွဋ် စကားဆက်ရန်အရှိန်ယူနေစဉ် ... ဝင်းကိုက ရေသန့်ဘူး ...ဖုံးဖွင့်ကာ ... အတင်းထိုးပေးရင်း

“ရေသောက်လိုက်ဦး ... ငါ့သူငယ်ချင်းမောနေတယ် ... တော်လောက် ...ပြီ ပြည့်စုံသလောက်ဖြစ်နေပါပြီ”

“ငါ့အထင် ... ဆယ်မယ်လောက်လောက်ကျန်နိုင်ဦးမယ်ကွ”

“ရ ... ရပါပြီကွာ ... မင်းလည်းသိ ... ငါလည်းသိ ကာယကံရှင်လည်းသိ ... ကြာရင် ပြောရင်းပြောရင်းနဲ့ ကာယကံရှင်စိုးမိုးကို ...က်သိုးလို့ နာမည်ပြောင်းရတော့မယ်”

စိုးမိုးသူက ... စမ်းကိုနားပန်ကို ရှပ်ကျင်းလိုက်ကာ

“မင်းအကြီးတက်သိုးလား ... အချစ်စစ်အချစ်မှန်ရဲ့ အဓိပ္ပာယ်နဆိုင်...

---



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ချက်ကို ရှာဖွေနေသူကွ ... မိန်းမလှပကာသဏ္ဍာန်ကို သုတေသနပြုနေသူကွ"

"အဟား ... သုတေသနပညာရှင်ကြီး ... ကိုယ့်ကိုယ်တိုင်ရဲ့ပြဿနာကိုလည်း ကြိုတင်သုတေသနပြုထားဦး ... မင်းခါခဲ့တဲ့ သုတေသနပြုခံကောင်မလေးတွေထဲက ဘယ်နှစ်ယောက်လောက်က မင်းကိုအသည်းအသန်လိုက်ဖျင်းချင်နေပြီလဲမသိဘူး၊ သေချာတာကတော့ အခုလက်ရှိရည်းစားယုယခင်နဲ့ စတိုးဆိုင်ကောင်မလေးနဲ့ မင်းတို့ရဲ့သုံးပင်လိမ်ဇာတ်လမ်းမှာပဲကျိုင်ပူမှာ ငါမြင်နေပြီ"

"အေး ... ယုယခင်ကလည်း နာမည်ကသာယုယ၊ စိတ်ကတော့ ခပ်ဆတ်ဆတ် ... အဲဒါကို တစ်တန်းငယ်ပေမယ့် ... ကျောင်းမှာကတည်းက သတိထားမိပြီးသား ... သိသိကြီးနဲ့ပြန်လှည့်ခွေတာ"

နှစ်ကောင်သား အတိုင်အပေါက်ညီညီနှင့် နှိပ်ကွပ်နေသဖြင့် စိုးမိုးသူဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ ပြီး ... သူကိုယ်တိုင်လည်း စဉ်းစားမိနေသည်။

ဟုတ်သည် ... ယုယခင်နှင့်တော့ မလွယ်လောက်ပါ။ တစ်လမ်းတည်းဖြစ်နေသည်။ ပြီးတော့ ... ယုယခင်က အကွက်ရှေ့တာကျွမ်းသည်။ သို့သော်လည်း ... ထုံးစံအတိုင်း သူကတော့မလျှော့ချင် ...

အဖေအမေပေးထားသည့် စိုးမိုးသူဆိုသောအမည်မှာ တခြားနေရာတော့မသိ ... ကောင်မလေးများအပေါ်တော့ စိုးမိုးနိုင်သူဖြစ်ခဲ့သည်။

မိဘများမှာ သူဌေးကြီးစာရင်းဝင်မဟုတ်သော်လည်း လူလတ်တန်းစားအဆင့်ထက်ကျော်လွန်တာတော့ သေချာသည်။ ပွဲရုံပိုင်ရှင်အဖေက အိမ်စီးရန်ပင် ကားသုံးစီးထားသဖြင့် သူ့အတွက် အလှည့်ကျအသုံးတော်ခံရန် အသင့်ဖြစ်နေသည်။ အဝတ်အစားကောင်းကောင်းလေးများကို တစ်နေ့တစ်မျိုး မရိုးအောင်ဝတ်ဆင်ကာ ... စီးတော်ယာဉ်အမျိုးမျိုးစီးသကဲ့သို့ ... ကောင်မလေးများကိုလည်း သုံးလလောက်လျှင် တစ်ယောက်နှုန်းလောက်နှင့် ထည်လဲတွဲတတ်သည်။

အလန်းစားရုပ်ကို အကောင်းစားအဆင်တန်ဆာများ လွှမ်းထားနိုင်သဖြင့် ထိုသို့လှုပ်ရှားနိုင်သည်မှာမဆန်း ... စိုးမိုးသူ၏အကျင့်ဆိုးမှာ ...

သူနှင့်တွဲမိသည့်ကောင်မလေးများကို စိတ်ထဲ အထစ်အငေါ့ဖုအထစ်



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ရှိသည်နှင့် လက်တွဲဖြုတ်ဖြစ်တတ်ပြီး လှည့်မကြည့်တော့ ... အသစ်အသစ်များကိုသာ မျှော်တော့သည်။ သူမှာအကျင့်ကောင်းတစ်ခုတော့ ရှိနေသည်မှာ ...

သူနှင့်တွဲခဲ့သည့် မည်သည့်ကောင်မလေးကိုမှ မဖျက်ဆီးခဲ့ ... မလွန်ကျူးခဲ့ ... သူက သွေးသားဆန္ဒကို ဦးစားမပေးသူဖြစ်သည်။ သို့သော်

သူလိုအပ်သည်မှာ မိန်းကလေးတစ်ယောက်၏ သူ့အပေါ်ထားရှိမည့် အချစ်စစ်အချစ်မှန်ကိုဖြစ်သည်။ ထိုအရာကို တွေ့ရှိပြီဟု ... သူကိုယ်တိုင် မထင်မှတ်မချင်း ဆက်လက်ရှာဖွေနေဦးမည်သာဖြစ်သည်။

ခုတော့ ... သူ ... တွေ့ပြီဟုထင်သည်။

မြင်မြင်ချင်း သူ့ရင်တွေ ပရမ်းပတာ အနှိုင်းအဆမဲ့ခုန်လာသည်။ ထိုအရာက သူမချောလွန်းလှလွန်း၍ မဟုတ်တန်ရာသည်မှာ သေချာသည်။ ယခင်က သူနှင့်ငြိဖူးသောကောင်မလေးများက သူမလောက်တော့ လှကြသည်။ သို့သော်လည်း သူတို့တွေကို သူမလို တသသမဖြစ်။ အကြိမ်ကြိမ် မြင်လိုတွေ့လို စိတ် မပေါ်။

သူမအကြောင်း တစ်စွန်းတစ်စလေး အတွေးပွားမိသည်ကပင် သူ့ ရင်ခုန်နှုန်းကို မြန်စေနေသည်။ ထိုအရာ ဘာကြောင့်လဲတော့ သူ မဝေခွဲနိုင်သေး။ သေချာသည်ကတော့ ... သူ ... သူမကိုပိုင်ဆိုင်လိုစိတ်တို့ ... သူ့ရင်ထဲ တစ်စတစ်စစိုးမိုးလာနေပြီဟု ... သို့သော်လည်း ...

သူမကို စတင်သတိပြုမိသည့်အချိန်တွင် အနည်းငယ်တော့ စိတ်ကို မရှင်းမရှင်းဖြစ်မိရသည်။ အကြောင်းမှာ ... လက်ရှိရည်းစားယုယခင်ကို လိုက်ပို့ရင်းမှ သူမနှင့်ဆုံမှတ်ကို စမိခဲ့၍ဖြစ်သည်။

ထိုနေ့က ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ယုယခင်က စိုးမိုးသူကိုနှုတ်ဆက်ပြီး ... ကားတံခါးဖွင့်ဆင်းနေစဉ် သူ ကားရပ်ထားရာနေရာနှင့် တည့်တည့်တွင်ရှိသောစတိုးဆိုင်လေးထဲသို့ အကြည့် ရောက်သွားသည်။ အမှတ်မထင်ကြည့်မိ၍ အမှတ်မထင်မျက်နှာပြန်လွှဲမိရာမှ အသေအချာထပ်ကြည့်မိသည်။ ထိုအချိန်တွင် ... သူ့ရင်၌ ထိတ်ခနဲအရှိန် ပြင်းပြင်းတစ်ချက် ရိုက်ခတ်သွားခြင်းဖြစ်သည်။

စတိုးဆိုင်ထဲမှ သူမကလည်းလှမ်းကြည့်နေသည်။ သူ့ကားတံခါးဆီသို့ ကိုရောက်လာသည့် ယုယခင်ကိုလှမ်းကြည့်ခြင်းသာ ဖြစ်ပါလိမ့်မည်။

"ကိုကို ... ဘိုင့်ဘိုင် ... ဆီးယူ"

ယုယခင်က လက်ကလေးလှုပ်ရမ်းပြီး နှုတ်ဆက်နေပြီ။ သူ စတိုးဆိုင် ထဲသို့ထပ်ကြည့်ရန် မည်သို့မျှအခွင့်မသာတော့။ ကားကိုမောင်းထွက်လာရတော့ သည်။ ဤသို့ဖြင့် ယုယခင်ကိုလိုက်ပို့တိုင်း ... ထိုနေရာတွင်ပင် ကားကိုရပ်၍ ထိုကဲ့သို့ပင် ငေးကြည့်ခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါ ... သူမကတော့ တစ်ကာကာပ်မှန် အလုံပိတ်ကားထဲမှသူ့ကို မြင်နိုင်မည်မဟုတ်။

ဒီနေ့တော့ ယုယခင်ကိုလိုက်ပို့လျှင် သုံးနေကျရွှေငါးကိုမမောင်းမိဖို့ သူ သတိပြုဆင်ခြင်လိုက်သည်။ အနက်ရောင်မတ်အိပ်ကဲစ်ကို စတိုးဆိုင်ရှေ့ တည့်တည့်တွင် ညင်သာစွာရပ်လိုက်သည်။

ကားတံခါးကိုဖွင့်ဆင်းပြီး ဆိုင်ထဲသို့လှမ်းကြည့်စဉ် သူမထံမှ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လမ်းတွင်တိုးတိုက်မိသဖြင့် ရင်မှာလှပ်ခနဲခံစားလိုက်ရသည်။ ပစ္စည်းရှာဟန်ဆောင်ပြီး ဆိုင်ထဲတွင်လှည့်ပတ်ကြည့်ကာ သူမကိုခိုးငေးလိုက်သေးသည်။ ထို့နောက်မှ အသုံးဝင်ရာပစ္စည်းတချို့ကောက်ယူပြီး သူမရှေ့ကိုချပေးကာ...

"ဘယ်လောက်ကျပါသလဲ"

သူမ၏ ဘယ်ဘက်လက်သူကြွယ်မှ အရောင်လတ်နေသော ပတ္တမြားလက်စွပ်ဝတ်ဆင်ထားသည်ကို သတိထားမိသည်။ ပတ္တမြားအသွေးဖြင့် သူမလက်ကလေးများ လှပနေခြင်းမဟုတ်သည်ကတော့ သေချာသည်။ ထိုဖြူနုသွယ်ပျောင်းသော လက်ချောင်းလေးများဖြင့် ကက်ကူလေတာကိုနှိပ်၍ သွက်လက်စွာကျသင့်ငွေကိုတွက်ချက်ပေးသည်။

"ရှစ်ထောင့်ငါးရာ ကျပါတယ်ရှင်"

ပန်းနုရောင်ပြေပြေနှုတ်ခမ်းလွှာအစုံမှ ထွက်ကျလာသည့် ချိုလွင်အေးစေးသံက သူ့ကိုရည်ညွှန်းတာသေချာသည်။ သူ့ရင်ကိုလည်း အေးမြစွာစီးဝင်သွားလေသည်။ ပြောရင်း သူ့မျက်နှာကိုမော့ကြည့်သည့် သူမက ခိုးငေးနေသည့် သူ့မျက်ဝန်းကို တန်းမိသည်။

ဖြူဖွေးလွှလွှပါးပြင်နှစ်ဖက် ... အချိုးကျ ပြေပြစ်လှပသောနှာတံသွယ်လျှပါးလှပ်သော နှုတ်ခမ်းတစ်စုံ ... ထူထဲသောမျက်ခုံးတန်းများအောက်ရှိ လှပသောမျက်ဝန်းတစ်စုံတို့ဖြင့် ... ရစ်မူးဖွယ် သူမအလှကို ... သူ အနီးကပ် ခံစားမေ့မျောသွားမိသည်။

သူမမျက်ခုံးတန်း နှစ်ခုတန်းနေရာမှ တွန့်ကွေးတော့မှ သူ့အငေးလွန်အကြည့်ရိုင်းမိသည်ကို သတိရကာ ... သူမအလှကို ရင်မှာသိမ်းထုပ်၍ ကျသင့်ငွေကိုထုတ်ပေးမိသည်။ သူမက ပိုငွေကိုပြန်အမ်းရင်း ...

"အားပေးတာ ကျေးဇူးတင်ပါတယ်၊ နောက်လည်း လိုအပ်တာရှိရင် လာဝယ်နိုင်ပါတယ် ရှင်"

သူ့ဘက်က ဆက်နေချင်သေးသော်လည်း အကြောင်းရင်းမရှိတော့ပြီမို့ ...

"ခွင့်ပြုပါဦး"

သူမက ပြုံးမြမြဖြင့် ခေါင်းညိတ်ပြသည်။

သူ ... ကားဆီသို့ လှည့်ထွက်လာခဲ့ရပေမယ့် ... သူ့ရင်က



www.burmeseclassic.com

www.burmeseclassic.com



သူမတံခါးတွင် တဝဲလည်လည်ကျန်ခဲ့သည်။ ကျောလယ်မက ဖြောင့်စင်းသွယ်ကျနေသော သူမဆံကေသာဖျားတွင် ကပ်ညိနေခဲ့သည်။

အခါခါအဝေးကြည့်ဘဝမှ သူမ ထံပါးတိုးကပ်မိချိန်တွင် သူ့ရင်ကိုသွက် သွက်ခါအောင်လှုပ်ခါယမ်းနိုင်သည်မှာ သေချာသွားတော့သည်။ ဂျပန်လျှင် ဗဟိုချက်မိသူလို ကားဆီသို့ ဒယိမ်းဒယိုင်လျှောက်ခဲ့ကာ … ကားပေါ်ရောက်မှ စတစ်ကာကပ်ကားမှန်အားကိုနှင့် သူမကိုပြန်ရှိုးမိသည်။

သူမကတော့ ဥပေက္ခာဒေဝီပမာ … သူမအာရုံကျရာ သူမရှေ့ရှိဖက်ရှင်မဂ္ဂဇင်းမှာ အကြည့်ကိုစေစားလျှက် …

သူလည်း ကားစက်နှိုးကာ မောင်းထွက်ရန်မှတပါး … တခြားမရှိပြီမို့ …

❀✎❀

ဒီနေ့တော့ … စိုးမိုးသူတစ်ယောက် ငံဆိုးလေပြီ။

မနက်(၉)နာရီမှအိပ်ရာထပြီး ဗိုက်ဆာဆာနှင့် ထမင်းစားခန်းထဲသို့ဝင်။

"မေမေ … ဘာစားရမှာလဲ"

"ရှိပါ့တော် … လာထိုင်"

ရှိသမျှ စားပွဲပေါ်တွင် မုန့်ပန်းကန်မျိုးစုံသာမက ဖေဖေအပါအဝင် မိသားစုစုံစုံညီညီရှိနေသည်။ ခါတိုင်း ခုနှစ်နာရီကျော်သည်နှင့် အိမ်မှထွက်တတ်သည့်ဖေဖေက ဘာကြောင့် ခုချိန်ထိ အိမ်မှာရှိနေရလဲမသိ။ ဖေဖေက တစ်ချက်လှမ်းရှိုးလိုက်သဖြင့် … ကိုယ်ရှိန်သက်လိုက်ရသည်။ မေမေနှင့်မမက ပြုံးလိုက်ကြသည်။

စားပွဲတွင်ထိုင်၍ ကော်ဖီတစ်ငုံပဲသောက်ရသေးသည်။ ဖေဖေ့ထံမှ။

"ကဲ … အချိန်ပြည့်သဝေထိုးနေတဲ့ ကိုစိုးမိုးသူ … ဒီနေ့တော့ ဘယ်ကိုဂိုးဖို့ အစီအစဉ်ရှိပါသလဲ"

သူ့အဖေ၏ရွဲ့တဲ့တဲ့လေသံကြောင့် စိုးမိုးသူ … သံစဉ်ရော … တီးပါ ချိန်းလိုက်ရသည်။

"အဟဲ … ဖေဖေကလည်း … ဒီနေ့ခရီးစဉ်ကတော့ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com

ဝေးတယ်၊ ဟိုကောင်မင်းထွဋ်လေ ...သူ မော်ဘီဘက်မှာခြံဝယ်ဖို့ကိစ္စ ... သားနဲ့အေးဝင်းကိုတို့ကိုပါ လိုက်ကြည့်ပေးပါဆိုလို့"

"အဲဒီခြံမှာ မင်းတို့နှစ်ယောက်ပါ အတူတူဝင်လုပ်မှာလား"

"အဲဒါကတော့ ... သားက ... အဲဒီအလုပ်ကို ဝါသနာမပါတော့"

"အဲဒါကိုတော့ ဝါသနာမပါဘူး၊ ပွဲရုံမှာလိုက်လေ့လာပါဆိုတော့လည်း စိတ်မဝင်စားဘူး၊ မင်းက ဘယ်တော့မှ ဘယ်အလုပ်ကိုစလုပ်ဖြစ်မှာလဲ ... လပ်လျားလပ်လျားလုပ်နေတာကတော့ ကြာလှပြီ၊ ကျောင်းပြီးတာလည်း တစ်နှစ်ကျော်ပြီ"

"ဟုတ်တယ် ဖေဖေ ... မောင်လေးကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး"

"မမနော် ... "

"ဘာ မမနော်လဲ ... "

"သားလုပ်ချင်တာကျတော့ ဘယ်သူမှ အရင်းအနှီးမထုတ်ပေးကြဘဲ နဲ့"

စိုးမိုးသူက ကလပ်ဖွင့်ချင်သည်ဆိုပြီး ဂျီကျနေသည်မှာကြာပြီ။ နေရာကောင်းလေးတွင် သူ့အဖေဝယ်ထားသည့်ခြံလည်း အသင့်ရှိနေသည်။ ခက်သည်က ထိုအလုပ်ကို သူမှလွဲ၍ တစ်အိမ်သားလုံးသဘောမကျကြ။ စိုးမိုးသူလုပ်ချင်သည်ကို လုပ်ခွင့်မရသည့်အပြင် ... နောက်ဆုံး ထိုခြံကိုအသံသွင်းစတူဒီယိုလုပ်ငန်း လုပ်မည့်သူတစ်ဦးအား ငှားလိုက်ခြင်းဖြင့် အဆုံးသတ်သွားသည်။ ထိုအချိန်မှစ၍ အလုပ်အကြောင်း အိမ်မှသိပ်မပြောတော့သဖြင့် ... စိုးမိုးသူလည်း လွတ်ငြိမ်းချမ်းသာခွင့်ရကာ မှန်မှန်ပွေးနေတော့သည်။

ခုတဖန် ... မင်းထွဋ်က မော်ဘီဘက်တွင် သုံးယောက်စုပြီးခြံတစ်ခြံဝယ်ရန် ... လုပ်ငန်းလုပ်ရန်ဇာတ်လမ်းစလာသဖြင့် ဖေဖေလည်း သူ့ဇာတ်ပြားဟောင်းကြီးကိုဖွင့်ရန် ဇာတ်စက်အဟောင်းကြီးကို ဖုန်သုတ်၍သံပတ်လှည့် အပ်ထဲလုပ်လာခြင်းဖြစ်သည်။

မကြာမီလာတော့မည် ... ပွဲရုံမှာ လုပ်မလား ... နိုင်ငံခြားမှာ ကျောင်းဆက်တက်မလား ... နိုင်ငံခြားမှာ အလုပ်လုပ်မလား ... နောက်ဆုံး နိုင်ငံခြားသင်္ဘောတက်မှာလား ... စသည်ဖြင့် အခန်းဆက်ဇာတ်လမ်းတွဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လွှင့်တော့မည်။ ဘာပဲဖြစ်ဖြစ် သူ တစ်ခုခုတော့ပြောမှဖြစ်တော့မည်။

"ပြည်တွင်းမှာပဲ ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုလုပ်မှာပါ ဖေဖေရာ ... သားလည်း အလကားမနေပါဘူး ... လေ့လာနေတာပါ"

"အောင်မာ ... လေ့လာနေတာ ... ဘယ်နှစ်နှစ်ကြာအောင် လေ့လာမှာလဲ"

"ဖေဖေကလည်း ... သားကငယ်ပါသေးတယ်"

သူ့စကားကြောင့် ... သူ့အမေနှင့်အစ်မက ထပြီးဟားတိုက်ရယ်ကြသည်။ သူ့အဖေကတော့ ရုပ်တည်ကြီးနှင့်ကြည့်ကာ ...

"အငယ်ကောင် ... မင်းကိုယ်မင်း ပြန်ငုံ့ကြည့်ဦး၊ ရည်းစားကတော့ မိုးလိုပေါက် တစ်ယောက်ပြီးတစ်ယောက်ပြောင်း၊ မင်းအနေအထိုင်မတတ်လို့ မြေးပေါက်များပြီးကပ်ပါလာရင် ... မင်းပါ အိမ်ပေါ်ကဆျောင်းရမယ်၊ သိလား"

"သိသားပဲ ... "

"ဘာသိသားပဲလဲ"

တိုးတိုးလေးပြောသည်ကို သူ့အဖေက ကြားဖြစ်အောင်ကြားသွားသည်။ ထို့ကြောင့် အကူအညီရလိုရငြား ... အမေနှင့်အစ်မဘက် လှည့်ကြည့်ရာ ပြုံးစိစိနှင့်ဝိုင်းကြည့်နေကြသည်ကို တွေ့ရသဖြင့် ...

"သိပါတယ်လို့ ... ပြောတာပါ ဖေဖေရဲ့ ... နော် မေမေ"

"ဟုတ်ပါတယ် ... တော်ကလည်း ကြားချင်ရကြားပြီး ကျွန်မသားကိုပဲ ဖိပြောနေတယ်"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ဒါဆိုလည်း အကောင်အထည်ဖော်မယ်ဆိုတဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကြီးအတွက် လေ့လာမှုကို တစ်လအတွင်း အဆုံးသတ်ပြီး၊ သုံးလအတွင်း အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပါ။ ဟုတ်ပြီနော် ... ပီပြင်တဲ့စီမံချက်ကိုတော့ တစ်ပတ်အတွင်းဖွင့်ဟပေးပါဗျာ"

ပြောပြီးပြီးချင်း ... လက်ဖက်ရည်ဝိုင်းမှ သူ့အဖေထသွားသဖြင့် မိုးသူ အသက်ရှူချောင်သွားရတော့သည်။

"ကဲ ... မောင်လေး ... ဒီတစ်ခါ ဖေဖေက ချီချီသာသာပြောသမယ့် တားဂတ်ဒိတ်က တိကျတယ်နော်၊ မင်းဘက်က ပီပြင်ပါ့မလား"

သူက လက်မထောင်ပြပြီး ...

---

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း ... စိုးမိုးသူပါ"

သူ့အမေကတော့ ပြုံးကြည့်နေသည်။

သူ့ဘက်က ကျိုတ်၍စီစဉ်သလောက် စီစဉ်ထားပြီးဖြစ်သည်။ စိတ်လွတ်ကိုယ်လွတ်ကဲချိန်လေး ပိုရစေရန် အချိန်ဆွဲနေခြင်းဖြစ်သည်။ ယခု သူ့အဖေက ကြာပွတ်သံပေးပြီဆိုတော့ ... သူ ... လှုပ်ရှားရတော့မည်မှာ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

“အန်တီ ... ဝင်းကိုရှိလား”

“ရှိပါ့တော် ... ဟိုမှာလေ”

အေးဝင်းကိုအမေ မေးငေ့ါပြရာကို စိုးမိုးသူလှမ်းကြည့်လိုက်တော့ သူ့ထံ ပြုံးဖြီးဖြီးနှင့်လှမ်းကြည့်နေသည့် ဖက်တီးကိုတွေ့ရသည်။

“ပြိတ္တာအူမြူးနေတယ်ပေါ့ ... ဆန်ရေစပါး ပေါများတော့မယ်”

“မင်းဟာလေ ... လှူမြင်တာနဲ့ နှိပ်ကွပ်ဖို့ပဲချောင်းနေတဲ့ လဒပဲ ဒီမှာကြည့်”

ဝင်းကိုက လက်ထဲမှဖတ်လက်ဖက်အုပ်ကို ထောင်ပြသည်။ တာရာပွကြီး ရုပ်ပြစာအုပ်အဟောင်း ဖြစ်နေသည်။

“လာ ... တက်လာခဲ့”

ဝင်းကိုထိုင်နေရာနေရာမှာ သူတို့အိမ်ခေါင်းရင်းခြံဒေါင့်နားရှိ သရက်ပင်ကြီး၏ ဆယ်ပေခန့်အမြင့်ခွဆုံတွင် လင့်စင်ပုံစံ သစ်သားနှင့်ရိုက်ထားသည့် ကွပ်ပျစ်ပေါ်တွင်ဖြစ်သည်။ ထိုလင့်စင်မှာ သူတို့ဆယ်တန်းကျောင်းသားဘဝတွင် စာကျက်ရန်အကြောင်းပြ၍ လက်သမားနှင့် စနစ်တကျတက်ရိုက်ခိုင်းထားခြင်းဖြစ်သည်။ သုံးယောက် ကျယ်ကျယ်ဝန်းဝန်းလူးလိမ့်အိပ်နိုင်သည်။ နေ့နေ့ညည လိုအပ်လျှင် သူတို့အနားယူနိုင်သည့် ရုက္ခစိုးဗိမာန်လေးဖြစ်သည်။

စိုးမိုးက လင့်စင်ပေါ်တက်လာပြီး ရောက်ရောက်ချင်း ပက်လက်ကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ဟာကောင် … အချိန်ပြည့်လှုပ်လှုပ်ရွရွ ဆတ်ဆတ်လူးခါနေတဲ့ကောင်က ခုလိုအငြိမ်ဖယောင်းလုပ်ပြနေတော့ … မျက်စိထဲမှာတစ်မျိုးကြီးကွ ထူးထူးခြားခြားကြီးဖြစ်နေတယ် … ဘာဖြစ်နေတာလဲ"

"စဉ်းစားစရာလေးတွေ ရှိနေလို့ကွ"

"လုပ်ပြန်ပြီ နောက်တစ်မျိုး … တစ်ရက်တည်းနဲ့ ထူးခြားဖြစ်စဉ်တွေ အကြိမ်ကြိမ် မထုတ်လွှင့်နဲ့လေကွာ"

စိုးမိုးက ဝင်းကိုဘက်လှည့်ကာ ဘေးတစ်စောင်းပြောင်းလိုက်ပြီး။

"ဟေ့ကောင် … ငါစီးပွားရေးလုပ်ရင် မင်းရှယ်ယာထည့်ပြီး လိုက်လုပ်မှာလား"

"သိပ်လှုပ်လှုပ်ရှားရှား ပင်ပင်ပန်းပန်းမလုပ်ရတဲ့ အလုပ်မျိုးဆိုရင် လုပ်မယ်"

"မင်းကလည်း … မဟုတ်တာက စဉ်းစားနေတယ်"

"ဒီမှာကြည့်လေ … ငါက မင်းတို့လိုပေါ့ပေါ့ပါးပါးမဟုတ်ဘူးကွ၊ လှုပ်လှုပ်ရှားရှားလုပ်ရင် မင်းတို့ထက်ပိုမောတတ်တယ်"

ဝင်းကိုက အိုဗာဝိတ်ဖြစ်နေသည့် သူ့ခန္ဓာကိုယ်နှင့်ဗိုက်ကို ပုတ်ပြသည်။

"အေးလေ … မင်းက မပေါ့မပါးကြီးဖြစ်နေတာကိုး … "

"ခွေးကောင် … "

ဝင်းကိုက … စိုးမိုးကို မထိတထိလှမ်းထိုးရင်း ရယ်သည်။ စိုးမိုးပါ လိုက်ရယ်ရာမှ မျက်နှာပိုးသတ်ပြီး …

"မနေ့က ငါ့ဘိုးတော်က ငါ့ကိုဝမ်နင်ပေးလိုက်ပြီကွ"

"ဘာအတွက်လဲ"

စိုးမိုးသူက အလုပ်လုပ်ခိုင်းသည့်ကိစ္စ အပြည့်အစုံပြောပြလိုက်သည်။

"အဲဒီတော့ … မင်းက ဘာလုပ်ဖို့စိတ်ကူးထားလို့လဲ"

"မင်းကို ငါတစ်ခါပြောဖူးတယ်လေ … 24 Mart ဖွင့်မလို့"

"မင်းကိုလည်း ငါပြောဖူးတယ်လေ … ငါတို့ရပ်ကွက်မှာ ပြုတ်သွားတာ နှစ်ဆိုင်ရှိသွားပြီလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက သူတို့ နေရာအရွေးမတတ်လို့ပါကွာ ... ငါရွေးပြပါ့မယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဆိုင်ကိုလူသိဖို့ တစ်နှစ်လောက်တော့အရှိန်ယူရမှာပဲ ... မင်းဆရာ ... ငါ ... လုပ်ပြပါ့မယ်ကွယ်၊ ဟောဒီစိုးမိုးသူလုပ်ရင် မင်းပါ လိုက်လုပ်မလား ... ဒါပဲပြော"

"အေးပါကွာ ... မင်းထွဋ်ရဲ့အလုပ်ကို ပင်ပင်ပန်းပန်းမို့ လိုက်မလုပ်ချင်ဘူးဆိုတော့ ... မင်းအလုပ်ကိုပဲ ဝင်လုပ်ရတော့မှာပေါ့၊ မသကာ ... ငွေမပေါ်အရင်းပြုတ်ဘဝထက်တော့ ပိုဆိုးဖို့မရှိပါဘူး"

"ဘာမှစိတ်မပူနဲ့ သူငယ်ချင်း ... အောင်မြင်နေတဲ့ဆိုင်ကို ငါလေ့လာသင့်သလောက် လေ့လာပြီးပြီ ... အခု ... လူတစ်ယောက်ကိုတွေ့ဖို့စောင့်နေတာ ... သူ့ဆီက အသိပညာတချို့ ရယူဖို့ရှိသေးတယ်"

"မင်းဘိုးတော်က ဒီအလုပ်ကို သဘောတူပြီလား"

"ငါအသေအချာလေ့လာပြီး ... ထိုက်သင့်သရွှေစီစဉ်ပြီးမှ အသိပေးမှာ ... အဲဒါမှခွင့်မပြုချင်လည်း ပြုရမှာ ... နို့မို့ ... အရင်တစ်ခါလို Night Club ဖွင့်မယ့်အစီအစဉ်ပျက်ရသလို ဖြစ်သွားမယ်"

ပြောပြောဆိုဆို အတင်းဆွဲထူသည်။

"ဘယ်လဲဟ ... ဖွတ်ပဲ ... ခုနပြောတဲ့ စတိုးဆိုင်ကိုစွပဲလား"

"ရောက်တော့သိမှာပေါ့"

ဝင်းကို ကားတံခါးပိတ်ပြီးသည်နှင့် ကားကို ဝေါခနဲမောင်းထွက်လိုက်သည်။ ခါးပတ်ပတ်လေ့မရှိသည့် ၎င်းကိုမှာ ဝက် ... ဝက်လူးအိုင်ထဲပြုတ်ကျသလိုဖြစ်သွားတော့သည်။

"မင်းလုပ်လိုက်ရင်လေ ... သောက်ရမ်းချည်းပဲ"

ဝင်းကို၏ ကိုးရိုးကားယားပုံစံကိုကြည့်ပြီး ... စိုးမိုးက တဟီးဟီးရယ်သည်။

"အူမြူးမနေနဲ့ ... ရှေ့ကိုကြည့်မောင်း ... လမ်းကိုအာရုံစိုက်"

စိုးမိုးကလည်း လမ်းပေါ်တွင် ပြေးလွှားနေသည့်ကားများကို တစ်စီးပြီးတစ်စီးကျော်နိုင်ဖို့ကိုသာ အာရုံစိုက်သည်။ တစ်ဆက်တည်း ဟဲဗီးမက်တယ်သီချင်းများကို အသံကျယ်ကျယ်ဖွင့်လိုက်သည်။

သွေးသားကို ဆူပွက်မြူးကြွစေသောတေးသွားများက ကားထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ညံ့နေသည်။ ဘော့စ်အသံ ကျယ်ကျယ်ဖွင့်လိုက်သည်။

ဝင်းကိုက ကားကူရှင်ကိုနောက်သို့လှန်လိုက်ပြီး ပေါက်ကွဲသံစဉ်ကို လိုက်၍ဟစ်ကြွေးနေသည်။

သိပ်မကြာမီမှာပင် သူမဆိုင်နားရောက်လာသည်။ သူမဆိုင်ကို လှမ်းမြင်နိုင်သည့် လမ်းတစ်ဘက်ခြမ်းရှိ ကွမ်းယာဆိုင်လေးနားတွင် ကားကိုထိုးရပ်လိုက်သည်။

"ဘယ်ရောက်နေတာလဲဟ ... ငါ့ကို ဘယ်ခေါ်လာတာလဲ"

စိုးမိုးသူက ဘာမှပြန်မပြော ...ကားတံခါးဖွင့်ကာ ဆင်းပြီး ကွမ်းယာဆိုင်ရှေ့သွားရပ်သည်။

"စင်ဂနယ်နဲ့ ငါးရာဖိုးပေး ... ညီလေး"

အေးဝင်းကိုက သူ့အနားလာရပ်ကာ သူလှမ်းကြည့်နေသည့် သူမရှိရာ စတိုးဆိုင်ဆီ လိုက်ကြည့်သည်။

"ဩော် ... အဲဒီစတိုးဆိုင်ကလည်း ၂၄နာရီဖွင့်တဲ့ဆိုင်ပဲလား၊ အဲဒီဆိုင်မှာ လေ့လာမလို့လား"

"အဲဒီဆိုင်က ၂၄နာရီဖွင့်မဖွင့်တော့ ငါမသိဘူး၊ ငါ့ရင်ကိုငြိတာကတော့ ၂၄နာရီပဲ"

"ဘာကြောင့်လဲ ... ဘာတွေဆက်စပ်နေလို့လဲ"

ကွမ်းယာသယ်ကုလားပေးသည့် ကွမ်းထုပ်ကိုလှမ်းယူပြီး တစ်ရာထုတ်ယူကာ ဝင်းကိုပါးစပ်ထဲ ထိုးထည့်ပေးလိုက်သည်။ ကျန်အထုပ်ကိုလည်း လက်ထဲထည့်ပေးကာ ... စတိုးဆိုင်ဘက်သို့ လှမ်းငေးလိုက်ပြန်သည်။ တိုက်တိုက်ဆိုင်ဆိုင် သူမ ဆိုင်ထဲမှထွက်လာသည်ကို တွေ့လိုက်ရသည်။

"ဟိုမှာလေ ... "

သူညွှန်ပြရာသို့ ဝင်းကိုက ပြူးပြဲကြည့်ရင်း ...

"ကောင်မလေးတစ်ယောက်လေ ... အဲဒါ ဘာဖြစ်လဲ"

"အဲဒါ မင်းတို့ကို ငါပြောပြောနေတဲ့ ကောင်မလေးပေါ့ ... ဒါယုယခင်တို့လမ်းလေ ... ဘယ်လိုလဲ ... ကောင်မလေး မိုက်တယ်မဟုတ်လား"

"ငါ့မျက်စိထဲတော့ မင်းရဲ့အရင်ဟာတွေနဲ့ သိပ်မကွာဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုစကားကို စိုးမိုးကဂရုမစိုက်တော့။ လမ်းပေါ်သို့ ထွက်လာနေသည့်သူမကိုသာ မမှိတ်မသုန်စိုက်ကြည့်နေလိုက်သည်။ သူမက အပြင်ထွက်မည့်ဟန်နှင့် အညိုရောင် Shopping Bag ခပ်ကြီးကြီးကိုကိုင်ထားသည်။

"မင်း ... ကားထဲမှာ ခဏစောင့်နေ"

"လုပ်ပြန်ပြီကွာ ... ပြဿနာပဲ ... ဒါကြောင့်မို့ မင်းခေါ်ရာကို ဒိမလိုက်ချင်တာ ... ဟိုတစ်ခါ သက်သက်ခိုင်နဲ့ချိန်းတုန်းကလည်း အလုပ်လုပ်နေတုန်းကို အတင်းဆွဲခေါ်လို့ လိုက်ရတယ်၊ ခဏဆိုပြီးခေါ်တာ ညရှစ်နာရီမှ အိမ်ပြန်ရောက်တယ်၊ အိမ်ဝကစောင့်နေတဲ့ဘိုးတော်က ဆီးပြီးနားရင်းနှစ်ချက်ကျွေးလိုက်တာ နှစ်ရက်လောက်စပ်ဖျင်းဖျင်း အရသာခံစားလိုက်ရတယ်"

စိုးမိုးသူက ဟတ်ခနဲရယ်လိုက်ပြီး ...

"ဒီတစ်ခါ အရင်လိုမဖြစ်စေရဘူး၊ စိတ်ချ ... ကားပေါ်မှာ အေးအေးဆေး ဘွမ်းဝါး ... သီချင်းနားထောင်ရင်းစောင့်နေ ... အိုကေ ... ညီလေးက သိမ္မာပြီးသား"

ပြောပြောဆိုဆို ... သူမနောက်သို့ ခပ်သွက်သွက်လှမ်း၍ လိုက်သည်။ လမ်းမပလက်ဖောင်းပေါ်တွင် လူရှင်းနေသည်။ ခပ်ဝေးဝေးရှိ ဘတ်စ်ကားမှတ်တိုင်ဆီသို့ သူမလျှောက်လှမ်းနေခြင်းဖြစ်သည်။ သူမ၏ နွဲ့နှောင်းညင်သာဟန် လျှောက်လှမ်းနေပုံမှာ သူ့အတွက် အလွန်လှနေသည်။ တမင်လုပ်ခါနေခြင်း မဟုတ်သည့် ကျခြေရရအလှုပ်အရမ်းနှင့် သူမ၏နောက်ပိုင်းအလှက သူ့ကို ရင်ခုန်နှုန်းတို့တိုးမြင့်စေသလိုလို ... အာခေါင်ကိုပဲ ခြောက်စေသလိုလို...

ကျောလယ်မက စင်းဖြာကျနေသည့်ဆံစများက သူမလျှောက်လှမ်းချက်တိုင်း လွင့်လွင့်ဝဲဝဲ ... ယမ်းယမ်းခါခါ ... သူမနှင့် လက်တစ်ကမ်းအကွာအရောက်တွင် သူမထံမှ ရေမွှေးနံ့နှင့်အတူ ကိုယ်သင်းနံ့သင်းသင်းလေးတို့ ရလိုက်သည်။

သူမအနားသို့သာ ရောက်လာသည်။ သူ ... ဘယ်က ဘယ်လို စရမည်မှန်းမသိသေး ... မိန်းကလေးပေါင်းများစွာကို စကားလိုက်ပြောစဉ်က ခုလောက်ရင်မခုန် ... ခုတော့ ... ဒူးပါတုန်ချင်နေသည်။ စကားစရန်ပင် ကြိုးစားမရ ...

သူမနှင့် ဘေးချင်းယှဉ်လျှောက်မိစဉ် သူမက တစ်ချက်ဝေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင်တော့ အတွေ့အကြုံက စကားပြောသည်။ သူ ... ဖျတ်ခနဲ ပြုံးပြ ပစ်လိုက်သည်။ သို့သော် ... သူမကတော့ ဘာလာကြောင်တာလဲဟူသော အကြည့်ဖြင့် မျက်မှောင်ကြုတ်ကာ ရှေ့ပြန်လှည့်သွားသည်။

သူ၏ နာမည်ကျော်အပြုံးက ပစ်မှတ်ကိုမထိခိုက်နိုင်ဖြစ်သွားခြင်း ဖြစ်သည်။ ယခင်ကောင်မလေးများဆိုလျှင် ... ရှက်ပြုံးလေးပဲပြုံးပြုံး ... ခစ်ခနဲ ပဲရယ်ရယ် ... ရှက်ရိပ်သန်းသည့်မျက်နှာလေးကိုဖွက်ရန် ခေါင်းလေးပဲငုံ့ငုံ့ တစ်စုံတစ်ခုတော့ ခံစားပြတတ်သွားကြသည်။ ယခု ... သူမကျမှပင် သူ စိတ်ဓာတ်ပါကျချင်လာသည်။

ကျွန်တော့်နာမည် စိုးမိုးသူပါဟု ... ဖွတ်အတင်း မိတ်ဆက်မိလျှင် အနည်းငယ်ကြောင်သွားနိုင်သည်။ နာမည်ဘယ်လိုခေါ်လဲဟုမေးလျှင် ပြန်မဖြေဘဲ ပေစောင်းစောင်းပြန်ကြည့်သည်ကိုသာ ခံရနိုင်သည်။ ဘယ်သွားမလို့လဲဟု မေးလျှင် ပိုင်စိုးပိုင်နင်းပြုရာကျမည်။ စိတ်ဝင်စားလို့လိုက်လာတာပါဟု ပြော လျှင်လည်း မဖြစ်သေး ...

စိတ်ထဲတွင်ပင် အမျိုးမျိုးရိပ်ဖာဇယ်လုပ်ကြည့်ခြင်းဖြင့် ကားမှတ်တိုင် ကို ရောက်သွားတော့သည်။ နှစ်ဦးသား မလှမ်းမကမ်းတွင် ဘေးချင်းယှဉ်မိကြ သည်။ သူမက ... လက်မှရွှေရောင်လက်ပတ်နာရီလေးကို ငုံ့ကြည့်သည်။ ဘတ်စ်ကားလာရာလမ်းကို လှမ်းမျှော်ကြည့်သည်။ သူကတော့ ... အချိန်ပြည့် နီးပါး သူမကိုသာ ခိုးခိုးကြည့်သည်။

သူမက သူ့ကို ရှိသည်ဟုပင်မှတ်ပုံမရ။ သူ့ဘက်သို့ ဝေ့ဝေ့ဝဲဝဲအကြည့် လေးတစ်ချက်ပင်မလာ ... စောစောကအကြည့်တစ်ချက်တွင် ပြုံးပြခံလိုက် ရသဖြင့် မှတ်သွားတာလည်းပါပေမည်။

မကြာမီ ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ လူတချို့ ဆင်းလာကြသည်။ သူမလည်း ကားပေါ်တက်ရန်ခြေလှမ်းပြင်သည်။ ထိုအခိုက် သူ့ကို တစ်ချက်ဝေ့ကြည့်သည်။ သူ ... ပျော်သွားတော့သည်။ သူမသွားရာ လိုက်ရပေတော့မည်။ လမ်းပေါ်တွင် ကျန်နေခဲ့သည့် သူ့ကားနှင့်ကားပေါ်တွင် ကျန်ခဲ့သည့် အေးဝင်းကိုတို့ကို မေ့သွားတော့သည်။

သူ ကားပေါ်တက်ရန် ကားတံခါးနားသို့တိုးလျှောက်စဉ် ... ကားပေါ် ရှိ လူအုပ်ကြားမှ တိုးထွက်လာသောမျက်နှာတစ်ခုကို မြင်လိုက်ရသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကို ချက်ချင်းဒက်စတော့အုပ်ကာ သုံးလှမ်းခန့် ဘေးတိုက်ရွှေ့လိုက်ရသည်။ သို့သော်လည်း ကားပေါ်မှဆင်းလာသူကိုတိမ်းရှောင်ရန် မဆိုစလောက် နောက်ကျသွားတော့သည်။ ထိုဆင်းလာသူမှာ သူ၏လက်ရှိချစ်သူ ယုယခင်မို့။

"ဟိတ် ... ကိုကို ... အံ့မယ် ... ထူးထူးခြားခြား မှတ်တိုင်မှာ ရပ်နေတယ်၊ ဘတ်စ်ကားတွေဘာတွေ စီးတော့မယ်ပေါ့"

သူဘေးတိုက်အရွှေ့မြန်၍သာ တော်တော့သည်။ နို့မို့ ... တော်တော် ရှုပ်ထွေးသွားနိုင်သည်။ သူက ဟန်ဆောင်အပြုံးတစ်ခုကို ခပ်မြန်မြန်ဖန်တီး လိုက်ရင်း ...

"မင်းဆီလာတာလေ ... မင်းအပြင်သွားတယ်ဆိုလို့ မှတ်တိုင်မှာ ဆုံလိုဆုံငြား လာစောင့်ကြည့်တာ"

"အောင်မာ ... ထူးထူးခြားခြား ... ဘာကိတ် ... "

"လွမ်းလို့"

ခစ်ခနဲရယ်ရင်း သူ့လက်ကို သူမလာတွဲသည်။ အပျော်မျက်နှာကို သူမဖုံးကွယ်၍မရ ... သူ့အတွက် ပိုခက်သွားသည်။ မတွဲပါနဲ့ပြောလျှင်လည်း မဖြစ်။ တွဲသွားလျှင် ... တစ်ရပ်ကွက်လုံးသိကုန်မြင်ကုန်၍ ကြော်ငြာထိုးသလို ဖြစ်တော့မည်။ သူ ခေါင်းကုတ်ကာ ဉာဏ်နီဉာဏ်နက်ထုတ်ရတော့သည်။

"လာကိုကို ... ဟိုဘက်ရပ်ကွက်ထိပ်က အအေးဆိုင်မှာ သွားထိုင်မယ်"

"ခဏလေး ယုယ ... ဒီမှာ ခဏလေးစောင့် ... ကိုကို ခုပဲပြန် လာမယ်"

"ဘယ်ကိုသွားမလို့လဲ ကိုကိုရဲ့"

"အအေးဆိုင်ကို လမ်းမလျှောက်ဘဲရောက်အောင်လို့လေ ... သုံး မိနစ်ပဲစောင့်"

ပြောလည်းပြော ထွက်လည်းထွက်လာခဲ့လိုက်သည်။ ကားနား ရောက်တော့ ဝင်းကိုက ဟောက်တောင်ဟောက်နေပြီ။ သူ ကားပေါ်တက်ပြီး စက်နှိုးလိုက်တော့မှ ...

"သောက်ပလုတ်တုတ် ... လုပ်ပါဦးဟ ... ဘာတွေဖြစ်ကုန် ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှပြုတ်မကျသေးဘူး၊ ကိုယ့်ဖာသာကိုယ်ပြန်စမ်းကြည့် သူနေရာနဲ့သူကွက်တိပဲ ... ရှိတယ်"

"နေ ... နေပါဦး ... အခုပြန်ရပြီလား"

စိုးမိုးသူက ဘာမှပြန်မဖြေ။ ဝင်းကိုစကားအဆုံး ... ကားကိုလည်း အရပ် ... ကွက်တိပင်။ ယုယခင် ရပ်စောင့်နေသည့်နေရာနှင့်လည်း ကွက်တိ

"လာ ... တက်"

မချိုမချဉ်မျက်နှာနှင့် ယုယခင်က ကားပေါ်တက်ထိုင်သည်။

ဝင်းကိုမျက်နှာကြီး ရှုံ့မဲ့သွားတော့သည်။

ကားလေးကတော့ ယုယခင်ပြောသည့် အအေးဆိုင်ဆီသို့ ...



www.burmeseclassic.com

www.burmeseclassic.com

**အခန်း (၄)**

"သားရေ ... မင်း အဖေ့ကို ပွဲရုံလိုက်ပို့လိုက်ဦး"

စိုးမိုးသူ ... သူ့အမေစကားကြောင့် ဖေဖေ့ကို ဘုရင့်နောင်လိုက်ပို့ရသည်။

"သားရေ ... မပြန်နဲ့ဦး ... ဖေဖေ ခိုင်းစရာတစ်ခုရှိသေးတယ်"

ဟိုင်းဒီငေးနှင့်လိန်ပိန်စောင့်ရသည်မှာ အချိန်တစ်နာရီခန့် ကုန်သွားသော်လည်း ဖေဖေဘာမှမခိုင်းသေး ... သူ မစောင့်နိုင်တော့။ ပွဲရုံထဲမှ အောက်သိုးသိုး ကုန်နံ့ပေါင်းစုံကိုလည်း သူ မခံစားနိုင် ... ထို့ကြောင့် ...

"ဖေဖေ မခိုင်းတော့ဘူးဆိုရင် ... "

သူ့အဖေက သူစကားမဆုံးမီ ... မျက်မှန်ပေါ်က ကျော်ကြည့်သည်။ ထိုအကြည့်က သူ့အတွက် အဓိပ္ပာယ်သိပ်မကောင်း ... ထို့ကြောင့် စကားကို တစ်ပိုင်းတစ်စနှင့်ရပ်ထားလိုက်ရသည်။ သူ့အဖေက လက်ပတ်နာရီကိုငုံ့ကြည့်ပြီး ...

"သွားဖို့အချိန်မတန်သေးဘူး ... မင်းပျင်းနေရင် ပွဲရုံမှာ ဘယ်လိုလုပ်ရှားရလဲ ... စီမံရလဲဆိုတာ ကြိုတုန်းလေးလေ့လာနေ၊ သိထားတတ်ထားရင် ... နောင်တစ်ချိန်လိုအပ်တဲ့အခါ သုံးလို့ရတယ်"

သူက စိတ်မပါသဖြင့် ကြည့်ချင်ယောင် ... လေ့လာချင်ယောင်ဆောင်ပြီး အချိန်ဖြုန်းရပြန်သည်။ ခေါင်းထဲတော့ တစ်ခုမှမဝင်။ သူ့အဖေက



www.burmeseclassic.com

www.burmeseclassic.com



လည်း သတိထားမိနေသည်။ ဆယ်နာရီထိုးကာနီးမှ ...

"ကဲ ... သားလာခဲ့ ... စော်ဘွားကြီးကုန်းက ဒီလိပ်စာအတိုင်း သွားလိုက် ... ပိုက်ဆံ သိန်းငါးဆယ်ပေးလိုက်လိမ့်မယ်၊ ဖေဖေ ဖုန်းဆက်ထားပြီးပြီ၊ ဖြောင့်ဖြောင့်သွား တန်းတန်းမတ်မတ်ပြန်လာနော် ... ဒီမှာ ကုန်ဖိုးတွေ ရှင်းဖို့ရှိတယ်"

"ဟုတ်"

ထို 'ဟုတ်' တစ်လုံးမဆုံးမီ လူက ကားပေါ်ရောက်နေပြီဖြစ်သည်။

ထို့နောက်တော့ ဖောင်းမှလွတ်သည့်မြင်းပမာ ...

အပြန်လမ်းကြောတွင် ကားအနည်းငယ်ချောင်နေသည်မို့ အချိန်ရတုန်း သူမဆီသွားချင်စိတ် ပြင်းပြင်းပြပြဖြစ်ပေါ်လာသည်။ ပွဲရုံပြန်ရောက်၍ ခြေချုပ်မိသွားလျှင် မလွယ်တော့။ ထို့ကြောင့် သူမတို့ရပ်ကွက်ဆီ လမ်းကြောင်းပြောင်းလိုက်သည်။ ထုံးစံအတိုင်း ကွမ်းယာဆိုင်လေးနားတွင် ကားရပ်လိုက်ပြီး စတိုးဆိုင်ထဲသို့ လှမ်းကြည့်လိုက်သည်။ ဆိုင်ထဲတွင် သူမကို ကွက်တိတွေ့ရသည်။ ကားပေါ်ကဆင်းပြီး ကွမ်းယာဆိုင်လေးဆီလျှောက်သွားလိုက်သည်။

"ကွမ်းယာပဲလား အစ်ကို"

"ငါက ကွမ်းယာသမားမဟုတ်ဘူးကွ ... စီးကရက်တစ်လိပ်ပဲပေးပါကွာ ... "

ဆေးလိပ်ကိုနှုတ်ခမ်းတွင်တေ့ပြီး မီးမညှိသေးဘဲ သစ်သားခုံတန်းရှည်လေးတွင် ထိုင်လိုက်သည်။ ထို့နောက် သူ့အကြည့်ကို သူမထံပို့မိပြန်သည်။ သူမက မှန်ကောင်တာနားတွင်ရပ်ပြီး စာရင်းလုပ်နေလားမသိ။ ကက်ကူလေတာ ဟုထင်ရသည့် အရာတစ်ခုနှင့် အလုပ်ရှုပ်နေသည်။

တစ်ခါတလေ နားပေါ်တွင်ဖုံးကွယ်လာသောဆံကေသာကို ဖြူနုသွယ်သောလက်ကလေးဖြင့် သပ်၍သပ်၍ တင်တတ်သေးသည်။ သူ့ထံကိုတော့ လုံးဝမကြည့် ... သူရောက်နေသည်ကိုပင် သိပုံမပေါ် ... သူကတော့ ... သူမအကြောင်းကို သိချင်လာသည်။ ထို့ကြောင့် ... ကွယ်ယာဆိုင်၌ ဝယ်သူရှင်းသည့် အချိန်တွင် ...

"ညီလေး ... ဟိုစတိုးဆိုင်ထဲက ထိုင်နေတဲ့အစ်မကြီးကို မင်းသိလား"

ကောင်လေးက သူ့မေးထိုးပြရာကို စူးစိုက်ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"စပို့ရှပ်အဝါနဲ့အစ်မလား ... ရှပ်အင်္ကျီအဖြူနဲ့အစ်မလား"

"ရှပ်အင်္ကျီအဖြူနဲ့ ဆံပင်ရှည်ရှည်ကို ဖြန့်ချထားတဲ့အစ်မကွာ"

ကောင်လေးက သူ့ကို ဖြူးဖြီးဖြီးနှင့်ပြန်ကြည့်သည်။

"အဲဒီအစ်မကို အစ်ကိုကြိုးကြွေနေပြီလား ... ချောတယ်နော်"

သူ့စိတ်ထဲမှာ နားရင်းတီးချင်စိတ်ပေါက်သွားသည်။ သူ ခပ်တည်တည် ကြည့်လိုက်မှ စကားသံထပ်ထွက်လာသည်။

"ဒါပေမယ့် ... စွာတယ်နော် ... မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူ့ကိုလိုက်တဲ့သူမှန်သမျှကို ပြဿနာရှာပစ်တာချည်းပဲ"

သူ့မျက်ခုံးတစ်ဖက် မြင့်တက်သွားသည်။ သို့သော် ... သူကလည်း ဒီကိစ္စဘက်တွင် ပါရမီထူးသူမို့ ... လက်လျှော့ဖို့ဆိုတာ ခေါင်းထဲပင်မထည့်။

"သူ့နာမည်က"

"ပန်းအိအိဖြူ ... တဲ့"

သူက ယုယခင်တို့အိမ်ဟုသိထားသည့် နှစ်ထပ်တိုက်လေးကို လက်ညှိုး ညွှန်ပြကာ ...

"အဲဒီရှေ့အိမ်မှာနေတဲ့ ယုယခင်ကိုရော ... မင်းသိလား"

ချာတိတ်က ကွမ်းချိုးတက်ကာမဲချိတ်နေသော သွားများကိုဖြဲ၍ ရယ်ပြ ရင်း ...

"အစ်ကိုသိချင်တာတွေ သိပ်များနေပြီနော်"

စိုးမိုးသူ အထာပေါက်လိုက်ရသည်။ အသံမထွက်ဘဲ ပါးစပ်လှုပ်ရုံ 'ခွေးမသား' ဟုကြိတ်ဆဲလိုက်ပြီး ...

"ကွမ်းငါးရာဖိုးယာလိုက် ပေ့ာကောင်"

"ဟိုတစ်နေ့ကလိုပဲ စင်ဂနယ်နဲ့ပဲလား အစ်ကို"

ဝေါ်လေးအသံ ချက်ချင်းသာသွားသည်။

"အေး"

"အစ်ကိုပဲ ကွမ်းမစားဘူးဆို"

"လျှာမရှည်နဲ့ ပေ့ာကောင် ... ကွမ်းယာမှာသာယာ ငါ့သူငယ်ချင်း တာတီးအတွက် ယူသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယာနေရင်း 'အပဲ့' ဟု ကျိတ်ရယ်လိုက်သေးသည်။

"အစ်ကိုသိချင်တာ မယုယခင်အကြောင်းလား"

"ယုယခင်အကြောင်း မသိချင်ပါဘူး ... ပန်းအိအိဖြူနဲ့ယုယခင်တို့ အဆက်အသွယ်ရှိလားပဲ သိချင်တာ"

"ရှိတာပေါ့ ... တစ်လမ်းတည်းသားချင်းပဲ ... အိမ်ချင်းလည်း သိပ်မှမကွာတာ ... ဒါပေမဲ့ ရင်းနှီးတဲ့အဆင့်တော့ မဟုတ်လောက်ပါဘူး"

"ပန်းအိအိဖြူမှာ ချစ်သူရှိလား"

"အပြင်မှာတော့ မသိဘူး ... ဒီရပ်ကွက်ထဲမှာမရှိတာတော့ သေချာတယ်"

"တခြားတစ်နေရာရာမှာ ရှိချင်ရှိနိုင်တယ်ပေါ့"

"တိတိကျကျသိချင်ရင်တော့ ... အစ်ကိုကိုယ်တိုင် အဲဒီအစ်မကို သွားမေးမှရမယ်"

သူ စီးကရက်တစ်လိပ်ထပ်ယူ၍ မီးညှိလိုက်သည်။

"သူ ... ကျောင်းပြီးသွားပြီလား"

"ကျောင်းတက်တာ မတွေ့မိဘူး"

"စတိုးဆိုင်တော့ အမြဲတမ်းထိုင်တာပေါ့"

"အင်း"

"စပို့ရှပ်အဝါနဲ့က သူနဲ့ဘာတော်လဲ"

"သူ့အစ်မလေ ... အဲဒီအစ်မက ယောကျ်ားရသွားပြီ"

စိုးမိုးသူကလည်း သူ့အစ်မကို စိတ်မဝင်စားပါ။ သူ ... သူမကို လှမ်း၍ကြည့်နေဆဲမှာပင် အမှတ်မထင်ဝေ့ဝဲကြည့်လာသော သူမနှင့် အကြည့်ချင်းဆုံမိသွားသည်။

သူ ရင်ခုန်သံတွေ ချက်ချင်း ကသောင်းကနင်းဖြစ်ကုန်တော့သည်။

သူ စိတ်လှုပ်ရှားစွာဖြင့် စီးကရက်ကိုဖိဖွာလိုက်မိသည်။ သူမကလည်း တစ်မိနစ်ခန့်မျှကြာသည်အထိ သူ့ကို တွေ၍ကြည့်နေသည်။ ပြီးမှ ... ထုံးစံအတိုင်း မျက်မှောင်ကြုတ်ကာ စာရင်းပြန်တွက်နေသည်။

ထိုသို့ဖြင့် တစ်ခါတစ်ရံအကြည့်ချင်းဆုံလိုက် ... ရင်ခုန်လိုက်နှင့် မိနစ်များပွန်းကြွေလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်သူလာလျှင် အပြုံးနုနုလေးလှစ်ဟပြီး သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားနေသည်။ သူမဟန်ကို အဝေးမှကြည့်ရလည်း လှပနေဆဲ ... သူ့ရင်ကို စွဲငြိနေဆဲ ... သူ အရာအားလုံးကို မေ့လျော့နေခဲ့လေပြီ။

စီးကရက်တိုက လက်ကိုအပူလောင်စေတော့မှ လန့်ဖျတ်ပြီးအသိဝင်လာသည်။ အသိပြန်လည်လာမှ ပတ်ဝန်းကျင်ကို သတိထားမိလာသည်။

သူ့အဖေလွှတ်လိုက်သောအချိန်အခါနှင့် ပွဲရုံကို သူပြန်သွားရန် များစွာနောက်ကျနေပြီဖြစ်သည်။

ကားပေါ်တက်ပြီး မောင်းထွက်၍ စတိုးဆိုင်ရှေ့အရောက်တွင် အရှိန်သေိမသာလျှော့ပြီး သူမကိုလှမ်းကြည့်လိုက်သည်။ သူမကလည်း သူ့ကို အသေအချာပြန်ကြည့်နေသည်နှင့် ... သူ ... ပြုံးပြလိုက်သည်။ သူမကတော့ လုံးဝပြန်မပြုံးပြပါ။

ထုံးစံအတိုင်း ... သူကတော့ သူ့ကားကို ကျည်ဆံရထားလောက် အမြန်နှုန်းရစေချင်လားမသိ။ လီဗာကို တဆုံးဖိနင်းလိုက်တော့သည်။

❀✎❀

"ဒါဆို ... အိမ်ရောက်တော့ မင်းဘိုးတော်က မင်းကိုဗျင်းရောပေါ့"

မင်းထွဋ်က လက်ဖက်ရည်ကို ဇွန်းနှင့်မွှေနေရင်းပြောသည်။ အေးဝင်းကို သူ့အဗျင်းခံရပြီအထင်နှင့် မျက်နှာပေါ်တွင် ဝမ်းသာရိပ်သန်းနေသည်။

"အဗျင်းခံရစရာလားကွာ ... ငါ့ဘက်မှာ မေမေရှိတယ်လေ"

"မင်းလုပ်ပေါက်က တီးချင်စရာလေ"

"ဒါပေမဲ့ ... ငါ့အဖေမမိုက်ဘူးကွ ... ငါက ဘွဲ့ရပြီးတဲ့အရွယ်ရောက်နေပြီလေ၊ ငါ့အဖေက ဆုံးမရင် လက်ပါချင်နေတုန်း"

"မင်းကလည်း သူ့ဒေါသကို သွားသွားဆွနေတာကိုး"

"ငါက ဖဲရိုက် ... အရက်သောက် ... ဆေးချနေတာမှ မဟုတ်တာ"

"မင်း အခုလုပ်နေတာတွေကရော ... မှန်နေတယ်ထင်လို့လား"

"လူဆိုတာ ... အမှားအယွင်းနဲ့ ဘယ်ကင်းနိုင်ပါ့မလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"အမြဲတမ်းမှားနေရင်တော့ ... ခွင့်လွှတ်ခြင်းနဲ့ မထိုက်တန်တော့ဘူးလေ"

"ငါဘာမှားနေလို့လဲ"

"ပန်းအိအိဖြူဆိုတဲ့ ကောင်မလေးကိုလည်း ... မင်းရဲ့ အရင်ကရည်းစားတွေလိုပဲ ခံစားခိုင်းဦးမယ်မဟုတ်လား"

"ငါ ... သူ့ကိုတော့ ... တကယ်ရင်ထဲက မြတ်မြတ်နိုးနိုးနဲ့ချစ်တာပါကွာ"

"အရင်ကောင်မလေးတွေတုန်းကလည်း ... မင်း ... ဒီအတိုင်းပြောခဲ့တာပဲ"

"မဟုတ်ပါဘူးကွာ ... သူတို့က ငါ့မနှစ်သက်တာတွေ ... ငါ့အတွက် စိတ်ပျက်စရာတွေကို လုပ်ခဲ့ကြလို့ပါ"

မင်းထွဋ်က စိတ်ပျက်လက်ပျက်ဟန်နှင့် ခေါင်းကိုခါရမ်းသည်။

"မင်းကွာ ... ငါတို့လည်း ပြောရတာအပ်ကြောင်းထပ်ပြီး မောလှပြီ ... ကဲ ... ဒါဆိုကွာ ... အခု ပန်းအိအိဖြူဆိုတဲ့ကောင်မလေးကရော မင်းနဲ့ချစ်သူဘဝရောက်ပြီးမှ မင်းမနှစ်သက်တာတွေလုပ်ခဲ့ရင် ... "

"ဒါ ... ဒါတော့"

"မင်း ... သိပ်မှားနေပြီ စိုးမိုးသူ"

"တော်ပြီ ထွဋ်ရ ... ခုတလော မင်းနဲ့တွေ့လိုက်ရင် ဘယ်လိုနှိပ်ကွပ်ရမလဲပဲ စဉ်းစားနေလားမသိတော့ဘူး"

ပြောပြောဆိုဆို စားပွဲပေါ်မှ ကားသော့ကိုကောက်ယူပြီး လက်ဖက်ရည်ဆိုင်ထဲက စိုးမိုးသူထွက်သွားသည်။

"ဘယ်ကိုမောင်းမလို့လဲ စိုးမိုး"

စိုးမိုးသူနောက်မှ အရိပ်လိုကပ်ပါလာသော ဝင်းကိုကမေးသည်။ ဘာမှပြန်မဖြေဘဲ သုန်မှုန်မျက်နှာထားနှင့် ... ကားကို ပြည်လမ်းမကြီးပေါ်သို့ ဦးတည်လိုက်သည်။

ဝင်းကိုက ပေါက်ကွဲသံစဉ် CD ကိုရွေးဖွင့်လိုက်သည်။ စိုးမိုးရင်ထဲွင် လှုည့်ပတ်နေသောသွေးများနှင့်သံစဉ်တို့ တသားတည်းဖြစ်သွားသည်။ အတန်ကြာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ငထွေ၌ မကောင်းဘူးကွာ ... အရင်လိုသဘောထားမျိုး ဒီကောင့်မှာ မရှိတော့ဘူးထင်တယ်"

"မင်းထင်လို့ပါကွာ ... ငါတို့က မူလတန်းကတည်းက လုံးထွေးပေါင်းသင်းလာခဲ့တဲ့ သူငယ်ချင်းတွေပါ"

"မဟုတ်သေးဘူးကွ ... သူညီမဝမ်းကွဲယွန်းမေဇင်ကို ငါလမ်းခွဲတတည်းက ဒီကောင် ငါ့အပေါ်တင်းနေတာ ... သူညီမက ငါ့အပြင် တစ်ပြိုင်တည်းတွဲနေတာ ရည်းစားနှစ်ယောက်ရှိသေးတယ်၊ အဲဒါကို ဒီကောင်က မသိဘူး၊ ငါကသိသိကြီးနဲ့ ဒီကောင့်မျက်နှာကြောင့်သည်းခံခဲ့ရတာ ... ငါ ဖွင့်ပြောပြန်ရင်လည်း ဒီကောင်ရှက်သွားလိမ့်မယ်"

"အဲဒါကြောင့်တော့ ဟုတ်မယ်မထင်ပါဘူးကွာ ... သူက ... မင်းတို့ ကောင်းစေချင်လို့ပြောနေတာဖြစ်မှာပါ"

"အေး ... ငါ့အတွက် တကယ်ကောင်းမယ့်ကိစ္စတွေပြီ"

"ကျွိ ... "

စိုးမိုးသူက ပြောပြောဆိုဆို ... ကားကို လမ်းဘေးထိုးရပ်လိုက်သည်။ ပြီးတော့ ... ကားတံခါးဖွင့်ကာ ဘတ်စ်ကားမှတ်တိုင်ဆီသို့ လျှောက်သွားသည်။ မှတ်တိုင်တွင် သူအတွေ့ချင် ... အမြင်ချင်ဆုံးတစ်ယောက် ရှိနေသည်။

ရခဲသည့်အခွင့်အရေးမို့ သူ ... ရှေ့ရှေ့နောက်နောက် သိပ်မစဉ်းစားတော့ဘဲ ...

"ပန်းအိအိဖြူ ... "

သူမက သူ့ကိုလှမ်းကြည့်သည်။ သို့သော် တစ်စုံတစ်ခုကို အဖြေရှာရဟန်မျိုးနှင့်သာ စူးစမ်းဟန်အပြည့် ... စိတ်ဝင်စားသည့်အရိပ်အယောင်တော့မပါ။

"ဘယ်ကိုသွားမလို့လဲ ... ကိုယ်လိုက်ပို့ပေးမယ်လေ၊ ဟိုမှာ ကားပါတယ်"

သူမကမလှုပ် ... သူ့ထံမှ အကြည့်လွှဲသွားခြင်းသာ အဖတ်တင်သည်။ ဟုတ်သည် ... ပန်းအိအိဖြူလိုမိန်းကလေးမျိုးက ဒီလိုခေါ်တိုင်းလိုက်ပါမည်တဲ့လား။ သူ့ဘက်ကသာ သူမကို တအားရင်းနှီးနေသည်။ သူမဘက်ကတော့ တစ်ကြိမ်တစ်ခါ ဖြတ်သွားဖြတ်လာမြင်ဖူးရုံကလွဲ၍ မှတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ထင်ပင် ရှိရဲ့လားမသိ။

သူ၏စိတ်ဇော ပြင်းထန် ... လောတတ်ခြင်းက အပွဲပွဲန္ဒဲလာသည့် စိုးမိုးသူဘဝ ဒီပွဲတွင် ပက်ပက်စက်စက်ခံရမည့်ကိန်းဖြစ်နေစေသည်။ သို့သော်လည်း ...

စိုးမိုးသူပဲလေ ... လိုချင်တာရရန်အတွက် လွယ်လွယ်နှင့်လက်လျှော့တတ်သူမဟုတ်သဖြင့် ...

"လာပါ ပန်းအိအိဖြူ ... မင်းသွားလိုရာကို ကိုယ်လိုက်ပို့ပေးပါရစေ"

သူ၏ အတင်းပေကပ်ပြောဟန်ကြောင့် သူမထံမှ အသံထွက်လာသည်။

"ရှင်နဲ့ကျွန်မ ဘယ်တုန်းကသိခဲ့ဖူးလို့လဲ"

တစ်ခွန်းတည်း ... သို့သော် ... သူ့အပေါ် တွန်းကန်သက်ရောက်အားကတော့ ပြင်းထန်သည်။ ထို့ကြောင့် ...

သူ့ရင်တွင် အောင့်သက်သက်ခံစားလိုက်ရတော့သည်။

အနီးအပါးမှလူများကလည်း သူနှင့်သူမကို ကွက်ကြည့်ကွက်ကြည့်လုပ်နေကြပြီမို့ ...

"ကိုယ့်နာမည် စိုးမိုးသူလေ ... ဟိုတလောကတောင် မုင်းတို့စတိုးဆိုင်ထဲမှာ ဆုံခဲ့ကြသေးတယ်လေ၊ မှတ်မိပြီမဟုတ်လား"

သူမက ပြုံးနေသည်။ ခနဲ့ပြုံး ... ရွဲ့ပြုံးသာဖြစ်သည်။ သူကလည်း အမှန်တရားတစ်ဝက်ကို မုသားများများစွက်၍ ပြောခြင်းကြောင့်ပင် ...

ဝန်းကျင်နှင့်တစ်သားတည်းကျမည့် စကားလည်းဖြစ်ရမည်။ တစ်နည်းအားဖြင့် အနီးအနားမှလူများကို သူနှင့်ပန်းအိအိဖြူတို့က အနည်းငယ်စိမ်းသက်သည့်မိတ်ဆွေများဟု ထင်မှတ်စေမည့်စကားမျိုးကို ကြံဖန်ရွေးပြောလိုက်ခြင်းဖြစ်သည်။

သူမထံမှ စကားသံနှင့်လှုပ်ရှားမှု ဘာမှမတုံ့ပြန်လာသဖြင့် သူ ဆက်ရန်ခက်နေသည်။

"လာပါ ပန်းအိအိဖြူရယ် ... တစ်မျိုးတော့မထင်ပါနဲ့ ... မလင့်ဘဲ တိုက်တိုက်ဆိုင်ဆိုင်တိုးလို့ ကူညီတဲ့သဘောပါ"

သူမက သူ့ကိုစွေစောင်းကြည့်သည်။ စိတ်ထဲတွင် "ရှုပ်တဲ့လူး" ...



www.burmeseclassic.com

www.burmeseclassic.com



နာမည်တတ်ချင်နေပြီလားမသိ။

"ကျွန်မမှာ ခြေလက်အစုံပါတယ် ... ကိုယ့်ဖာသာပြန်လို့ရတယ်"

"မှန်ပါတယ် ... မင်းပင်ပန်းမှာစိုးလို့ပါ"

"ရှင့်ကိုမှ ကျွန်မမသိတာ"

"ဩော် ... ခုတင်ပဲနာမည်ပြောပြီးပြီလေ ... မြင်ဖူးခဲ့တာလည်း ..ခါမကတော့ပါဘူး၊ ခုပဲမိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်ပါတော့လား"

"တစ်မျိုးကြီးပါပဲလား ... မိတ်ဆွေဖြစ်စရာအကြောင်း ဘာမှမရှိဘူး၊ ..ာရီးပါပဲ"

ထိုအချိန်တွင် မှတ်တိုင်သို့ ဘတ်စ်ကားဝင်လာသည်ကို မြင်လိုက်ရ ..ည်။ ခါတိုင်းကွင် မှတ်တိုင်၌ အမြစ်တွယ်အပင်ပေါက်သည်အထိ စောင့်ရ ..တ်သည့်ဘတ်စ်ကားက ဒီနေ့မှ အချိန်တိကျမှန်ကန်နေသည်။

စိုးမိုးသူက နောက်ဆုံးအဖြစ် ကြိုးစားကြည့်ချင်သေးသည်မို့ ...

"ကားကလည်းကျပ် ... စီးမယ့်လူတွေကလည်း အများကြီး ... ..တော့ ပင်ပန်းတော့မှာပဲ ပန်းအိအိဖြူရယ်"

"ကိစ္စမရှိပါဘူး၊ ဒါ ... ကျွန်မဘဝပါ၊ ဒါနဲ့ ... ကျွန်မနာမည်ကို ..ာယ်လိုလုပ်သိတာလဲ"

"မင်းနဲ့ပတ်သက်သမျှ ကိုယ် ... မှတ်ထားချင်ခဲ့တာ ကြာပါပြီ"

သူမက မျက်ခုံးတစ်ဖက်ပင့်ကြည့်သည်။ ထို့နောက် ...

ဘတ်စ်ကားပေါ်သို့ တက်သွားတော့သည်။

သူ ... ငေးမောရင်းနှင့် ဟတ်ကော့ကြီးဖြစ်ကျန်နေခဲ့သည်။

ဆက်ဆော့မိတဲ့ သူ့အများဟုတော့ မတွေးချင်။

မဝေးရလျှင်သာ တော်ပြီမို့ ...

ဆက်လို့သာ တိုးဝင်ချင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

စိုးမိုးသူဟန်းဖုန်းမှ ခေါ်သံမြည်လာသည်။ သူ မျက်စိဖွင့်ကာ နံရံဆီ လှမ်းကြည့်တော့ မနက်(၉)နာရီသာရှိသေးသည်။ အိပ်ရေးမဝချင်သေး။ သို့ သော်လည်း ဖုန်းကမရပ်မနားမြည်နေသည်မို့ ...

"ဟဲလို ... "

"ကိုကို ... ယုယ ကိုကိုတို့လမ်းထိပ်မှာရောက်နေတယ်၊ ကိုကိုထွက် လာခဲ့"

"အာ ... အစောကြီးရှိသေးတယ်ကွာ ... အဲ ... မဟုတ်ဘူး ကိုကို အခုအိမ်မှာမရှိဘူး၊ ဝင်းကို ... ဝင်းကိုတို့အိမ်နားက လက်ဖက်ရည် ဆိုင်မှာ ထိုင်နေကြတာ"

"အပိုတွေပြောမနေနဲ့ ... အခုပဲ ကိုကိုရဲ့မမနဲ့တွေ့ပြီးပြီ၊ ကိုကိုနှ နေတုန်း ... မထသေးဘူးလို့ပြောသွားတယ်"

"ဟာ ... အိပ်ရေးမဝသေးဘူးကွာ ... ဒီလိုလုပ်၊ ညနေကျတော့ ကိုကို စောစောလာခေါ်မယ်၊ အိမ်ကပြန်စောင့်နေနော် ... ယုယက လိမ္မာ တယ်ကွာ"

"မရဘူးကွာ ... လူက ဒီရောက်နေပါပြီဆို ... ဒီနေ့ Shopping ထွက်မယ်၊ ရုပ်ရှင်ကြည့်မယ်"

"ကိုယ့်မှာ ရေခန်းနေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ ယုယမှာ အပြည့်ပါတယ်"

"အဲဒါဆိုလည်း အစောကြီးရှိသေးတယ်ကွာ ... ဘယ် Shopping Center က ဖွင့်ဦးမှာလဲ"

"ကော်ဖီဆိုင်မှာ အချိန်ဖြုန်းဦးမှာလေ"

"ရည်ရွယ်ချက်ကြီးမားလိုက်တာ ... အရှုပ်ထုပ်မ"

"ဟာ ... ကိုကို ... မသိဘူးကွာ ... အဲဒါဆို အိမ်ရှေ့ထိရောက်အောင်ပို့မှာနော်"

"အေး ... အေး ... စောင့်နေ ... အဲဒီနေရာမှာပဲစောင့်နေ၊ လာခဲ့မယ်"

အိမ်လာလို့တော့မဖြစ် ... ခုချိန်မျိုးတွင် ပို၍မဖြစ် ... ခုတောင်အဘွားဖုရှင်မက မမနှင့်ချိတ်ဆက်မိနေပြီ။ ဒီထက်ပို၍ အိမ်သားများနှင့်သိကျွမ်းခွင့် ပေး၍မဖြစ်တော့။ မတော် ... ပန်းအိအိဖြူနားသို့ ဒီသတင်းများပေါက်ကြားသွားကုန်မှဖြင့်၊ ရှေ့ဆက်တိုးမဝင်ရဲအောင် ယုယခင်ကို ပြတ်ပြတ်သားသား ဖြတ်ဆို့ထားရဦးမည်။

ပိုးဟပ်ဖြူမက လွယ်သည်မဟုတ် ... ဖွတ်ရောက်လာနိုင်သည်။ အမေနှင့်တိုးလျှင် ကိစ္စမရှိ၊ ဖေဖေနှင့်တိုးလျှင် ရှော့ခ်ရှိနိုင်သည်။ ယခုမှ သူ့အဖေနှင့် ရာသီဥတုသာယာကာစ ရှိသေးသည်။ 24 Mart ဖွင့်ရန် ဖေဖေ့ထံမှ သဘောတူညီချက်ရပြီး(၃)လအတွင်း အကောင်အထည်ဖော်ရန် စီစဉ်ခိုင်းထားသည်။

မိန်းမတစ်ယောက်၏အလှဆို၍ မျက်နှာလေးတစ်ခုသာ ပိုင်ဆိုင်ပြီး ခန္ဓာကိုယ်လည်း ပါးလှပ်ဖြူသွယ်သည့် ယုယခင်ကို အားလုံးက ပိုးဟပ်ဖြူဟု ခေါ်ကြသည်။ ထိုသို့ခေါ်ခံရလျှင် ... သူမ အရမ်းစိတ်ဆိုးသည်။ စိုးမိုးသူတစ်ယောက်တည်းကိုသာ သည်းခံသည်။ ထိုအချိန် ကျောင်းသားဘဝကတည်းက စိတ်မဆိုးသော်လည်း ပြုံးမြမြနှင့်ပြုစုပြခဲ့ရုံမျှသာ ...

"ကိုကို ဘာဖြစ်နေတာလဲ ... နေမကောင်းဘူးလား"

ယုယခင်က စိုးမိုးသူပခုံးပေါ်ခေါင်းမှီနွဲ့ရင်း ပြောလာခြင်းဖြစ်သည်။ သူမထံမှ အကောင်းစားရေမွှေးနံ့က သူ့ကိုတိုးတိုက်မြူဆွယ်သည်။ ထိုတန်ဖိုးကြီးရေမွှေးနံ့သည်ပင် သူ့ကို ဘာကြောင့်မလှုပ်ခတ်စေနိုင်သည်လဲ ...

"အိပ်ရေးမဝလို့ထင်တယ်၊ ခေါင်းထဲမှာ နောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ကိုကို"

ဖွတ်ခေါ်မိသည့် သူမ ... တောင်းပန်ရင်း ... မှိန္ဒဲ့နေရာမှခွာကာ သူမရှော့ပင်ဘက်ခ်ထဲမှ ရှူဆေးတောင့်ကိုထုတ်ယူသည်။ အဖုံးဖွင့်၍ သူ့နှာခေါင်းတွင်တေ့ပေးကာ ... ၊

"ရှူလိုက် ကိုကို ..., ခဏနေရင် ခေါင်းကြည်သွားလိမ့်မယ်"

သူ့ရင်ထဲတွင် လက်ရှိဖြစ်ပေါ်နေသော အကြောင်းတရားတွေကိုသာ ယုယခင်သိခဲ့မည်ဆိုလျှင် ... သူမ၏ရှူဆေးတောင့်လေး မည်သို့မျှကယ်နိုင်မည်မဟုတ်မှန်း သိသွားပေလိမ့်မည်။

သူ ... သူမကိုစွန့်ခွာထုတ်ရန် ဉာဏ်နီဉာဏ်နက်ထုတ်နေမိသည်။ သို့သော်လည်း ထိုသို့စွန့်ခွာရန်ကြိုးစားကာမှ ... တစ်ဖက်ကလည်း သူမကို ငဲ့ညှာချင်နေသည့် သူ့နှလုံးသားကို သူကိုယ်တိုင်ပင်အံ့ဩနေမိသည်။

"ကိုကို"

"ဟင်"

"ယုယကို ချစ်တယ်နော်"

ယခင်က အကြိမ်ပေါင်းများစွာမေးခဲ့သည်ကို သူကလည်း အကြိမ်ပေါင်းများစွာ ဖြေပေးခဲ့သည်။ ယနေ့တော့ ခေါင်းညိတ်ပြဖို့ပင် သူဝန်လေးနေးသည်။

"ဖြေလေ"

"ခြော် ... ယုယကလည်းကွာ ... အကြိမ်ကြိမ်ကြားပြီးသားစကားကို ... ဒီမှာခေါင်းမကောင်းပါဘူးဆိုမှကွာ"

"မေ့လို့ကိုကို ... သိပ်ခံရခက်နေလား ... ယုယနှိပ်ပေးရမလားဟင်"

သူမက ပျာပျာသလဲနှိပ်ပေးရန်ပြင်သည်။ ခုချိန်မှာတော့ ယုယခင်၏ အယုအယကို သူ မခံချင်သည်မှာ သေချာနေသည်။ အမူလည်း လွန်သွားမှာ မို့ ...

"သိပ်မဆိုးပါဘူးကွာ ... ရပါတယ်"

မကြာမီမှာပင် ရုပ်ရှင်စပြသည်။

သူ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လာသောယုယခင်ကို အလိုက်သင့်ထွေး



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားလိုက်ရသည်။ ယခင်ကကဲ့သို့ သူ့ရင်ခွင်မှာ ယုယခင်အတွက် နွေးထွေးနိုင်တော့မည်မဟုတ်သည်မှာ သေချာသည်။ ထို့ကြောင့်ပင် ...

ယခင်အခါများစွာကလို ယုယခင်၏ လှပသောမျက်နှာပြင်အနှံ့ အနမ်းမိုးတို့မချွေချဖြစ်သည်မှာလည်း မဆန်း ... ထိုသို့နမ်းရန်လည်း သူ့ကိုယ်သူ လိပ်ပြာမလုံနိုင်ဖြစ်နေရသည်။

ယုယခင်က သူ့လက်ဖဝါးကို ဆုပ်ကိုင်လိုက်စဉ် ...

"ကိုကို့လက်ဖဝါးတွေလည်း အေးစက်လို့ပါလား"

"ရုပ်ရှင်ရုံအဲကွန်းက အရမ်းကောင်းတယ်လေ"

ထို့သို့ပြောလိုက်ငြား ... လက်ဖဝါးတင်မက ... သူ့နှလုံးသားပါ အေးစက်နေသည်ကို ယုယခင်မသိနိုင်။ သူ့ဘက်ကလည်း အကြောင်းပြချက်မပေးနိုင်။

❀✎❀

အေးဝင်းကိုအိမ်ရှေ့တွင် ကားရပ်ပြီး ဟွန်းတီးလိုက်သည်။ ခဏအကြာတွင် စွပ်ကျယ်ဂျိုင်းပြတ်နှင့် ဝတုတ်ပြဲဝင်းကိုရုပ်ကြီး ပေါ်လာသည်။

"အကျႌဝတ် ... လိမ့်မယ်"

ချက်ချင်း အကျႌတစ်ထည်ကောက်စွပ်ပြီး ကားပေါ်ရောက်သည်နှင့် ...

"ဘယ်လဲ"

"လမ်းထိပ်က ရင်ခုန်ရှိုင်းမှာ သွားထိုင်ရအောင်"

"ဟာ ... ညနေဘက်ကြီး ... လက်ဖက်ရည်မသောက်ချင်ပါဘူးကွာ"

"မင်းက အမြှုပ်ပါတာချင်းအတူတူ ... အဝါရည်မှမိုဝဲချင်တာပေါ့"

"ဟီး ... ဟီး ... "

ညနေဘက်ဆို ဖြစ်ရည်နှင့်ရစ်ချင်သည့် ဝင်းကိုပင်။ စပ်ဖြဲဖြဲလုပ်နေသည့် ဝင်းကိုလက်မောင်းကို ခပ်ဆတ်ဆတ်လှမ်းထိုးလိုက်သည်။

"ဟာ ... ဟော့ကောင် ... နာတယ်ကွ ... ငါက လမနေဘဲ ခုနစ်



www.burmeseclassic.com

www.burmeseclassic.com



လန့်မွေးထားတာ"

"အောင်မာ ... ခန္ဓာကိုယ်ကြီးမှအားမနာ ... နွဲ့နေသေးတာ၊ ခေါက်ထီးနဲ့ဆော်ရင်တော့ ခံနိုင်ရည်ရှိတယ်ပေါ့"

"ဟော့ကောင် ... အဲဒီအကြောင်း အစမဖော်နဲ့ ... စိတ်နာတယ်၊ ညည်းစားစကားလိုက်ပြောလို့ အထုခံရတယ်ဆိုလည်း ခံသာသေးတယ်၊ ခုတော့ ဘာမှလည်းမဘာရဘဲနဲ့"

ထိုအကြောင်းကို အစဖော်တိုင်း ဝင်းကိုဒေါပွတတ်သည်။ ဝင်းကို ဒေါပွလောက်အောင်လည်း ကြံဖန်ကံဆိုးခဲ့ခြင်းဖြစ်ပါသည်။

နောက်ဆုံးနှစ် ကျောင်းတော်သားကြီးများဖြစ်သော ... စိုးမိုးသူနှင့် အေးဝင်းကိုတို့ ကျောင်းဝင်းထဲတွင် အိမ်အပြန်ကားမှတ်တိုင်သို့ လမ်းလျှောက် လာစဉ် မာစတာတန်းတက်နေသည့် စီနီယာတစ်ယောက်နှင့်တွေ့သည်။ သုံး ယောက်သား နှုတ်ဆက်ကြရင်း ... ဝင်းကိုက ကွမ်းကြိုက်တတ်သူချင်းမို့ အသင့်ပါလာသည့်ကွမ်းယာထုတ်၍ လောကွတ်ပြုသည်။ စီနီယာနှင့်ဝင်းကိုတို့ ကွမ်းကို ပလုပ်ပလောင်း အပြိုင်ဝါးကြရင်း ... သုံးယောက်သား လေပေါက်ကြ ရင်းနှင့် ဆက်လျှောက်ကြသည်။

ထိုအခိုက် ကယ်လ်ဒီနားဗင်တစ်စီး သူတို့အနားတွင်ထိုးရပ်ပြီး စီနီယာကိုနှုတ်ဆက်သည်။ ခဏအကြာတွင် စီနီယာက သူတို့နှစ်ဦးကိုနှုတ်ဆက် ပြီး ထိုဗင်ကားပေါ်တက်၍ လိုက်သွားသည်။ စိုးမိုးနှင့်ဝင်းကိုကတော့ ဆက် လျှောက်ကြသည်။ သူတို့ရှေ့ ဆယ်ပေခန့်အကွာတွင် လမ်းလျှောက်နေသော ကောင်မလေးနှစ်ယောက်ကို တွေ့ရသည်။ ခပ်စွာစွာဒီဇိုင်းလေးတွေနှင့် သူ တို့နှစ်ယောက်မှာ စီနီယာနှင့်သူတို့ ရပ်စကားပြောနေစဉ်က ကျော်တက်သွား ကြသူများဖြစ်သည်။

ဖြစ်ချင်တော့ ... စောစောက စီနီယာလိုက်ပါသွားသည့် ဗင်ကား လေးမှာ သူမတို့နှစ်ယောက်အဖြတ်တွင် ... ကားပေါ်မှ မဆင်မခြင်ထွေးလိုက် သည့် စီနီယာ၏ကွမ်းတံတွေးကြောင့် သူမတို့ အဖြစ်ဆိုးနှင့်တိုးသွားရရှာသည်။

လူတကာရှုမြင်ငေးစေချင်သဖြင့် လှစ်ဖော်ပြထားသော ဝင်းဝါဖြူ သည့် ခြေသလုံးသားလေးနှစ်စုံမှာ ပလက်ဖောင်းအစပ်မှတဆင့် လွှင့်စင်လာ သောကွမ်းတံတွေးကြောင့် အလှပျက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်နှင့်မောင်းသွားသောကားပေါ်မှ စီနီယာက ထိုအဖြစ်ကို သတိမမှမိမည်ပင်မထင် ... သူ့ဘော်ဒါနှင့်လေပေးမပျက် ပါသွားသည်။ သူမတို့ရပ်လိုက်သဖြင့် သူတို့နှစ်ယောက်ကလည်း အနီးသို့ရောက်သွားသည်။ ခံလိုက်ရရှာသော မချောနှစ်ယောက်က ... ညစ်ပတ်ပေကျံသွားသည့် သူမတို့ခြေသလုံးများကိုတစ်လှည့် ပတ်ဝန်းကျင်ကိုတစ်လှည့်ကြည့်ကာ လက်သည်တရားခံကို ရှာဖွေရင်း ဒေါပွနေသည်။ သူမတို့အကြည့်က အနီးတွင်ရောက်နေသည့် ဝင်းကိုပါးစပ်ကိုမြင်သောအခါ ရပ်တန့်သွားပြီး ... အကြည့်ကို အနီရောင်အဆင့်သို့ တိုးမြှင့်လိုက်သည်ကို စိုးမိုးသတိထားမိလိုက်သည်။

သူမတို့နှင့်လက်တစ်ကမ်းအကွာတွင် ရောက်နေသည့် ... သူတို့နှစ်ယောက်လည်း ငေးကြောင်နေမိကြသည်။ ဦးစွာသတိဝင်လာသည့် စိုးမိုးက ဝင်းကိုကိုသတိပေးရန် ကြိုးစားလိုက်သည်။ သို့သော်လည်း ...

"ခွပ် ... "

စိုးမိုးနောက်ကျသွားသည်။ ဝင်းကိုခံလိုက်ရသည်။ ဝင်းကိုနဖူးတွင် ချက်ချင်း ဘုသီးကြီးထလာခြင်းက သက်သေပြသည်။

သူမတို့နှစ်ယောက်အနက် စိတ်မြန်လက်မြန်သူတစ်ယောက်က သူမခေါသကို ... လက်ထဲတွင်အသင့်ကိုင်ထားသည့် ခေါက်ထီးဖြင့် ဝင်းကိုခေါင်းပေါ်တွင် ဖောက်ခွဲပြလိုက်ခြင်းဖြစ်သည်။

အသားလွတ်ကြီးခံလိုက်ရသောဝင်းကိုခမျာ ခေါင်းထဲတွင် ကြယ်တွေသတွေ အစုံလိုက်မြင်သွားရရှာလေသလားမသိ ... ရုတ်တရက် စကားပင်မပြန်နိုင်။

"နောက်တစ်ခါဆို ... ဒီထက်နာမယ်"

"ဟော့ ... သူနဲ့ဘာဆိုင်လို့လဲ မင်း ... ဘာလို့ အရမ်းစော်ကားတာလဲကွ"

"ဒီမှာလေ ... မတွေ့ဘူးလား"

"မင်း ... မင်း ... အရိုင်းအစိုင်းမလေးတွေပဲ"

ရိုက်လည်းရိုက် ... ပြောလည်းပြောသည့်ကောင်မလေးက ခြေသလုံးသားများ ပိုမိုမြင်ရစေသည့်အထိ ... ထမီကို ပို၍မပြကာ ပြောပြောဆိုဆို လှည့်ထွက်သွားကြသည်။ စိုးမိုးပြန်ပြောသည်ကို ဂရုမစိုက်တော့...



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အသိပြန်ဝင်လာသည့်ဝင်းကိုက ... သူမတို့ကို ဒေါသဖြင့် တစ်စုံတစ်ရာလက်တုံ့ပြန်ရန် ဟန်ပြင်တော့သည်။ သူမတို့နှစ်ယောက်နောက်သို့ ဝင်းကိုပြေးလိုက်သွားသည်။ စိုးမိုးလည်း မနေသာတော့ဘဲ ဝင်းကိုကို အတင်းလိုက်ဆွဲရသည်။

''ဝင်းကို ... ပြဿနာမရှာချင်ပါနဲ့တော့ကွာ ... ပထမနှစ်လေးတွေထင်တယ်၊ ငယ်ကြပါသေးတယ်၊ နောက်ပြီး ... သူတို့လို မင်းဘက်က လက်ပါလို့လည်း မဖြစ်ဘူး၊ မိန်းမနဲ့ယောကျ်ား ... ကိုယ့်ဘက်ကပဲ အရှုံးဖြစ်ဖို့များတယ်''

''တိရစ္ဆာန်မလေးတွေ''

ထိုအခါမှစ၍ သူငယ်ချင်းများပိုင်းဖွဲ့မိ၍ စကားနိုင်လုသောအခါတိုင်း ''ခေါက်ထီး''ဟု အော်ဟစ်ခြင်းဖြင့် ဝင်းကိုအား နှိပ်ကွပ်အနိုင်ယူစရာ အကွက်ကောင်းတစ်ကွက်ဖြစ်သွားတော့သည်။

''ကျဆိမ့်နှစ်ခွက်ပေး ညီလေး''

''ဟာ ... ဟော့ ... ဟော့ ... ငါ့အတွက်မဖျော်နဲ့ ... ငါမသောက်ချင်ဘူး''

''ဘယ်လိုဖြစ်ရပြန်တာလဲ''

''ငါပြောပါပကော ... လက်ဖက်ရည်ချိန် ကျော်သွားပြီလို့''

''ငါ စားပွဲကျော်ပြီး မမှီမကမ်းလှမ်းထိုးလိုက်ရင် နာဦးမယ်၊ ပြောပုံက ... ဝါရင့်ဖိုးငနဲကြီးကျနေတာပဲ''

''အဟီး''

ဟန်းဖုန်းနှင့်ထပ်လျှက် စားပွဲပေါ်တင်ထားသည့် စီးကရက်ဗူးကို ဝင်းကိုရှေ့ထိုးပေးလိုက်သည်။

ဝင်းကိုက ခေါင်းရမ်းပြန်သည်။

''ဖြစ်ပြန်ပြီ''

''ဆေးလိပ်သောက်ခြင်းသည် အချစ်ရေးကို ဆိုးဝါးစွာထိခိုက်စေနိုင်ပါသည် ... တဲ့''

ဝင်ကိုက ပြောပြီး ... ကွမ်းယာထုပ်ထဲမှ ကွမ်းတစ်ယာယူဝါးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းစမ်းပါဦး ... မင်းရဲ့ဆောင်ပုဒ်အသစ်ကို"

"မင်း ... ငါ့ဦးလေးအငယ်ဆုံး ဦးထွန်းထွန်းလတ်ကို သိတယ် ဟုတ်လား"

"နိုင်ငံခြားသင်္ဘောလိုက်နေတဲ့ ဦးလေးမဟုတ်လား"

"ဟုတ်ပ ... အခု အသက်လေးဆယ်ပြည့်တော့မယ်၊ သူ ... ငါတို့ အရွယ်က သူနဲ့ရွယ်တူအမျိုးသမီးတစ်ယောက်နဲ့ အသည်းအသန်ချစ်ခဲ့ကြတာ ... ချစ်သူသက်တမ်းဘာမှမကြာခင် ပြတ်သွားကြတာ ... ခုချိန်ထိ ငါ့ဦးလေး ... အသည်းကွဲ ... အရက်သမားကြီးဖြစ်ရော"

"အဲဒီအကြောင်းနဲ့ ဆေးလိပ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ပတ်သက်တာပေါ့ကွ ... ငါ့ဦးလေးအမျိုးသမီးက အဆုပ်မှာ ... ပေါ်တွေ့ထားလို့ ဆေးသောက်နေရတာတဲ့ ... အဲဒါကြောင့် သူ့ဆီလာရင် ဆေးလိပ်မသောက်ပါနဲ့လို့ အသိပေးထားတယ် ... ငါ့ဦးလေးကလည်း မနက် ... အိပ်ရာထရင်တောင် မျက်စိမဖွင့်ခင် ဆေးလိပ်တိုကိုအရင်စမ်းတဲ့လူ ... သူ့ အမျိုးသမီးရှေ့မှာ မေ့မေ့ပြီး ဆေးလိပ်ကိုကောက်ကောက်ဖွာနေမိတော့ ..."

"မင်းဦးလေးကို လမ်းခွဲလိုက်ရောပေါ့ ... အင်းလေ ကျန်းမာရေး ... ထွက်ကိုးကွ"

"အင်း ... "

"ဒါနဲ့ အဲဒီအမျိုးသမီးက တခြားလူနဲ့ယူသွားရောဆိုပါတော့"

"ဆုံးသွားပါပြီ ... အဲဒီရောဂါနဲ့ပဲ"

"မင်းဦးလေးက စိတ်နာနာနဲ့ ဆေးလိပ်ဖြတ်ပစ်လိုက်ရော ဆိုပါတော့"

"အေး ... စီးကရက်ပြောင်းသောက်နေတယ် ... ဆေးပေါ့လိပ် ... သောက်တော့ဘူး"

ပြောပြီး ... ဝင်းကိုက ကွမ်းတံတွေးကို ဖျစ်ခနဲထွေးလိုက်ကာ ... ည်နှင့်ဆက်ထိုင်နေသည်။ စိုးမိုးသူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတော့ ... ည်း

ပြီးနောက် ... အတွေးကိုယ်စီဖြင့် အတန်ကြာငြိမ်နေကြသည်။ ... သူက တစ်ဝက်နီးပါးလောင်ကျွမ်းနေသော စီးကရက်ကို ခပ်တွေတွေကြည့် ... ပြာတွေကို ခွေချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားပြီးပျော်အောင်နေပေမယ့် ... မေ့လို့မရတဲ့အရာတွေက ခဏခဏပြန်ပေါ်လာတတ်တယ်နော်"

"ဘာလဲဟ ... အစမရှိအဆုံးမရှိနဲ့ ... လုပ်ပြန်ပြီ"

"ပန်းအိအိဖြူကို ငါ ... သိပ်စွဲလန်းနေပြီကွာ"

"ဟိုကတော့ ... မင်းကို လူ့လောကမှာရှိတယ်လို့တောင် မှတ်ရဲ့လား မသိဘူး"

"ပြောမရပါဘူးကွ ... သူလည်း ငါ့ကို တိတ်တိတ်လေး ကြိတ်ပြီး အသိအမှတ်ပြုချင်ပြုထားမှာပေါ့"

"ဖြစ်နိုင်ပါတယ် ... မင်းရောဂါသည်းလာရင် ဦးကျော်သူအဖွဲ့ဆီကို အကြောင်းကြားပေးဖို့အတွက်လေ"

"မေတ္တာစစ်နဲ့ချစ်တတ်တဲ့သူအပေါ်ကို မင်း အဲလိုမျိုးအမနာပ မတွေး စမ်းပါနဲ့ကွာ ... မုဒိတာပွားစမ်းပါ"

"မုဒိတာပွားချင်စရာလေ ... မင်းက ... ရွှက်ကျပင်ပေါ်က မျောက်လောင်းအသည်းနဲ့"

"အဲဒါ ... ဘာပြောတာလဲ"

"ဟိုခုန်ဒီခုန်လေ ... မင်းမှာ လက်ရှိ ယုယခင်ရှိနေလျှက်သားနဲ့"

"အေးကွာ ... ငါလည်း တစ်ခါတစ်ခါစဉ်းစားမိပါတယ်၊ ဘာအပြစ်မှ မရှိတဲ့ ယုယခင်အပေါ် မတရားများလုပ်မိနေပြီလားလို့"

"တစ်ခါတစ်ခါမဟုတ်ဘူး မင်း ... အဲဒီပန်းအိအိဖြူဆီကို စိတ် ရောက်ချင်တိုင်းစဉ်းစားရမှာ"

"ဒါပေမဲ့ ... ယုယခင်အနားမှာ ငါ့ဆန္ဒတွေဝေ့ဝဲမနေတော့တာ သေချာတယ်၊ ပန်းအိအိဖြူနဲ့ကျတော့ ... ခုလိုမျိုး နာမည်လေးခေါ်လိုက် ကြားလိုက်ရတာနဲ့တင် ရင်ခုန်သံတွေက လတ်ဆတ်သွားတာ ... ဝုန်းဒိုင်းကြ သွားတော့တာ ... အဲဒါကြောင့် ဘာဆက်လုပ်ရမှန်းမသိဖြစ်နေတာ"

"ဒါဆို ... မင်း ... ယုယခင်ကို ဘာဖြစ်လို့ဖွင့်ပြောခဲ့လဲ၊ မင်း စခဲ့တဲ့ဇာတ်လမ်း ... ဘယ်မိန်းကလေးဖြစ်ဖြစ် သူ့ရင်ထဲက အမှန်တကယ် နေတဲ့တိုင်အောင် သူ့ဘက်က ဘယ်တော့မှစလာမှာမဟုတ်ခဲ့ဘူး၊ ဇာတ်လမ်း ဆိုတာ စပြီးရင် ဇာတ်သိမ်းလည်းတတ်ရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေပါကွာ ... အဲဒါ လွန်ခဲ့မိတဲ့စကားတစ်ခွန်းကြောင့် အခု ပြေးသမ်းပျောက်နေပြီလေ"

အေးဝင်းကိုက စိုးမိုးသူကို သနားစရာသတ္တဝါလို ... စိတ်ပျက်စရာသူသားလို ... ပေစောင်းစောင်းနှင့်စိုက်ကြည့်လိုက်ပြီးမှ ...

"မင်းအတွက်ပြေးလမ်းက မင်းရှေ့မှာမြင်နေရပါတယ်၊ ရွေးချယ်မှုနှုန်ကန်ဖို့ပဲလိုတာပါ"

အေးမင်းထွန်းက ကွမ်းတံတွေးကို ဖျစ်ခနဲမြည်အောင် ထွေးလိုက်သည်။ သူက ... လက်ထဲမှစီးကရက်တိုကို ခပ်မျှင်းမျှင်းရှိုက်ဖွာလိုက်သည်။ စီးကရက်လည်းတို နေလည်းညိုပြီ ...

နှုတ်ဆက်ထွက်ခွာတော့မည့် နေအလင်းရောင်ဖြင့် နိုင်လွန်ကတ္တရာလမ်းမပေါ်တွင် တံလျှပ်တချို့ထင်ဟပ်လာသည်ကို မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၆)

ပေါ်တီကိုအောက်တွင် မောင်းလာသည့်ဟွန်ဒါအက်ကော့ကို ညင်သာ
စွာရပ်လိုက်ကာ စက်ပါသတ်လိုက်သည်။ မညင်သာ၍မဖြစ် ဒီချိန်ဆို အိမ်တွင်
ဘိုးတော်ပြန်ရောက်နေတတ်သည်။

အိမ်ထဲလှမ်းဝင်စဉ် ဧည့်ခန်းကိုတစ်ချက်ရှိုးလိုက်သည်။ သူ့ထက်
အသက်အနည်းငယ်သာပိုကြီးပုံရသည့် လူတစ်ယောက်နှင့်ဘိုးတော် စကား
ထိုင်ပြောနေသည်။

"သား ခဏနားလိုက် … ထမင်းစားရင်စား … ပြီးရင် ဧည့်သည်
ကိုလိုက်ပို့ပေးရဦးမယ်"

"ဟုတ်ကဲ့"

သူ့အဖေရှေ့မှ လူငယ်ကတော့ …

"ဟာ … မဟုတ်တာဦးရယ် … လိုက်မပို့နိုင်းပါနဲ့ … နေလည်
ပူတော့ ပို့ရတဲ့သူပင်ပန်းပါတယ်၊ ကျွန်တော် တက်စီပဲစီးသွားလိုက်ပါ့မယ်"

"အဲဒီနေပူလို့လည်း လိုက်ပို့နိုင်းတာကွ … လိုက်သာသွားပါကွာ
ငါ့သားလည်း သူ့လုပ်ငန်းမစဖြစ်သေးတော့ အားနေပါတယ်"

စိုးမိုးသူ အသာလေးဆက်လျှောက်သွားလိုက်သည်။

"ဟဲ့သား … ထမင်းစားမှာလား"

"မစားသေးဘူး မေမေ … မဆာသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုဘယ်ကပြန်လာတာလဲ ... မင်းထွဋ်နဲ့တွေ့ခဲ့လား"

"ဟင့်အင်း ... ဝင်းကိုနဲ့ပဲတွေ့ခဲ့တာ"

"သားမရှိတုန်း မင်းထွဋ် အိမ်ကိုလာသွားသေးတယ်"

သူနှင့် တစ်ခါစကားပြော အဆင်မပြေဖြစ်ပြီးကတည်းက မင်းထွဋ်ထံ သွားသည်မှာ ကြာပြီ။ ယခု သူထံလာခြင်းမှာ အကြောင်းထူးတစ်ခုခုရှိနေ၍ လားမသိ။ ခုတော့ မင်းထွဋ်က တစ်ဦးတည်း မှော်ဘီဘက်တွင် ခြံတစ်ခြံဝယ်၍ ကြက်မျိုးမွေးမြူရေးလုပ်ရန် စီစဉ်နေသည်။ စိုးမိုးသူနှင့်အေးဝင်းကိုက နှစ်ယောက် ပေါင်း 24 Mart ဖွင့်ရန် စီစဉ်နေကြသည်။

စီးပွားရေးလမ်းကြောင်းပါ ကွဲနေတော့သည်။

❀✎❀

စိုးမိုးသူ လုံးဝမမျှော်လင့်သောရပ်ကွက်သို့ ရောက်လာရသည်။

"ဟုတ်ကဲ့ ... ရှေ့မှာမြင်နေရတဲ့လမ်းထဲကို ချိုးဝင်ပါ့မယ်"

သူလိုက်ပို့ရသည့် သူ့အဖေညွှန်သည်၏စကားက သူ့ကို ပို၍ထိတ်လန့် သွားစေသည်။

"ဘယ်အိမ်လဲ ... ကို ... အဲ ... "

"ကျွန်တော်နာမည် ဆန်းထွဋ်ဦးပါ"

"ကိုဆန်းထွဋ်ဦးအိမ်က ... "

"ဟိုရှေ့ကမြင်နေရတဲ့ နှစ်ထပ်တိုက်လေးဘေးက နှစ်ထပ်သစ်သား အိမ်လေးပါ၊ ဒီလမ်းထဲလာရတာ ကိုစိုးမိုးသူအတွက် ထူးခြားမှုတစ်ခုခုရှိနေလို့ လား ... ဒီနားရောက်မှ မျက်နှာတစ်မျိုးပြောင်းသွားသလားလို့"

တော်တော်လူကဲခတ်ကောင်းသည့်လူ ... သူက ဟန်ဆောင်မှု ညံ့ကျင်တာလဲပါလိမ့်မည်။

" ကိုဆန်းထွဋ်ဦး စိတ်ထင်လို့ပါဗျာ ... ဒါပေမဲ့ ... ခင်ဗျား စကား က နောင်တစ်ချိန်မှာတော့ ဖြစ်ကောင်းဖြစ်လာနိုင်ပါလိမ့်မယ်"

အိမ်ရှေ့သို့ရောက်၍ ကားရပ်ပေးလိုက်စဉ် ...

"အရမ်းကျေးဇူးတင်ပါတယ် ကိုစိုးမိုးသူ ... ကျွန်တော့်အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မှတ်ထားပါဗျာ ... လမ်းကြုံရင်ဝင်လည်ပါ''

''အင်း ... အဲဒီလိုမျိုးလုပ်စရာအကြောင်းတော့ ပေါ်လာမယ်ထင်တယ်''

ကားကိုခေါင်းလှည့်ပြီး အပြုံးနှင့်နှုတ်ဆက်ကာ ဆက်မောင်းလာခဲ့သည်။ ယုယခင်တို့အိမ်ထဲတွင် တိတ်ဆိတ်ပြီး လှုပ်ရှားမှုလည်းမမြင်ရ။ ဆက်မောင်းလာစဉ် ... ပန်းအိအိဖြူကို သူ လာခိုးကြည့်ဖူးသော ကွမ်းယာဆိုင်လေးရှေ့ရောက်စဉ် ကားကိုရပ်လိုက်မိသည်။ သူမတို့ဆိုင်ကို လှမ်းကြည့်လိုက်ရာ သူမကိုမတွေ့ရဘဲ သူမအစ်မကိုသာလှမ်းမြင်ရသည်။

ကွမ်းယာဆိုင်ခုံတန်းလေးတွင် သူဝင်ထိုင်လိုက်သောအခါ ...

''စီးကရက်ပဲလား အစ်ကို''

''အေး ... တစ်လိပ်ပဲပေးကွာ''

စီးကရက်ကိုမီးငြိဖွာရှိုက်ရင်း ပန်းအိအိဖြူတို့ဆိုင်ဘက်ကို လှမ်းကြည့်ကာ ရှာဖွေမိပြန်သည်။

သူ့အကြည့်ကိုသတိထားမိသည့် ကွမ်းယာသည်က ...

''အစ်ကို ... မနက်ကမှမလာဘဲ''

''ဘာဖြစ်လို့လဲကွ''

''ဟိုဆိုင်ကအစ်မ မနက်ကတည်းက ကားမောင်းပြီးထွက်သွားတာ ကျွန်တော်မြင်လိုက်လို့ ... ခုချိန်ထိ ပြန်လာတာမတွေ့သေးဘူး''

''ဘယ်သွားတာလဲ သိလိုက်လား''

''ခုနက အဲဒီအိမ်မှာ အလုပ်လုပ်နေတဲ့ကောင်မလေး ကွမ်းယာလာဝယ်လို့ ကျွန်တော်မေးလိုက်တာ ... သူ့သူငယ်ချင်းမင်္ဂလာဆောင် သွားတယ်လို့ပြောတယ် အစ်ကို''

''ဪ ... ''

ဆက်ထိုင်နေလျှင်လည်း တွေ့ရမြင်ရဖို့သိပ်မရှိသဖြင့် စီးကရက်ဖိုးရှင်းကာ ကားဆီပြန်လာလိုက်သည်။ သူ ... ကားမောင်းထွက်လာစဉ်မှာပင် လမ်းထဲသို့ ချိုးဝင်ရန်အချက်ပြနေသည့် ကယ်လ်ဒီးနားအဖြူရောင်တစ်စီးကို မြင်ရသည်။

အမှတ်မထင် ထိုကားမောင်းသူထံ အကြည့်ရောက်သွားစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ကားကိုကိုယ်တိုင်မောင်းလာသည့် ပန်းအိအိဖြူကို တွေ့လိုက်ရသည်။

သူ့ရင်တွင် ပြင်းပြင်းပြပြ လှုပ်ရှားလာပြန်သည်။

ပန်းအိအိဖြူက သူ့ထက်အရင် သူ့ကိုမြင်ပြီးဟန်ရှိသည်။ သူ လှမ်းအကြည့်မှာပင် ပန်းအိအိဖြူက သူ့ထံမှ အကြည့်ကိုရွှေ့သွားသည်။ သူ ချက်ချင်းကားကိုရပ်လိုက်ရန် စဉ်းစားမိသော်လည်း ပို၍လှပသောခွင်ကို စောင့်သင့်ကြောင်း သဘောပေါက်မိသဖြင့် ... သူမနှင့်ဆန့်ကျင်ဘက်သို့ ကျော်နိုင်းထွက်ခဲ့ရသည်။

လားရာမတူ၍ ကျော်နိုင်းရပေမယ့် ... ခဏတာ ယာယီဝေးကွာရမှုသာ ရှာကြံဖြေသိမ့်ရသည်။ တစ်နေ့တွင်တော့ သူမနှင့်နီးသည့်ထိ ကြံစည်ညီမှာအသေအချာ ...

သူနှင့်သူမ အပြင်မှာ နှစ်ကြိမ်ဆုံခဲ့ပြီး ... နှစ်ကြိမ် သူကလည်းကြိုးစားခဲ့ပြီးဖြစ်သည်။ စိုးမိုးသူအတွက် နှစ်ကြိမ်လုံးကွဲခဲ့ပြီးဖြစ်သည်။ နှုတ်သွက်လက်သွက် ... ခြေသွက် စိုးမိုးသူအတွက် ထိုနှစ်ကြိမ်က ကိုယ့်ကိုယ်ကိုယ်စဉ်းစားသုံးသပ်စရာ တော်တော်များခဲ့သည်။ သူ့ရာဇဝင်မှာ ခါးစရာများဖြစ်ခဲ့ရသည်။

ယခု ... နောက်ဆုံး သုံးကြိမ်မြောက်ဆုံတွေ့မှုတွင်တော့ ... ပို၍ဆိုးလေပြီလားမသိ။ နှစ်ယောက်သား ပို၍မြန်ဆန်စွာပင် ကျော်နိုင်းထွက်ခွာကြသည်။

နှစ်ဦးလုံး ... ဆန့်ကျင်ရာအရပ်ဘက်သို့ ကားကိုယ်စီမောင်းနေမိကြသောကြောင့် ဖြစ်သည်။

နောက်တစ်ကြိမ်ဆိုလျှင်တော့ ... လားရာမတူလျှင်လည်း ဖွတ်ကိုခဲ့ညှိယူတော့မယ် ပန်းအိအိဖြူ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဗျာ ... ကျွန်တော်ဘယ်လိုပြောရမလဲ ... ရှက်တော့ရှက်သား ဒါပေမဲ့ ... တောက် ... မဟုတ်သေးပါဘူး။ ဒီလိုထစ်ငေါ့နေလို့ ဘယ်ဖြစ် မှာလဲ ... ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့ စကားကလည်းချောနေ မှာ ... အဟင်း"

"ကျွန်တော်နဲ့ပန်းအိအိဖြူတို့ ဆုံမိတာ လေးကြိမ်ပဲရှိသေးပေမယ့် ကျွန်တော့်စိတ်အာရုံထဲမှာတော့ ဒီ့ထက်မက စွဲငြိနေတာဗျာ"

ဒါလည်း မကောင်းသေးပါဘူး ... စာသံပေသံ ဆန်လွန်းနေတယ်

"ဟဲ့ ... မောင်လေး ... အဲဒါဘာလုပ်နေတာလဲ"

ရုတ်တရက် လှမ်းခံလိုက်ရသဖြင့် ... သူ တို့လို့တန်းလန်းနှ ရှက်သွားတော့သည်။ စိုးမိုးသူက မှန်ရှေ့တွင်ရပ်ကာ ... ပန်းအိအိဖြူနှ နောက်တစ်ကြိမ်ဆုံမိလျှင် ရည်းစားစကားပြောရန်အရေး လေ့ကျင့်နေခြ ဖြစ်သည်။ ဒါကို အခန်းတံခါးမခေါက်ဘဲ စွတ်ဝင်လာသော သူ့အစ်မကမြင်ပြီ ပြုံးစိစိဖြစ်ကာ ပြောနေခြင်းဖြစ်သည်။

"မမက ဘာကိစ္စလဲ ... တံခါးလည်းမခေါက်ဘဲနဲ့"

"အဲဒါထားပါ၊ မောင်လေး ဘာလုပ်နေတာလဲဆို ... မှန်ရှေ့မှာရ ပြီး တစ်ယောက်ထဲစကားပြောနေတယ်၊ သရုပ်ဆောင်ရွေးပွဲဝင်မလို့လား မရတော့ဘူးထင်တယ်၊ မင်း အသက်အနည်းနည်းကြီးသွားပြီ"

စိုးမိုးသူက ဘာပြန်ဖြေရမှန်းမသိသဖြင့် ...

"မမ ... လာစမနေနဲ့နော် ... ငါစိတ်တိုလာပြီ"

"တူးဆန်းလွန်းလို့ပါဟယ် ... ရည်းစားတွေမှိုလိုပေါက်နေတ ငါ့မောင်လေးလိုဖိုးစွံက မှန်ရှေ့မှာ ရည်းစားစကားပြော လေ့ကျင့်နေတယ်ထ လို့"

သူ့အစ်မ တဟားဟားအော်ရယ်ရင်း ဆက်စနေသည်။ ထို့ကြော သူပဲ အခန်းထဲကထွက်ရန်ပြင်ရတော့သည်။ ထိုအချိန်တွင် သူတို့အမေ အခ ထဲဝင်လာသည်။

"ဘာတွေဆူညံနေကြတာလဲ"

"ဒီမှာလေ ... သားအခန်းထဲဝင်လာပြီး မမ လိုက်စနေလို့"

"မဟုတ်ဘူး မေမေ ... သူအရူးထနေတာကို သမီးတွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



ရှက်နေတာ''

''မမနော် ... ငါ စိတ်ဆိုးလာပြီ''

''ကဲကဲ ... တော်ကြစမ်း ... နားညည်းတယ်''

သူတို့အမေက ဝင်လာခဲ့တာတောင် ... သူ့အစ်မက အရယ်မရပ်။ ဖိုးမိုးသူ အင်္ကျီတစ်ထည်ကိုကောက်စွပ်ကာ အပြင်သို့ထွက်တော့သည်။ သူ့အစ်မ စက်ကွင်းကတော့ မလွှတ် ...

''မေမေ့သားကို ဒီအတိုင်းမလွှတ်ထားနဲ့တော့ ... ခြေငြိမ်သွားအောင် မိန်းမပေးစားလိုက်''

''အောင်မယ် ... သူမစွံတိုင်း သူများကိုလိုက်ပေးစားချင်နေတယ်''

သူ့အစ်မမျက်နှာ ညိုခနဲဖြစ်သွားသည်။

သူ့မေမေက သူ့ကို စူးခနဲကြည့်သည်။

''မယူချင်လို့ ဒီတိုင်းနေတာပေါ့ ... ယူချင်ရင် ဘွဲ့မရခင်ကတည်းက အိမ်တောင်ပြန်မရောက်ဘူး''

''အိုး ... တော်ကြစမ်ပါဟယ်''

သူတို့အမေက ငေါက်သည်။ သူက အခန်းထဲမှ အမြန်လစ်ထွက်လိုက်သည်။ ကောင်းတယ် ...

သူ့စကားက မမအရှိုက်ကိုထိသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ပန်းအိအိဖြူဆိုတာ နာမည်နဲ့လူနဲ့လိုက်အောင် နုနုနွဲ့နွဲ့လေးပါပဲ၊ ဒါပေမဲ့ စိတ်ကတော့ဆတ်ဆတ်ကျဲဗျ ... တကယ်တော့ ကျွန်တော်က ပန်းအိအိဖြူရဲ့အစ်မနဲ့မှ သက်တူရွယ်တူဗျ ... ဒါပေမဲ့ သူတို့မိဘတွေနဲ့ ကျွန်တော်တို့မိဘတွေက ရပ်ဆွေရပ်မျိုးဆိုပေမယ့် တအားခင်ကြတာ ... ကျွန်တော်တို့ကလေးတွေကလည်း မောင်နှမရင်းချာတွေလိုပဲ ခင်ကြချစ်ကြတယ်၊ နှစ်အိမ်တစ်အိမ် ဝင်ထွက်စားသောက်ကြတာ"

"ဪ ... ဒီလိုလား"

ဆန်းထွဋ်ဦးစကားကိုကြားပြီး ... စိုးမိုးသူ အထူးဝမ်းသာသွားသည်။ သူ့အတွက် အဝင်အထွက်ကောင်းစေမည့် အပိုင်လမ်းကြောင်းတစ်ခုရပြီဟု တွေးကာ ပျော်သွားသည်။

"ဒါနဲ့ ကိုဆန်းထွဋ်ဦးက ကျွန်တော့်ထက် အသက်ကြီးမယ်ထင်တယ်၊ ကျွန်တော့်ကို ကျွန်တော် ... ကျွန်တော်နဲ့ပြောမနေပါနဲ့ဗျ ... မင်းနဲ့ငါနဲ့ ပြောလို့ရပါတယ်၊ စိုးမိုးလို့ပဲခေါ်ပါ ... ပြီးတော့ ကိုဆန်းထွဋ်ဦးက ဘယ်နှစ် ခုနှစ် Born လဲ"

"ဟား ... ဟား ... ကိုစိုးမိုးက အိဖြူအသက်သိချင်တာ သွယ်ဝိုက်မမေးပါနဲ့ဗျာ ... တည့်တည့်မေးလို့ရပါတယ်၊ ကျွန်တော့်အသက်က (၂၅) အဲဒီတော့ အိဖြူအစ်မလည်း(၂၅)ပဲ၊ သူတို့ညီအစ်မက အသက်ကွာတယ်၊ အိဖြူက

www.burmeseclassic.com



(၂၀)ပဲရှိသေးတယ်"

စိုးမိုးသူ အနည်းငယ်ရှက်သွားသော်လည်း သိချင်တာသိရ၍ ပျော်သွားသည်။ သို့ဖြင့် သင့်တင့်အောင်တော့ စကားကိုလျှော့ချရသေးသည်။

"ဒါဆို ကိုဆန်းထွဋ်ဦးအသက်က ကျွန်တော့်အစ်မနဲ့မှ ရွယ်တူ၊ ကျွန်တော်တို့မောင်နှမက (၄)နှစ်ကွာတာဆိုတော့ ကျွန်တော့်က(၂၁)လေ"

"ဟုတ်ပါပြီလေ ... ကိုစိုးမိုးသိချင်တာက အိဖြူရဲ့ဘဝအကြောင်းလား ... ဒါမှမဟုတ် နှလုံးသားရေးရာလား"

"ဖြစ်နိုင်မယ်ဆိုရင်တော့ အားလုံးသိချင်တာပေါ့ဗျာ"

ဆန်းထွဋ်ဦးက သူ့ရှေ့ရှိလက်ဖက်ရည်ခွက်ကိုယူ၍ တစ်ငုံသောက်သည်။

"အိဖြူမှာ ရည်းစားလုံးဝမရှိသေးဘူးလို့ပြောရင် ကိုစိုးမိုးအံ့ဩသွားမလားပဲ"

"အင်း ... ဖြစ်နိုင်တဲ့စကားပါပဲ ... သိပ်တော့မအံ့ဩမိဘူး"

ဆန်းထွဋ်ဦးက ပြုံးလိုက်သည်။ လက်ဖက်ရည်ခွက်ကို မကာ တစ်ငုံဆပ်သောက်လိုက်ပြီးမှ ...

"အိဖြူကို လိုက်ချဉ်းကပ်တဲ့လူ တော်တော်များတယ်ဗျ ... ဒါပေမဲ့ ကျွန်တော် ခုနကပြောသလိုပဲ ဆတ်ဆတ်ကြဲဆိုတော့ ... လန့်ပြေးတဲ့လူနဲ့ လန်ပြေးတဲ့လူတွေချည်း ဖြစ်ကုန်တယ်"

"လန်းသွားတဲ့လူ မရှိဘူးဆိုပါတော့ဗျာ"

"ဟုတ်တယ်ဗျ ... အဲဒီလိုမျိုးပါပဲ"

"ဒီစကားကတော့ ကျွန်တော်လည်း အကြွင်းမဲ့ယုံပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် ကြိုးစားခဲ့သမျှ ဆန်ပြုတ်ဖြစ်နေရသေးလို့ပါပဲ ... ကိုယ်တွေ့ပေါ့ဗျာ"

"ပြောရရင်တော့ဗျာ ... အိဖြူမှာ မာနလို့လည်းပြောလို့မရတဲ့ သူ့ရဲ့အစွဲ ... ခံယူချက်ကြောင့် ဒီနေ့အထိ သူ့မှာအဖော်မဲ့နေတာပေါ့"

"ပြောပါဦး ... ဘယ်လိုခံယူချက်အစွဲမျိုးလဲဗျ"

"ဒီလိုဗျ ... သူနဲ့လက်တွဲမယ့်သူဟာ သူ့အချစ်ဦးဖြစ်ရမယ်တဲ့ ပြီးတော့ ... အဲဒီလူဟာ သူ့လိုပဲ နောက်ကြောင်းရှင်းရမယ်ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သူ့ရင်ထဲ ဒိတ်ခနဲဆောင့်ထိုးသွားကာ ... မသက်မသာခံစားလိုက်ရသည်။ သူ့ရင်တစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားလိုက်သည်မှာ ... စိတ်တည်ငြိမ်မှုရစေရန် အချိန်အတန်ကြာ ကြိုးပမ်းလိုက်ရသည်။

စိုးမိုးသူကို အကဲခတ် ... သူ့မျက်နှာကို စာဖတ်နေသည့် အရောင်းအဝယ်သမား ဆန်းထွန်းဦးက ခပ်ဖော့ဖော့စကားကိုတော့ ဆက်ပြောပေးရှာသည်။

"အစိကကတော့ဗျာ ... တကယ်တမ်း တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာချစ်မိကြရပြီဆိုရင် ဒါတွေကို ထည့်တွက်အားမှာ မဟုတ်တော့ပါဘူး။ ချစ်တာသာ ပဓာနဖြစ်သွားမှာပါ"

စိုးမိုးက ခပ်ယဲ့ယဲ့သာပြုံးပြလိုက်နိုင်ရှာသည်။ စကားဖြင့် မတုန့်ပြန်နိုင် ...

"ကိုစိုးမိုးရဲ့အကြောင်း ... အဲ ... စိုးမိုးရဲ့ ပတ်သက်ဆက်နွယ်ရာတွေကိုတော့ အီဖြူ မှတ်မှတ်ထင်ထင်ဖြစ်လာအောင် ကိုယ်ပြောပြထားပေးနိုင်ပါတယ်"

"တစ်ခုတော့ရှိတယ်ဗျာ ... ဒီအကြောင်းတွေကို ကျွန်တော့်ဖေဖေ မသိစေချင်ဘူး"

"အဲဒီအတွက်တော့ စိတ်မပူပါနဲ့ဗျာ ... ဦးနဲ့ကိုယ်က ဟိုတလောလေးကမှ ပွဲရုံမှာ ကုန်သွားသွင်းရင်းနဲ့ ခင်သွားကြတာ ... သိပ်အရင်းအနှီးကြီး အခြေအံနေမဟုတ်သေးပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ ... ကျွန်တော့်အကြောင်းကို ကိုဆန်းထွန်းသိအောင်တော့ ပြောပြထားရမှာပေါ့ ... ကျွန်တော့်မှာ ... အခုချိန်ထိပေါ့ဗျာ အချစ်စစ်ကိုရှာဖွေရင်းနဲ့ ရည်းစားတွေထားခဲ့တာ တော်တော်များခဲ့ပါတယ်၊ နာမည်ပျက်တာသာ အဖတ်တင်ခဲ့ပါတယ်၊ ဒါပေမဲ့ ... ကျွန်တော့်ရည်းစားဟောင်းတွေနဲ့ကျွန်တော်က ကွဲခဲ့ပေမယ့် အခင်မင်မပျက်ကြပါဘူး၊ ဘာလို့လဲဆိုတော့ ... အခွင့်အရေးရပေမယ့်လည်း သူတို့ဘဝတွေကို ကျွန်တော် လုံးဝမဖျက်ဆီးခဲ့လို့ပါပဲ"

ဆန်းထွန်းဦးက စိတ်ဝင်တစားနားထောင်သော်လည်း ဝေဖန်သလိုလို မှတ်ချက်ကိုတော့ ပြန်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့အယူအဆက တစ်မျိုးပဲနော်"

"ကျွန်တော့်အကြောင်းကို ကိုဆန်းထွဋ်ပြောပြပေးမယ်ဆိုရင်တောင် ကျွန်တော် အခုပြောတဲ့အကြောင်းကို အမြင်ရှင်းသွားအောင် ... အိဖြူကို သေသေချာချာ ပြောပြပေးစေချင်တာပေါ့၊ ဖြစ်နိုင်မယ်ဆိုရင် ပြောပါတယ်"

"အင်း ... အယူအဆတစ်မျိုးရှိတဲ့ စိုးမိုးက ... ခံယူချက်အစွဲရှိတဲ့ ပန်းအိအိဖြူကိုမှ ချစ်မိတယ်ဆိုတော့ ... ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ့်ဘက် ကတော့ တာဝန်ကျေစေရမယ်လို့ အာမခံပါတယ်"

"ကျွန်တော်ကလည်း ... ကြိုပြီးတော့ ကျေးဇူးတင်ထားလိုက်ပါတယ်ဗျာ"

"ဟုတ်ပါပြီဗျာ ... ဒါနဲ့ ... ခုတလော ပန်းအိအိဖြူကို ဆိုင်မှာ ထိုင်တာ သိပ်မတွေ့ရဘူးနော်"

"ကွန်ပျူတာသင်တန်း တက်နေတယ်လေ"

"ဝန်ထမ်းအလုပ် ဝင်မလို့တဲ့လား"

"အဲဒီအကြောင်း အတိအကျတော့မပြောဖြစ်သေးဘူးဗျ ... ကိုယ်သည်း ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်ပြီး သူတို့ဆီမရောက်ဖြစ်တာတောင် ကြာပြီ၊ မနက်ဖြန်တော့ အိဖြူကို သွားတွေ့လိုက်ပါဦးမယ်၊ စိုးမိုးရဲ့ ကော့စ်အတွက်လေ"

"ကျေးဇူးပါပဲဗျာ"

"အော်ပရေးရှင်းအိဖြူ အောင်မြင်သွားပြီဆိုရင်တော့ ... အဲဒီ ကျေးဇူးဆိုတာနဲ့ ကျေနပ်နိုင်းလို့မဖြစ်ဘူးနော်"

"ဟား ... ဟား ... ဟုတ်ပါပြီဗျာ၊ ကိုဆန်းထွဋ်သဘောကျ ဖြစ်စေရမှာပေါ့"

ရယ်မောပြောဆိုရင်း လမ်းခွဲဖြစ်ကြသည်။

ဘာပဲဖြစ်ဖြစ် ... ကိုယ့်ဘက်ကစ၍ လက်ကမ်းရမည်မို့ လျှောက်သာသည့်လမ်းကြောင်းမှန်သမျှကို ကြိုးစားဖောက်ကြည့်နေရမှာပင်။ သူ့ဘက်က ဆုပင် မည်းစေဦးတော့ ... တဖြည်းဖြည်းဖြူလာမည့်နေ့ကို စောင့်ကာ သူ့ကို ကိုယ့်ရင်ခွင်ထဲအရောက် ချော့မြှူသိမ်းသွင်းရမည်မှာ ကိုယ့်တာဝန်။

ကိုယ့်ကို ခါးသီးသည့်အဆင့် မရောက်လောက်သေးဟု တွေးရင်းနှင့်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဘာမှမဝေဖန်ချင်တော့ဘူး။ မင်းရဲ့နှလုံးသားရေးရာ ကိုယ်ရေးကိုယ်တာကိစ္စတွေမို့ ဒီရှေ့ လုံးဝမစွက်ဖက်တော့ဖို့ ငါဆုံးဖြတ်လိုက်ပြီ၊ အခု ငါပြောချင်တာက တခြားအကြောင်းအရာ"

စကားကို အလေးအနက်ပြောနေသည့် မင်းထွဋ်ကို ... စိုးမိုးသူက မျက်နှာစေ့စေ့ကြည့်ရင်း အဓိပ္ပာယ်ဖော်မရအောင်လည်း စကားထောက်ပေးလိုက်သည်။

"အင်း ... ဆိုပါဦး"

"မင်းတို့နှစ်ယောက်လုံးက အရင်တစ်ခါက ငြင်းပြီးပြီဆိုပေမယ့်လည်း ငါကတော့ ဝတ္တရားရှိတယ်ထင်လို့ ... ပြီးတော့ ... ငါတို့ငယ်သူငယ်ချင်းသုံးယောက်ပဲ အတူစုလုပ်ချင်လို့ ထပ်ပြောတာ၊ မော်ဘီဘက်မှာ ငါ ခြံဝယ်ပြီးပြီ၊ ရွှေ့အပတ်ဆို လုပ်ငန်းစတော့မယ် ... အဲဒါ မင်းတို့ပါချင်တယ်ဆိုရင် ခုချိန်ထိ ရသေးတယ်လို့ပြောတာ"

"မင်းလုပ်မယ့်အလုပ်က စိုက်ပျိုးရေးနဲ့မွေးမြူရေးပဲပေါ့"

"အေး"

"အဲဒါဆို ... ငါပဲပြောလိုက်တော့မယ် စိုးမိုး"

မင်းထွဋ်နှင့်စိုးမိုး စကားပြော အဆင်မပြေဖြစ်မည်စိုးသဖြင့် ဝင်းကိုက ဝင်ပြောလိုက်သည်။

"မင်းပဲစဉ်းစားကြည့် ငထွဋ် ... မင်းလုပ်မယ့်အလုပ်နဲ့ လက်ကြောမတင်းတဲ့ငါတို့နှစ်ယောက်နဲ့ ဘယ်လိုအပ်စပ်ပါ့မလဲကွာ ... မင်းတစ်ယောက်တည်းပဲ လိုမ့်ပြီးပင်ပန်းနေတော့မှာ၊ မင်းသိတဲ့အတိုင်း ငါက လူကောင်ကသာကြီးနေတာ ... အားမရှိဘူးကွ ... နောက်ပြီး ဘွယ်လိုပြောရမလဲ နှတယ်ပေါ့ကွာ"

လက်တရွယ်ရွယ်နှင့် အနားကပ်လာသဖြင့် ဝင်းကိုက လက်ကာခြေကာနှင့် သူ့စကားကို ရအောင်ဆက်ပြောသည်။

"ဒီထက်ဆိုးတာရှိသေးတယ်၊ မင်းစိတ်မဝင်စားဘူးဆိုတဲ့ 24 Mar ကိစ္စကို ... ငါတို့နှစ်ယောက်က အကောင်အထည်ဖော်ဖို့ ဒီနေ့ပဲ အခန်းငှားစာချုပ်ချုပ်တော့မှာ"

မင်းထွဋ်က စိုးမိုးဘက်လှည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"အေး ... ဟုတ်တယ် ... မင်းလည်း ငါတို့လုပ်ငန်းမှာ ပါချင်တယ်ဆိုရင် ... အခုပါလို့ရသေးတယ်၊ အခုမဟုတ်ပါဘူးကွာ မင်းအနေနဲ့ ပါချင်တယ်ဆိုရင်တော့ ငါတို့ဘက်က အမြဲတမ်း Welcome ပါ"

"ဟုတ်ပါပြီကွာ ... ငါလည်း တစ်ယောက်တည်းဆိုတော့ အလုပ်များမှာ ... ခြံထဲမှာ အိမ်အသေးလေးဆောက်ပြီးရင် ... ငါက အဲဒီမှာသွားပြောင်းနေတော့မှာ ... နောက်ဆို မင်းတို့နဲ့တွေ့ဖို့တောင် သိပ်လွယ်တော့မှာ မဟုတ်ဘူး"

ဝင်းကိုက လူကြီးသူမလေသံဖြင့် ဝင်ပြောသည်။

"အဲဒါကြောင့်ပြောတာပေါ့ မောင်မင်းထွဋ်ရယ် ... ခုပြောတာက မောင်ဝင်းကိုလေးတို့နဲ့ အတူပဲ ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ အိုးမကွာ အိမ်မကွာ စီးပွားရှာပါလားလို့"

အနီးသို့ရောက်နေပြီဖြစ်သည့် မင်းထွဋ်က ဒီတစ်ခါတော့ အလွတ်မပေးတော့ဘဲ ... ဝင်းကိုလက်မောင်းကို မနာအောင်လှမ်းထိုးလိုက်သည်။

"ဟော့ကောင် ... ဘိုးတော်ကြီး လေသံမျိုးနဲ့လုပ်မနေနဲ့၊ ငါလည်း ငါ့ဝါသနာနဲ့ငါ လုပ်မယ်၊ မင်းတို့လည်း မင်းတို့သက်သာရာသက်သာကြောင်း အလုပ်ရှာလုပ်"

"အဟီး ... ငါတို့လည်း မင်းပြောသလိုပဲလုပ်မှာပါ၊ ဝန်ထမ်းကို နေ့နှစ်ယောက် ညနှစ်ယောက်၊ အရံနဲ့ပါငှားထားမှာ၊ ငါတို့က လိုအပ်သည်များကို စစ်ဆေးညွှန်ကြားတာကိုတောင် ရံဖန်ရံခါပဲလုပ်နိုင်မှာ"

"မင်းတို့နှစ်ကောင်က ဘာတွေအလုပ်များရမှာမို့လဲ"

"ငါက လယ်ယာပြန်စားရေးလေ ... စိုးမိုးက လယ်ယာဖွံ့ဖြိုးရေး လေ"

"အေးပါကွာ ... မင်းတို့နှစ်ယောက်ကတော့ လိုက်ဖက်ညီပါတယ်၊ ငါကတော့ ဘဝပေးအခြေအနေက မင်းတို့နဲ့မတူဘူး၊ ရုန်းကန်လှုပ်ရှားရတော့မယ်၊ အလုပ်လည်းများတော့မှာ ... သွားမယ်ဟေ့ ... နောက် တော်တော်နဲ့ တွေ့မှာမဟုတ်လို့ တစ်ခါတည်းနှုတ်ဆက်ထားခဲ့ပြီ"

ပြောပြောဆိုဆို မင်းထွဋ်က ... လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းထွဋ်ရှ ဆိုင်အပြင်ရောက်တာသေချာမှ ဝင်းကိုက စကားစသည်။

"ဟိုတစ်နေ့က လှည်းတန်းမှာ ယုယခင်နဲ့ငါတွေ့တယ်၊ မင်းဘယ်ရောက်နေသလဲတဲ့ ... သူ့ဆီကို မလာတာကြာပြီတဲ့ ... တွေ့ရင်ပြောလိုက်ပါဆိုပြီး မှာလိုက်တယ်"

"ယုယခင်တို့လမ်းကို ငါ မကြာမကြာရောက်ပါတယ်၊ ဒါပေမဲ့ သူ့ကိုသွားတွေ့တာတော့မဟုတ်ဘူး၊ ငါ့ကားကိုမှတ်မိမှာစိုးလို့ မမစီးတဲ့ကားနဲ့သွားရတယ်"

"ဟိုစတိုးဆိုင်က ကောင်မလေးကို သွားသွားငေးနေတာပေါ့လေ"

"ငေးရုံအဆင့်ထက်တော့ ကျော်ခါနီးပါပြီ"

"ငါစဉ်းစားမရတာတစ်ခု ရှိနေတယ်ကွ ... အရင်တုန်းကဆို မင်းလောက်လက်သွက်တဲ့ကောင်မရှိဘူး၊ ခု ... ဒီတစ်ယောက်ကျမှ ဘယ်လိုဖြစ်ရတာလဲ ... တွန့်ဆုတ်တွန့်ဆုတ်နဲ့ ကျောက်ရုပ်သွက်ချာပါဒလိုက်နေတဲ့အတိုင်းပဲ"

"ခုတစ်ခါက အရင်ဟာတွေနဲ့လုံးဝမတူဘူးကွ ... ဒီတစ်ယောက်မနှစ်သက်ပါဘူးဆိုတဲ့အရာကို ငါကကျူးလွန်ပြီးဖြစ်နေပြီ၊ နောက်ပြီး ... ဒီတစ်ယောက်ကမှ ... ငါရှာနေတဲ့ အချစ်စစ်အချစ်မှန်လို့ ထင်နေတဲ့အတွက် ငါ့ဘက်က အချွတ်အချော်၊ အမှားအယွင်းဆိုတာ လုံးဝမဖြစ်စေချင်ဘူး၊ ဒီတော့ မင်းပြောတာလည်း မှန်ပါတယ်၊ ငါ အထူးသတိထားပြီး လှုပ်ရှားနေတယ်"

ဝင်းကိုက ခေါင်းတညိတ်ညိတ်လုပ်ကာ ... ဆရာကြီးစတိုင်ဖြင့် စိုးမိုးသူ့မျက်နှာကို စိုက်ကြည့်နေသည်။

"အထူးသတိထားပြီး လှုပ်ရှားနေတယ် ... ဟုတ်လား ... ဒါဆို ဘာလို့ ကိုဆန်းထွဋ်ဦးကို မင်းအကြောင်းတွေ ခရေစေ့တွင်းကျပြောလိုက်ရတာလဲ ... နောက်ပြီး ရည်းစားဟောင်းတွေအပေါ် ဘယ်လိုစည်းထားပါတယ်ဆိုတာတောင် ပါလိုက်သေးတယ်၊ အဲဒီလူနဲ့မင်းနဲ့ဆိုတာ အခုမှသိတဲ့လူ သူနဲ့ပန်းအိအိဖြူက တကယ့်ဆွေမျိုးရင်းချာလို အနေအထား ... မင်းမကောင်းကြောင်းတွေသိထားမှတော့ သူ့နှမလေးလိုသဘောထားတဲ့ ကောင်မလေးက မင်းဘက်ပါနေရင်တောင် တားတော့မှာပေါ့ကွ"

စိုးမိုးသူ ငိုင်သွားသည်။

---

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်တည်းရှိသည့် စကားဝိုင်းလေးတွင် အတန်ကြာသည်အထိ ငြိမ်သွားသည်။

"ကိုဆန်းထွန်းဦးကို ဝါယံလို့ ... ငါ့အပေါ်လည်း နားလည်နိုင်လိမ့်မယ်လို့ထင်လို့ ငါ့အကြောင်းကို မကွယ်မဝှက်ဘဲ ပြောပြခဲ့မိတာပါကွာ"

"မင်းစိတ်နဲ့ နိုင်းလိုက်တာကိုးကွ ... သူ့စိတ်နဲ့နှိုင်းလိုက်လို့ ရာဇဝင်ငြင်းသွားရင် ဘယ်လိုလုပ်မလဲ ... အဲဒီအခါမှ အဖတ်ဆယ်ရင်တော့ မင်းဖက်ကလည်းဆန်ပြာ ဖြစ်ရတော့မှာ"

"နေပါဦး ဝင်းကိုရ ... အခု မင်းက မင်းရဲ့အတွေးနဲ့တင် ပြောချလိုက်တာ ... ငါက မြှောင်းထဲရောက်ပြီး ဖွက်တွေနဲ့ပေသလူးနေပြီ၊ မင်းဟာ ကလေးအတွေးဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

အေးဝင်းကိုက မာန်ဝင့်သည့်အပြုံးကို ပီပြင်စွာပြုံးလိုက်ကာ ...

"စောင့်ကြည့်လိုက်လေ"

ဝင်းကို၏ ပိုင်နိုင်သည့်လေသံကြီးကြောင့် ဟုတ်သော်ရှိမဟုတ်သော်ရှိ ... ိုးတစ်ယောက် မျက်နှာငယ်နှင့်အတူ မောဟိုက်နွမ်းလျှနေသည်မှာ ... ...င်းကို မျက်နှာပြင်ကြီးကိုပင် မော့မကြည့်နိုင်ရှာ။ နှုတ်လှန်ထိုးဖို့ဆိုတာဝေး ...ပွဲခုံ တစ်လှည့် ကြမ်းပြင်တစ်လှည့်သာ ငေးကြည့်နေနိုင်တော့သည်။

အခုတောင် ... ပန်းအိအိဖြူကို အဝေးမှသာငေးနေရသည်။ ...ဆန်းထွန်းက ချွန်တွန်းလုပ်ခဲ့သော် ... သူမတို့ဆိုင်ရှေ့ ဖြတ်လျှောက်တောင် ...ပ်ခွင့်ရပါတော့မလားမသိ။

ဘေးအတွက်လေးရမည့်ဘဝတော့ သူမကြုံလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အသံပဲကြားကြား ... လမ်းတစ်ဖက်ခြားကပဲမြင်မြင် ... ရင်ဆိုင် တွေ့တွေ့ ... မင်းနဲ့ဆက်စပ်ပတ်သက်ရာ အရိပ်အငွေ့တွေချည်းပဲမို့ လွမ်းဆေ တသနေရပါလား ပန်းအိဖြူရယ် ...

ပြန်လည်တွေးတောမိတဲ့အခါတိုင်း သတိရလွမ်းမောတတ်တဲ့အခ တိုင်း လိုလားတပ်မက်မှုဆန္ဒတွေ ပြင်းပြရတဲ့နေ့ရက်တိုင်းမှာ ... အမည် မှန်တိုင်းက ကိုယ့်ဘဝကို ... ကိုယ့်ရင် ... ကိုယ့်အသည်းကို ရိုက်ခတ်တုန် စေခဲ့ပြီ။ အခါခပ်သိမ်းမှာ ဥပေက္ခာတွေလိမ်းကျံထားတဲ့ မင်းရဲ့အမူအပြ ကိုယ် ဘယ်လိုမှနားလည်လို့မရနိုင်အောင်ပါဘဲလေ ...

မယုံကြည်ချင်ဘူး။

မင်း ကိုယ့်ကိုမုန်းလိမ့်မယ်လို့ ... နှောင်ဘဝ နောင်ကမ္ဘာတွေအ ကိုယ် မယုံကြည်ချင်ဘူး။

မင်း ... နှုတ်ခွန်းခြွေ ... စိမ်းကားမှုတွေပဲ ညွှန်းဖွဲ့နေပေမ မင်းရဲ့မျက်ဝန်းရိပ်မှာ ကိုယ်အလိုလားဆုံး သမုဒယပုံရိပ်တွေ မြင်တွေ့နေ တယ်။ ဒါပေမဲ့ ...

ဒီနေ့ထိ နားလည်ယုံကြည်မိတဲ့ ကိုယ့်ရဲ့မျှော်လင့်ခြင်းတွေကို ဘာလို့ အပိုင်းအစတွေဖြစ်အောင် ရိုက်ချိုးဖွဲ့ခြွေချင်ရတာလဲ ... မင်းရင်ထဲ ကိုယ်နဲ့ပတ်သက်တဲ့ဆန္ဒအမှန်ကို ကိုယ်ဖတ်ခွင့်ရမယ်ဆိုရင် နားလည်ချင်လို



www.burmeseclassic.com

www.burmeseclassic.com



တာ ပန်းအိဖြူရယ် ...

မင်း ကိုယ့်ကို ... အလွယ်တကူ ရက်ရက်ရောရောပေးအပ်ခဲ့တဲ့ မိန်းကားခြင်းလက်ဆောင်မွန်တွေကို ကိုယ့်ရင်မှာ ဖွတ်တရွတ်သိမ်းဆည်းမနိုင်း ပါနဲ့ ... ပြီးတော့ ... လက်မခံပါရစေနဲ့ ...

ပျော်ရွှင်စရာ မျှော်လင့်ခြင်းတွေနဲ့ပြည့်ဝနေတဲ့ မနက်ဖြန်တွေကိုပဲ ကိုယ်စောင့်မျှော်နေပါရစေ။

“မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး”

အရူးတစ်ယောက်လိုပင် စိတ်လှုပ်ရှားစွာဖြင့် နှုတ်မှအသံထွက်သည် အထိ ရုတ်တရက်ရေရွတ်မိသွားသည်။ ပြီးတော့ ... တိုးတိုးသက်သာမဟုတ် စိတ်လှုပ်ရှားမှုအတိုင်းအတာနှင့်အတူ နှုတ်ထွက်စကားကလည်း မြင့်မားသွား သည်။

အနီးအပါးမှ ဖြတ်လျှောက်သွားသူတချို့က ... သူ့ကို ကွက်ကြည့်ကွက် ကြည့် လုပ်သွားကြတော့သည်။

လူစည်းကားလှသော ရန်ကုန်မြို့၏ အနော်ရထာလမ်းမ ပလက်ဖောင်း ပေါ်မှ သူရပ်ကြည့်နေရင်း ရေရွတ်မိခြင်းဖြစ်သည်။ လမ်းမ တစ်ဘက်ခြမ်း ပလက်ဖောင်းပေါ်တွင် သူနှင့်ရွယ်တူလူတစ်ယောက်နှင့် ပန်းအိအိဖြူ ...

စကားတပြောပြောနှင့် ပခုံးချင်းယှဉ်လျှောက်သွားကြသည်။

စိုးမိုးသူရင်ထဲတွင် ... ဆတ်ဆတ်ခါအောင် နာကျင်သွားတော့သည်။ လောင်ပြင်းပြသည့် နှလုံးသားတို့ အရည်ပျော်ကျကုန်ပြီလားမသိ။

ထိုစုံတွဲ သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်တိုင်အောင် သူ့မျက်လုံး ထဲမှ မထွက် ... သူ့စိတ်အမြင်အာရုံတွင် ထင်ထင်ရှားရှားစွဲနေတော့သည်။ ကြည့်လေမြင်လေရာ သူတို့ပုံရိပ်များသာ ထင်ဟပ်လာသည်မို့ အကြိမ်ကြိမ် ခေါင်းခါရမ်းပစ်နေမိသည်။

သူ့ကားဆီသို့ ဘယ်လိုလှမ်း၍ ဘယ်လိုပုံနှင့်ရောက်ခဲ့မှန်း မသိလိုက်။ သူ့စိတ်က ပန်းအိအိဖြူတို့နောက် ကောက်ကောက်ပါအောင်လိုက်ပါသွားသည်။

“ရက်စက်လိုက်တာ ... ရက်စက်လိုက်တာ ပန်းအိဖြူရယ်”



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတွင် ကိုယ်တိုင် ပထမဆုံးရေရွတ်မိသော အသုံးအနှုန်း ... ပထမဆုံးခံစားမိသော တူးခါးသည့်အရသာ ... ပူလောင်ပြင်းပြသည့်ဆန္

မဖြစ်နိုင်ဘူးဟု ကိုယ်တိုင်ပင် နှုတ်ထွက်စကားဆိုထားခဲ့ပြီးကာ ဘာကြောင့် စိတ်ညစ်ညူးပင်ပန်းစရာ အတွေးစကို ပွားနေမိရတာလဲဟု ... ကိုယ့်ကိုယ်ကိုယ် ပြန်ဆင်ခြင်လိုက်သည်။ သို့သော်လည်း ... ခြေကုန်လက်ပ ကျနေသော လူတစ်ယောက်ပမာ ခံစားနေရသည်။

စိတ်ထဲတွင် မွန်းကျပ်ပြီးရှုပ်ထွေးနေသည်မှာ ယာဉ်ကြောတွင် အလွဲ အချော်အချော် ... မီးပွိုင့်တွင် အများမှားအယွင်းယွင်း ... လူကူးမျဉ်းကျ တွင်လည်း ပြစ်မှုကျူးလွန်ကာ အိမ်ရောက်သွားသည်။

အိမ်ရောက်တော့လည်း ... ခြံတံခါးဖွင့်သည်မှာ ကြာလွန်းသည် စောင့်ရသည်မှာစိတ်မရှည် ... ဟွန်းတတီတီ တီးနေသည်။ ပေါ်တီကိုအောက် ရောက်သည်အထိ လီဗာကိုမလျှော့ ... ခပ်ပြင်းပြင်းဖိနင်းကာ ပေါ်တီ ကျော်ကာနီးမှ ဘရိတ်ကို ခပ်ကြမ်းကြမ်းနင်းကာရပ်သည်။

အားတံခါးကိုဆောင့်ပိတ်ပြီး အိမ်ထဲဝင်လိုက်စဉ် ... ညေ့ခန်းတွင် မဂ္ဂဇင်းထိုင်ဖတ်နေသော သူ့အစ်မနှင့် ... အလှစိုက်ပန်းအိုးကို အသစ်လဲ သော သူ့အမေက ခပ်စူးစူးအကြည့်များနှင့် လှမ်းကြည့်ကြသည်။

သူ့အမေနှင့်အစ်မက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်က မျက်လုံးချင်း အကြည့်နှင့်မေးခွန်းထုတ်ရင်း ကျန်နေကြစဉ် ... သူ အခန်းထဲဝင်ကာ တံခါးကိုထမပိတ်ဘဲ ဆက်အိပ်နေရင်း ... နေအပူဒဏ် အသားလွတ် အံတုခံနေသည်။

သူ့ရင်မှာခံစားနေရသည့်အပူက နွေလည်ခင်းနေရောင်ခြည်ပြင်းပြ အောက် ရောက်နေသည့် ကိုယ်ပေါ်မှအပူထက် ပိုပြင်းထန်နေလားမသိ ... သူကတော့ပက်လက်ကြီး ... နေပူရောင်အောက်တွင် ပေခံမြဲ ... အသာ ခြောက် လှန်းနေသကဲ့သို့ပင်။ မလှုပ်မယှက် ငေးကြောင်နေမြဲ ...

ဘာကြောင့်လဲ ... ဘာကြောင့်လဲ ... ဘာကြောင့်လဲ ... စဉ်းစာ သမျှအဖြေမရ ... သူ့ဦးနှောက်လည်း အပူဒဏ်ကြောင့် ကြွပ်ရွကုန်ပြီလာ မသိ ...

✿✎✿



www.burmeseclassic.com

www.burmeseclassic.com



"မင်းလွန်နေပြီနော် စိုးမိုး ... တော်သင့်ပြီ"

"ရတယ် ... ဒီနေ့အဖို့ ... မင်း ငါ့ကိုတားဖို့ လုံးဝမစဉ်းစားနဲ့"

ဂျော်နီလမ်းလျှောက် ဘလူးလေဘယ်လ်ပုလင်းကို အုပ်ကိုင်ထားသည့် ဝင်းကို၏လက်ကိုဖယ်လိုက်ပြီး ... စိုးမိုးက ကိုယ်တိုင် တစ်ခွက်ထပ်ငှဲ့လိုက်သည်။ ရေမရော ... ဆိုဒါမစပ်ဘဲ တစ်ပက်နီးပါးကို တစ်ချက်တည်း ကောက်မော့လိုက်သည်။ နောက်တစ်ခွက်ထပ်ထည့်စဉ် ဝင်းကိုက လေတိုက်ပွဲ စတင်သည်။

"ပြောမရလည်းချပေါ့ကွာ ... ဒါပေမဲ့ ... မင်းသိပ်ပျော့သွားပါလားကွ စိုးမိုးရ"

"အင်း ... "

အမြင်အာရုံများ ဝေဝါးထွေပြားနေသည့် စိုးမိုက ... 'အင်း'တစ်လုံးမှလွဲ၍ ခွန်းတုံ့မပြန်နိုင်သော်လည်း ပေစောင်းစောင်း ဂျစ်ကန်ကန်ပြန်ကြည့်တာ ...

ရှေ့မှခွက်ကို ဆတ်ခနဲ တစ်ရှိန်ထိုးကောက်မော့လိုက်ပြန်သည်။

"မိန်းမတစ်ယောက်အတွက် ဘယ်တော့မှမခံစားဘူးလို့ ဟစ်ကြွေးပြီး ... ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် သွက်သွက်လက်လက် ပြောင်းခဲ့တဲ့ကောင်က ခုတော့ ... ရက်လွန်အီကြာကွေးကြီး ဖြစ်သွားပါလားကွ ပျော့ဖတ်နေပြီ"

ဝင်းကိုစကားကြောင့် ... ပုလင်းဆီ နောက်ထပ်လှမ်းနေသည့် စိုးမိုးလက် ရပ်တန့်သွားသည်။

"လုပ်လိုက်လေ ... ဆက်ချလိုက်စမ်းပါကွ ငါကတော့ ဖြစ်နိုင်ရင် မင်းခါထုတ်ပစ်ခဲ့တဲ့ ကောင်မလေးတွေအကုန်လုံးကို အခုနေခေါ်လိုက်ပြီး မင်း ဖြစ်ပျက်နေသမျှ ... ခံစားနေသမျှကို ပြလိုက်ချင်တယ်၊ ဗိုင်းပြီးဟားတိုက်လိုက်မယ့်ဖြစ်ခြင်းကွာ ... ဟား ... ဟား ... ဟ"

ဖက်တီးဝင်းကိုက ပြောရင်း ကိုယ်တိုင်လည်းရယ်လိုက်သေးသည်။ စိုးမိုးက ဘာမှပြန်မပြောဘဲ ... ဝင်းကိုကိုသာ မျက်ထောင့်နီနှင့် အပီအပြင်ရှိုး နေသည်။

"လုပ်လေ ... ဆက်ချလိုက်စမ်းပါ၊ နှစ်ယောက်စလုံး အမူးလွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မပြန်နိုင်ရင် ... မသကာ ... မင်းအဖေကို ဖုန်းလှမ်းဆက်ပြီး လာခေါ်နိုင်းရုံပေါ့"

သူ့အဖေနှင့်ခြောက်သော်လည်း ... စိုးမိုးက ပုလင်းကိုဆွဲယူကာ တစ်ခွက်ငှဲ့သည်။ ပြီးနောက် ... မသောက်သေးဘဲ အာလေးလျှာလေးဖြင့်။

"ရင်ထဲမှာ အရမ်းခံစားနေရတယ်ကွ"

"ရင်ထဲမှာ သိပ်ပူနေတယ်မဟုတ်လား"

"အင်း ... "

"အေး ... ပူမှာပေါ့ ... ဒီလောက်သောက်နေတာကိုး"

"အဲဒီလိုမျိုးပူတာ မဟုတ်ဘူးကွ"

"ဘယ်လိုပဲပူပူ ဒီလိုသောက်နေရုံနဲ့ ပျောက်မလားကွ"

"သိဘူးလေ ... "

စိတ်ပျက်စိတ်ရှုပ်လာဟန်နှင့် ... ဝင်းကို ခေါင်းကို အကြိမ်ကြိမ်ယမ်းသည်။

"မင်းကိုကြည့်ရတာနဲ့ ငါတောင်မူးချင်လာပြီ"

"အောင်မာ ... မင်းကပြောရသေးတယ်၊ ငါက ရူးပါရူးချင်နေတာ"

"အဲဒါ မင်းမလုပ်နဲ့လေ ... ငါကရူးရမှာ၊ အဲဒါ ငါလုပ်ရမှာ ... အဲဒါ ငါ့အလုပ် ... မင်းကမူးရမှာ"

"ဟာကွာ ... ရှုပ်နေတာပဲ ... ကြာတယ် ... အဲဒီတစ်ခွက်ပဲ သောက်ပြီးရင် ပြန်ကြမယ်၊ ကားကိုတော့ မင်းမောင်းလို့မဖြစ်ဘူး၊ ငါမောင်းမယ်"

စိုးမိုးက ဝင်းကိုကို ရီဝေစွာစိုက်ကြည့်လိုက်ရင်း ...

"ဩော် ... မင်းက ငါ့ကို အရမ်းမူးနေပြီလို့ထင်တယ်ပေါ့၊ မင်းဟာလေ ... ဒီကိုကြီးကို သိပ်အထင်စမောတဲ့ ညီလေးပဲ ... လာခဲ့ ... ငါ မမူးဘူးဆိုတာ လက်တွေ့ပြမယ်၊ တော်ပြီ ... အဲဒီတစ်ခွက်လည်း မသောက်တော့ဘူး"

ဝင်းကိုက ခေါင်းခါပြန်သည်။ မသောက်ပါနဲ့လို့တားနေတုန်းက ဖွတ်သောက်သည်။ ယခုသောက်ပါဆိုတော့ မသောက်တော့ဘူး။ ပြန်မယ်တဲ့ ... သို့သော် ...

ဝင်းကို ပျာပျာသလဲ လက်ရောခေါင်းပါခါယမ်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မလုပ်နဲ့ မလုပ်နဲ့ ... မူးရင်မမောင်းရဘူးကွ ... ငါလည်းမစီးရဲဘူး"

စိုးမိုးသူက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ကာ ဝင်းကိုပခုံးကိုပုတ်၍ ...

"ညီလေး မောင်အေးဝင်းကို ... ဟောဒီကမင်းကိုကြီး စိုးမိုးကလေ ဆယ်နှစ်သားကတည်းက ကားမောင်းလာတာ ... ဆယ်နှစ် ... ဆယ်နှစ် ညီလေး"

စိုးမိုးငမူးက ရွယ်တူချင်းကို ညီလေး ... ကိုကြီး ... ဖွတ်လုပ်ကာ မင်းသားကြီး ဦးကျော်ဟိန်းအိုက်တင်ဖြင့် လက်ဆယ်ချောင်းကို ဟန်ပါပါထောင်ပြနေသေးသည်။

"ဟော့ကောင် ... လုပ်မနေနဲ့ ... မင်းဖာသာ ခြောက်လသားကတည်းကပဲ ... လေးဘက်ထောက်ပြီးမောင်းလာမောင်းလာ ငါကတော့ အခုမစီးရဲဘူးဆို မစီးရဲဘူးပဲ"

"မင်းမစီးရဲရင် နေခဲ့ပေါ့"

"ဒါဆိုရင်လည်း ငါ့အိမ်အထိတော့ ငါပဲမောင်းမယ်ကွာ"

ဝင်းကိုက စားပွဲထိုးခေါ်ပြီးငွေရှင်းသည်။ ထို့နောက် ...

"ကဲ ... ကျေးဇူးရှင် ... ထ ... ပြန်ကြရအောင် ... သိပ်နောက်ကျရင် အိမ်ကပွမ်လိမ့်မယ်"

"ငါ ... မပြန်ချင်သေးဘူးကွာ"

"ဟာ ... ပြဿနာပဲ ... မပြန်ချင်ရင် မင်းက ဘယ်သွားချင်သေးလို့လဲ ... သိပ်နောက်ကျသွားမယ်နော်"

"ပန်းအိအိဖြူဆီကို သွားချင်သေးလို့"

ဝင်းကို ... မျက်လုံးအစုံ ပြူးကျယ်သွားတော့သည်။

"ဟာ ... အဲဒါတော့ မလုပ်ပါနဲ့ကွာ ... ငါ့အိမ်အကြောင်းလည်း မင်းသိရဲ့သားနဲ့ ... မင်းအိမ်ကလည်း မလွယ်ပါဘူးကွာ လာပါ ... ဒီနေ့တော့ အိမ်ပဲပြန်လိုက်ကြရအောင် ... နောက်နေ့မှသွား"

"အခုကိုသွားချင်တာကွ ... မင်းမလိုက်ချင်ရင်နေလေ ... မင်းကို ဒီကိစ္စပို့ပြီးမှ ငါ့ဘာသာငါဆက်သွားမယ်"

အေးဝင်းကိုက စိတ်ရှုပ်ထွေးဟန်နှင့် ခေါင်းကို တဗျင်းဗျင်းကုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း ... အဲဒီလောက် အရစ်ရှည်မှန်းသိရင် မင်းနဲ့တွဲမသောက်ပါဘူးကွာ ... ခုတော့ သောက်ထားတာလေးတောင် ပျောက်သွားပြီ"

စိုးမိုးက ကားသော့ကိုကောက်ယူပြီး ထိုင်ရာမှ ထရပ်လိုက်သည်။ ယိမ်းယိုင်ချင်နေသဖြင့် ဝင်းကိုက တွဲရန်ပြင်သည်။

"အေးဆေးပါ"

ဝင်းကိုလက်ကို ပုတ်ထုတ်လိုက်ပြီး စားသောက်ဆိုင်ထဲမှထွက်သည်။ ကားပေါ်အရောက်တွင် စီးကရက်တစ်လိပ် မီးညှိလိုက်သေးသည်။

စတီယာရင်နောက်တွင် ဝင်ထိုင်သည်။ စိုးမိုးဘေးသို့ ဝင်းကိုလာရပ်ကာ ...

"ငါပဲမောင်းလိုက်ပါ့မယ်၊ မင်း အေးအေးဆေးဆေးမှေးပြီး လိုက်ခဲ့"

"အဲဒါ မင်းလုပ်ရမှာ ... တက် ... ဟိုဘက်က"

"မင်း ... တကယ်ရတာနော်"

"အေးဆေးပါဆို ... ကွာ"

ကားစက်နှိုးပြီး ညင်သာစွာမောင်းထွက်လိုက်သည်။

"သီချင်း ငါဖွင့်ပေးမယ်၊ ကားကိုသာ ဂရုစိုက်မောင်း"

"နိုး ... မဖွင့်နဲ့ ... ဒီနေ့အဖို့ သီချင်းမလိုဘူး"

ထူးထူးခြားခြား ကားပေါ်တွင်တိတ်ဆိတ်စွာ ... ကားကိုလည်း ဖြည်းဖြည်းမှန်မှန်မောင်းလျှက် ...

ခဏအကြာတွင် ... ဝင်းကိုတို့လမ်းထဲရောက်လာသည်။ ခြံဝတွင် ဝင်းကိုအမေ ထွက်စောင့်နေသည်။ ခြံရှေ့ကားရပ်ရပ်ချင်းပင် ...

"ဟဲ့ ... ဘယ်တွေသဝေထိုးနေကြလို့ ဒီလောက်တောင်နောက်ကျနေကြတာလဲ"

ဝင်းကိုက သွားတွေအကုန်ဖြဲပြီး ... သူ့အမေကိုချော့ရန် ကားပေါ်မှ အမြန်ဆင်းသွားသည်။

"စောပါသေးတယ် မေမေရဲ့ ... ကိုးနာရီမခွဲသေးပါဘူး"

ဝင်းကိုတို့သားအမိ တိုးတိုးကြိတ်ကြိတ်ဆူပူဖွဲ့နွဲ့နေစဉ် ... စိုးမိုးက ကားခေါင်းလှည့်လိုက်သည်။ ပြီးနောက် ဝင်းကိုတို့သားအမိအနားတွင် ကား



www.burmeseclassic.com

www.burmeseclassic.com



ကိုရပ်လိုက်ကာ ...

"အန်တီ ... သွားတော့မယ်"

"ဪ ... အေးအေး ... အိမ်ကိုတန်းပြန်နော်၊ ခုနက မင်းအမေ ဆောင် အန်တီ့ဆီဖုန်းဆက်နေသေးတယ်"

"ဟုတ်ကဲ့ပါ အန်တီ"

ဝင်းကိုကလည်း ...

"စိုးမိုး ... အိမ်ကိုပဲနော်"

"အေးပါကွာ"

ပြောပြီး ကားကို စိုးမိုးမောင်းထွက်လာခဲ့သည်။

သူ ... အိမ်ကိုပြန်ချင်စိတ် လုံးဝမရှိသေးပါ။ ထို့ကြောင့် ...

သူ ကာလရှည်ကြာ ထိန်းချုပ်ထားရသောဆန္ဒများကို လွှတ်ပေးလိုက်တော့သည်။

သူ ... ကားဦးတည်ရာက ပန်းအိအိဖြူတို့လမ်းဆီသို့ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ပန်းအိအိဖြူတို့ဆိုင်ရှေ့ရောက်တော့ ညဆယ်နာရီထိုးတော့မည် သူမတို့လည်း ဆိုင်ပိတ်ရန် ပစ္စည်းများသိမ်းနေကြပြီဖြစ်သည်။ ပန်းအိဖြူက စိုးမိုးကို မမြင်သေး ... ဘာမှမဆိုင်ဘဲနှင့် ဒါကို ... သူက မကျေမနပ်ဖြ နေသေးသည်။ ထို့ကြောင့် ကားဟွန်းကို သုံးလေးချက်ထပ်၍နှိပ်လိုက်သည်။

"တီ ... တီ ... တီ ... တီ ... "

ပန်းအိအိဖြူက အမှတ်တမဲ့လှမ်းကြည့်သည်။

စူးရှပြာညို့သော မျက်ဝန်း ... ခပ်ဟဟပွင့်အာသွားသော နှုတ်ခမ်း တစ်စုံ ... အံ့သြမှုယှက်သန်းသွားသော မျက်နှာအမူအရာ ... အနည်းငယ် တုံ့ဆိုင်းသွားသော လှုပ်ရှားမှုတို့ကို သူမြင်တွေ့လိုက်ရသည်။ လျှပ်တပြက် သာ ... ထို့နောက် ...

နားရွက်တွေကို ဖုံးအုပ်နေသောဆံစများကို နားရွက်နောက်သို့သိမ်း ရင်း ... အခြားတစ်ဖက်သို့ အကြည့်ကိုလွှဲသွားသည်။

ထုံးစံအတိုင်း ထိုင်နေကျကွမ်းယာဆိုင်လေးဆီ သူလျှောက်လှမ်း လိုက်သည်။ ခန္ဓာကိုယ်ကို ယိမ်းယိုင်မှုမရှိစေရန်တော့ ကြိုးစားထိန်းမတ်လိုက် ရသည်။ သူ့ကို ဆီးကြိုနှုတ်ဆက်နေသော ကွမ်းယာဆိုင်ပိုင်ရှင် ကုလား၏ ၏အပြုံး ခပ်ဝါးဝါးကိုတွေ့ရသည်။

"ပီကေ ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး အစ်ကို ... အစ်ကို့ကြည့်ရတာ မှန်လာသလိုပဲ"

သူ ကြိုးစားပြုံးပြမိလေသလားမသိ ... သူ့လှုပ်ရှားမှုအမူအရာမှန်သမျှ နွေးကွေးလေးလံနေမည်မှာ အမှန်အကန် ...

"အနံ့အသက်ရှိနေတယ် ... စီးကရက်ပဲပေးကွာ"

"အားနာတယ် အစ်ကိုရာ ... အခုလေးတင် ကုန်သွားတယ်"

"ကွာ ... ခက်ပြီ ... ဒီလိုမှန်းသိရင် စောစောကဝယ်ခဲ့ပါတယ်"

"အစ်ကို ... အနံ့ပျောက်ချင်ရင် ကွမ်းစားပါလား"

"ဖြစ်ပါ့မလားဟ ... ငါက ကွမ်းမစားဖူးဘူး၊ ကွမ်းမူးတာက ပိုဆိုးတယ်လို့ပြောကြတယ်"

"အာမွှေးစုံနဲ့ယာပေးမယ် ... အနံ့ပျောက်စေရမယ်၊ အစ်ကို ဝါးပြီးရင် လုံးဝမြိုမချနဲ့ မှန်မှန်ထွေးထုတ် ... မမူးစေရဘူးလို့အာမခံတယ်"

ဟုတ်သည်မဟုတ်သည်တော့မသိ ... အားမခံရဲရဲနှင့် ကုလားလေးက သူ့ကွမ်းယာကို စိတ်တိုင်းကျယာနေသည်။

စိုးမိုးက ပန်းအိအိဖြူတို့ဆိုင်ဘက်သို့ လှမ်းမျှော်ငေးကြည့်လိုက်ပြန်သည်။ ပစ္စည်းတွေသိမ်းနေရင်းမှ သူ့ထံသို့ မသိမသာလှမ်းလှမ်းကြည့်တတ်သော ပန်းအိဖြူကို သူတွေ့ရသည်။ မီးရောင်အောက်မှ ... သွက်လက်သည့်သူမလှုပ်ရှားမှုကလည်း သူ့အတွက် တိမ်မှုံးဖွယ်လှပနေပြန်သည်။

နှလည်ခင်းမှမြင်ကွင်းကို ပြန်မြင်ယောင်လာသောအခါ ... သူ့မှာနှမြောတသစိတ်တွေ ဝင်လာရသည်။ ပန်းအိဖြူမှာ ချစ်သူလက်တွဲဖော်ရှိနေပြီလားဟူသော အတွေးက သူ့နှလုံးသားကို တစစ်စစ်နာစေသည်။ သူ့ရင်ကို တမြေ့မြေ့ခံစားရစေသည်။

"ရပြီအစ်ကို"

ကွမ်းယာကို ယူဝါးလိုက်သည်။ ပူသလိုလို ... စပ်သလိုလို ... ခါးသလိုလိုအရသာက သူ့ကိုစတင်နှိပ်စက်သည်မို့ ...

"ဆေးတွေနဲ့လားဟ"

"မဟုတ်ပါဘူး အစ်ကို ... အာမွှေးအရသာပါ ... ဆက်ဝါးလိုက် အစ်ကို ... ဝါးရင်းနဲ့ အစ်ကိုကြိုက်သွားလိမ့်မယ်"

ကုလားလေးက မြှောက်ပေးသည်။ သူကလည်း ကြိုးစားဝါးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတံတွေးထွေးလိုက်နှင့် ... ကွမ်းမစားတတ်သူတို့ထုံးစံအတိုင်း ပါးစပ်တစ်ခုလုံး ကွမ်းတံတွေးနှင့်ပေပွနေတော့သည်။

"အစ်ကို ... ဟိုအစ်မကို လာကြည့်တာလား"

စိုးမိုးက ဘာမှပြန်မပြောဘဲ ... ကွမ်းယာဖိုးသာ လှမ်းပေးလိုက်သည်။

"နောက်ကျလွန်းနေပြီ"

ကုလားလေးဆိုလိုသည်မှာ ဆိုင်ပိတ်ခါနီးအချိန်မှ ရောက်လာသည်ဟု သူနားလည်မိသည်မှာ သူ ... ပန်းအိဖြူကိုတွေ့သည်မှာ နောက်ကျလွန်းနေပြီဟုပြောနေသည်။

ဟုတ်သည်။ နေ့လည်ခင်းကမြင်ကွင်းအရတော့ သူနောက်ကျသွားပြီလားဟု တွေးစရာဖြစ်လာသည်။ သူနောက်မကျချင် ... မည်သည့်အခြေအနေပင်ရောက်ရောက် သူနောက်မကျချင် ... သူမကို ပိုင်ဆိုင်ချင်သည်။

သူ့အကြည့်က ပန်းအိဖြူတို့ဆိုင်လေးဆီမှ မခွာ ... လမ်းမဘက်မျက်နှာစာတံခါးတွေကို အကူကောင်မလေးက လိုက်ပိတ်နေသည်။ အကြွေတန်းစီချိတ်ထားသောစတီးစင်ကို ပန်းအိဖြူက တွန်းသွင်းနေသည်။

ထိုအချိန်မှာ အိမ်ထဲမှ အမျိုးသားတစ်ဦးထွက်လာပြီး ပန်းအိအိဖြူကို စကားလာပြောသည်။ ချက်ချင်းပင် အသက်ငါးဆယ်ကျော် အမျိုးသမီးကြီးတစ်ဦးထွက်လာကာ သူတို့နှစ်ဦးကို ဝင်ပြောပြန်သည်။

ခဏအကြာတွင် ... အမျိုးသားမှာ လမ်းထိပ်ဘက်သို့ အပြေးအလွှားထွက်သွားသည်။

"အဲဒါ မပန်းအိဖြူရဲ့ခဲအိုလေ ... သူ့အစ်မယောက်ျားပေါ့၊ ရပ်စကားပြောနေတာက အဲဒီအစ်မရဲ့အမေ ... သူတို့အိမ်မှာ ဘာဖြစ်လို့လဲမသိဘူး"

သူ့နည်းတူ လှမ်းငေးနေသည့် ကုလားလေးထံမှ အသံထွက်လာခြင်းဖြစ်သည်။ ဆယ်မိနစ်ခန့်အကြာတွင် လမ်းထိပ်သို့ပြေးသွားသောအမျိုးသားပြန်ရောက်လာသည်။ ပန်းအိအိဖြူနှင့်သူ့မအမေတို့က ထိုလူ့ကို ပျာပျာသလဲဆီးကြိုစကားပြောကြသည်။ ထိုလူပြန်ပြောစဉ် သူမတို့သားအမိ စိတ်ရှင်ထွေသကဲ့သို့ အမူအရာပြောင်းသွားသည်။

အမျိုးသားအကြည့်က စိုးမိုးသူရှိရာဆီသို့ ပျံ့လွင့်လာသည်။ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ား သူတို့အဖြစ်အပျက်တွေက ဆက်စပ်နေလေသလား . . . သူ့ကိုပါ တွေးပွားသွားနေစေတော့သည်။ ထိုအမျိုးသားက ပန်းအိဖြူကို တီးတိုးပြော နေပြန်သည်။

ပန်းအိအိဖြူက သူရှိရာဆီသို့လှမ်းကြည့်သည်။ သူ့ရင်ခုန်သံတွေ အံ့သြ ည်ရာ ပြင်းရှဆူညံသွားသည်။ ပန်းအိဖြူက အမျိုးသားကို တစ်ခုခုပြော င်း ခေါင်းခါပြနေသည်ကိုတွေ့ရသည်။

ထိုစဉ်မှာပင် သူ့မအမေက ဝင်ရောက်ပြောဆိုပြန်သည်။ သုံးယောက် ား အပြန်အလှန် အခြေအတင်ပြောဆိုနေကြသည်။ သူပါ သိချင်စိတ်တို့ င်းပြလာတော့သည်။

တစ်ဖက်တွင် စိတ်ဝင်စားမှုလွန်ကဲလာ၍လားမသိ ... သူပါ အမူး ်သလိုလိုရှိလာသည်။ ပါးစပ်ထဲမှကွမ်းများကို ထွေးထုတ်ပစ်လိုက်ရာ ရေနှင့် ာပ်ကျင်းချင်စိတ် ပေါ်လာပြန်သည်။ သူ့ကားထဲတွင် ရေသန့်ဗူးပါသည်ကို မှတ်ရသဖြင့် ကားဆီသို့လျှောက်သွားလိုက်သည်။

ထိုအချိန်မှာပင် ... ပန်းအိဖြူခဲအိုကလည်း သူ့ထံသို့ ခပ်သွက်သွက် ျှောက်လာသည်ကို မြင်လိုက်ရသဖြင့် သူ့ခြေလှမ်းများပင် တုန့်သွားသည်အထိ ြသွားသည်။ သူ့ရှေ့ လက်တစ်ကမ်းအကွာအရောက်တွင် ထိုလူကရပ် ်သည်။

"ဒီကညီလေးက ... ပြန်တော့မလို့ထင်တယ်"

မထင်မှတ်ထားသောစကားမို့ ... ကြောင်အမ်းအမ်းနှင့် သူလည်း င်းညိတ်ပြမိသွားသည်။

"အားတော့နာပါရဲ့ဗျာ ... ဟိုလေ ... ဖြစ်နိုင်ရင် တစ်ချက်လောက် ူအညီပေးပါလား"

"ဟုတ်ကဲ့ ... ဘာကူညီပေးရမှာလဲ အစ်ကို"

စတိုးဆိုင်လေးထဲမှ လှမ်းကြည့်နေသည့် ပန်းအိဖြူတို့သားအမိကို ်ဝန်းဒေါင့်မှတဆင့် လှမ်းမြင်လိုက်ရသည်။

"ကျွန်တော့်အမျိုးသမီး နေမကောင်းဖြစ်နေလို့ပါ၊ ဆေးခန်းတွေက ြင်း ပိတ်ကုန်ပြီလေ၊ အဲဒါ ... ဆေးရုံသွားချင်လို့ပါ၊ ညီလေးကားနဲ့ ်ပို့ပေးစေချင်လို့ပါ၊ အငှားကားထွက်ငှားတာလည်း လုံးဝမရလို့ ...



www.burmeseclassic.com

www.burmeseclassic.com



လူနာကလည်း ဆေးရုံကိုအမြန်သွားဖို့လိုနေလို့ပါ''

"ရပါတယ် အစ်ကို ... အဲဒီလောက်ပြောဖို့မလိုပါဘူး။ ကျွန်းမာ
ကိစ္စပဲ ... ကူညီပေးရမှာပေါ့''

"ဟား ... ကျေးဇူးပါပဲဗျာ ... လူနာက ... ဟို ... လမ်း
တစ်ဖက်ခြမ်းက စတိုးဆိုင်လေးနောက်မှာပါ''

"အိုကေ ... ရတယ် ... ကျွန်တော် အဲဒီစတိုးဆိုင်ရှေ့ကို မောင်း
လာခဲ့မယ်''

စိုးမိုးသူက ကားတံခါးကိုအမြန်ဖွင့်ပြီး ... ကားပေါ်တက်ထိုင်
ထိုလူက စတိုးဆိုင်လေးဆီ အမြန်ပြန်ပြေးသည်။

ယခုမှပင် ... စောစောက သူတို့ အခြေအတင်ပြောနေကြခြင်း
သူ့ထံမှ အကူအညီတောင်းသင့်မတောင်းသင့် ငြင်းခုံနေကြမှန်း ရိပ်စားမိ
သည်။ သူ ... သွက်လက်စွာ ကားစက်နိုးပြီး သူမတို့စတိုးဆိုင်ရှေ့တည့်တည့်
ကို မောင်းရွှေ့ကာ ရပ်ပေးလိုက်သည်။

ပန်းအိဖြူနှင့်သူမခဲအိုက လူနာကိုတွဲခေါ်လာကြသည်။ ပန်းအိ
အမေက ခြင်းတစ်ခုကိုဆွဲ၍ နောက်မှလိုက်လာသည်။ စိုးမိုးလည်း ကား
မှ အလျှင်အမြန်ဆင်းပြီး နောက်ခန်းတံခါးကို ကြိုဖွင့်ပေးထားလိုက်သည်။

ကားနားရောက်လာသည့်လူနာကို သူ ဖေးမတွဲတင်ပေးရန် ပြင်လိုက်
စဉ် ... ပန်းအိအိဖြူထံမှ ...

"နေပါစေ ... ရပါတယ်ရှင့်''

သူနှင့် နောက်ဆုံးအကြိမ်တွေ့ဆုံစဉ်က ပြောသကဲ့သို့ မာနသံမ
သော လေယူလေသိမ်းပါ နူးညံ့ပျော့ပျောင်းသည့်စကားသံတိုးတိုးကို လက်
ရရှိသည်။ သင်းပျံ့သောသူမကိုယ်သင်းနံ့ ဝေ့ဝဲလာမှုကိုလည်း ခံစားရရှိသည်။

ကားထဲအရင်ကြိုဝင်ပြီးသည့် သူမခဲအိုက လူနာကို လှမ်း၍ဖေး
ကာ ကားထဲဝင်စေသည်။ သူမက အိမ်ဘက်သို့အမြန်ပြန်ပြေးကာ သူမအ
လက်ထဲမှခြင်းကို လက်လွှဲယူလာသည်။

စိုးမိုးသူ ကားနောက်သို့အမြန်လျှောက်ပြီး နောက်ဖုံးကို သော့
၍ ဖွင့်ထားလိုက်သည်။ အနားရောက်လာသော ပန်းအိအိဖြူလက်ထဲမှခြင်း
ယူလိုက်ရာ ... ဖြူနုသွယ်လျသော သူမလက်ဖျားလေးများနှင့်အမှတ်မထ



www.burmeseclassic.com

www.burmeseclassic.com



တိတွေ့မိသွားသည်။ ပြာညိုသော ပန်းအိဖြူ၏မျက်ဝန်းအစုံတွင် အပြုံးရိပ်များ ချပ်တပြက်ထင်ဟပ်သွားသည်ဟု ထင်လိုက်ရသည်။ နှုတ်မှလည်း ...

"ကျေးဇူးပါ"

သူက အသိအမှတ်ပြုပြုံးပြရာ ... သူမကလည်း နှုတ်ခမ်းလေး ကွန့်ကွေးရုံ ပြန်လည်ပြုံးပြသည်။ သို့သော်လည်း ...

ရှားရှားပါးပါးလက်ခံရရှိသည့် သူမအပြုံးအောက်တွင် ကြည်နူးမနေ အဘဲ ခြင်းကိုထည့်ကာ နောက်ဖုံးကိုပိတ်လိုက်သည်။ ထို့နောက် ကားရှေ့ခန်း သွက်သွက်လက်လက်လျှောက်ကာ ကားထဲဝင်စက်နှိုးလိုက်ရသည်။လူနာ ည်းသံက ပို၍ကျယ်လောင်လာ၍ပင်။

ပန်းအိအိဖြူ နောက်ခန်းတွင် ဝင်ထိုင်အပြီးတွင် ... ကားအတွင်းမီးကို ပေးကာ ကားကို မောင်းထွက်လိုက်သည်။

နောက်ကြည့်မှန်မှတဆင့် ပန်းအိအိဖြူကို ခိုးကြည့်သည့်စိတ်ကို သူ ထင်းချိုးနှိမ်ထားရသည်။

အခွင့်အရေးယူလွန်းသူဟု ပန်းအိအိဖြူအထင်သေးသွားမှာ သူ့အဖို့ နှိမ်လွန်းရသည်ဇလ ...

မမျှော်လင့်ဘဲ ကံကြမ္မာကပေးသဖြင့် ရရှိလာသည့် ချိုကြည်ဖွယ်ရာ ဆုံမှုလေးကို သူ့ဘက်ကတော့ ထာဝရသိမ်းဆည်းထားချင်တော့သည်။

❀✎❀

"ကျေးဇူးပါပဲသားရယ် ... မင်းသာလိုက်မပို့ရင်တော့ ဒုက္ခပဲ ... က်နောက်ကျရင် အခြေအနေဆိုးသွားနိုင်တယ်တဲ့ ... ခုတော့ ... နှိမ်မိလေးရောက်လာခဲ့လို့ တော်ပါသေးရဲ့ ... သိပ်တော့မစိုးရိပ်ရတော့ ဆို့ ပြောတာပါပဲကွယ် ..."

စိုးမိုးသူက ပြုံးပြီးခေါင်းညိတ်ပြလိုက်သည်။

အန်တီကြီး၏ပြောစကားကို နားထောင်ရုံအပြင် ပြန်ပြော၍မဖြစ်။ စပ်မှ အရက်နံ့ရသွားမှာစိုး၍ဖြစ်သည်။ သူ့လက်မှနာရီကို ကြည့်လိုက် ညဆယ့်တစ်နာရီခွဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တွင်သာမက ဆေးရုံထဲတွင်ပါ တိတ်ဆိတ်နေသည်။ တစ်ခါတစ်ရံ တာဝန်ကျနာစ်များ၏ စင်္ကြန်တွင်လျှောက်သွားသည့် ဖိနပ်သံသာ ကြားရသည်။ ညက တိတ်ဆိတ်အေးချမ်းနေသည်။

သူ့ကိုရည်ရွယ်ပြောသည့် အန်တီကြီးထံမှ စကားသံတိုးတိုးကိုသာ ကြားနေရသည်။ အိမ်မှာကားရှိပေမယ့် ဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ရှေ့ နှစ်ဘီးစလုံးပြားနေသဖြင့် မောင်းမထွက်နိုင်သည့်အကြောင်းမျိုး ... သမီး နှစ်ယောက်ရှိပြီး သမီးငယ်က ဆိုင်ကိုဦးစီးလုပ်နေတာလေဆိုတာမျိုးတွေ ဖြစ် သည်။

"မေမေရေ"

ပန်းအိအိဖြူ၏ခေါ်သံမှန်း ခွဲခြား၍ အလိုလိုသိနေသည်။

သူနှင့်အန်တီကြီးတို့ ပြိုင်တူလိုလိုပင် လှည့်ကြည့်လိုက်ကြသည်။ ပန်းအိဖြူက ပထမတွင် သူ့အမေကိုကြည့်သည်။ ပြီးနောက် ... သူ့ထံ အကြည့်ခဏရွေ့စဉ် အပြုံးတစ်ပွင့်ပါလာက်ဆောင်ပေးသည်။

သူ့အတွက်တော့ သိပ်ကိုလှပလွန်းသောအပြုံး ... ရင်ကိုစွဲငြိနေစေ သော အပြုံးပင်ဖြစ်သည်။

"မမကြီးက ခေါ်နေလို့"

"ဩော် ... အေး ... အေး ..."

"သားလည်း အိပ်ချင်လှရောပေါ့ကွယ် ... မနက်ကျမှ ဆေးရုံ ဆင်းရမှာပါပဲ ... မစောင့်ပါနဲ့တော့ကွယ် ... အားလည်းနာလှပါပြီ"

"အားမနာပါနဲ့ ... ရပါတယ်ခင်ဗျ"

တိုးတိုးဖွဖွသူ့ပြောသံက အန်တီကြီးကို ပို၍အားနာသွားစေသည်။ အမှန်မှာ သူ့ပါးစပ်မှအန့်မရစေရန်အတွက် ကြိုးစားထိန်းသိမ်းနေခြင်းသာ ဖြစ်သည်။

"လူနာကစိတ်ချရပါပြီကွယ် ... ခုလိုလိုက်ပို့တာကို ကျေးဇူးတင်လို့ မဆုံးပါဘူးကွယ် ... ကဲ ... အန်တီတော့ လူနာဆီခဏသွားလိုက်ဦးမယ်"

သူ ... ခေါင်းညိတ်ပြလိုက်သည်။

ပန်းအိအိဖြူက အန်တီကြီးလက်မောင်းကို ဖေးမတွဲထူရင်း သူ့ကို ကြည့်ကာ ပြုံးပြသည်။ ထိုအပြုံးကိုလည်း သူက မှတ်မှတ်ရရသိမ်းဆည်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

တကယ်ဆိုလျှင် ... ပန်းအိအိဖြူကို စကားပြောခွင့်ရခဲ့ပါက ပြောလိုသည့်စကားတွေ သူ့ရင်နှင့်အပြည့် ... ယခု ... ဘယ်လိုမှမျှော်လင့်မထားသောအခွင့်အရေးတွေ ရရှိလာသည်။ သို့သော် ...

သူ ... မပြော ...

ပြောရန်သင့်သော အချိန်အခါမဟုတ် ... ပြော၍ကောင်းသော အခြေအနေလည်းမဟုတ် ... ပြော၍ဖြစ်သော နေရာဒေသလည်းမဟုတ်။

ပန်အိဖြူနှင့် သူမမေမေတို့ သူ့အပါးမှ ထွက်ခွာသွားသော်လည်း သူ့အနီးအနားတွင် ... ပန်းအိဖြူကိုယ်သင်းနံ့တချို့ ကျကျန်ရစ်ခဲ့သည်။ ထိုကိုယ်သင်းနံ့၏ဖြားယောင်းမှုအောက်တွင် မိန်းမောတွေဝေရင်း ... သူ ဆက်ထိုင်နေရကောင်းနိုး ပြန်ရလျှင်ကောင်းနိုး ဝေခွဲမရဖြစ်နေတော့သည်။

ပန်းအိဖြူထံပါးတွင် အခွင့်ရှိသမျှ ဆက်လက်နေထိုင်လိုသည့်စိတ်က တားမရ ... ဆီးမရ ...

ယစ်မူးသောအရှိန်ပြေစတွင် လက်မှနာရီကို ငုံ့ကြည့်မိရာမှ ...

"ဟိုက် ... "

နာရီဒိုင်ခွက်တွင် တင်းမာခက်ထန်နေသော သူ့အဖေမျက်နှာကြီးပေါ်လာသည်။ ထိုအခါတွင်မှ ... အိမ်ပြန်ချင်စိတ် အသည်းအသန်ဖြစ်ပေါ်လာသည်။ ယခုတော့လည်း သူ၏အိမ်ပြန်ချင်စိတ်က တားမရ ... ဆီးမရ ဖြစ်ရပြန်သည်။

သူပြန်မှဖြစ်မည်။ ဟုတ်သည် ... ယခုအချိန်ဆိုလျှင် သူ့ကြောင့် အိမ်မှာ သူ့အမေ ဗျာများနေတော့မည်။ သူ့အဖေသည်လည်း ...

❀✎❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

မနက်ခင်း စိုးမိုးသူအိပ်ရာမှနိုးလာသောအခါ မနက်(၉)နာရီ ရှိနေပြီ။ အိပ်ရေးမဝချင်သေးသော်လည်း ဆက်အိပ်နေ၍မဖြစ်တော့ ... ဒီနေ့ အထူးအလုပ်များမည်။ သူ့ဘဝတစ်လျှောက်လုံးတွင် အလုပ်အများဆုံးနေ့လည်း ဖြစ်ကောင်းဖြစ်ပါမည်။ လုပ်ရမည့်အချိန်ဇယားကို ညကတည်းက စိတ်ကူး ရေးဆွဲပြီးဖြစ်သည်။ သို့မှသာ သူ့အဖေ၏ဒေါသစက်ကွင်းက လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်ပေမည်။

ညက တစ်နာရီထိုးခါနီးမှ သူအိမ်ပြန်ရောက်သည်။

သူ့အစ်မက လူကြီးတွေမသိအောင် နောက်ဘက်တံခါးမှ ဖွင့်ထွက်လာသည်။ ခြံထိပ်မှကားဂိုဒေါင်ထဲအထိ ... ကားကိုစက်သပ်ပြီး တွန်းသွင်းရသည်။ ခြံစောင့်နှင့်သူ့အစ်မပါ ဝိုင်းကူကြသဖြင့် အသံတစ်ချက်မထွက်ဘဲနှင့် ကားကို ဂိုဒေါင်ထဲတွင် စနစ်တကျနေရာချနိုင်ခဲ့သည်။

သူ ... အောက်ထပ်ကိုဆင်းလာသည့်အချိန်တွင် တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ဒီအချိန်ဆိုလျှင် သူ့အဖေက ပွဲရုံကိုသွားလောက်ပြီ။ ထမင်းစားခန်းထဲတွင် ဟင်းရွက်သင်နေရင်း စကားပြောနေသည့် သူ့အမေနှင့် အစ်မကို တွေ့ရသည်။ သူက သူ့အမေကို နောက်မှသိုင်းဖက်လိုက်ရင်း ...

"မေမေ ... ဘာစားရမှာလဲ"

"လာ ... ထိုင် ... တုတ်စားရမယ်၊ ညတုန်းက ဘယ်အချိန်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လဲ ... နင့်အဖေ နင့်ကိုသတိချင်နေပြီ''

''သိပ်နောက်မကျပါဘူး မေမေရဲ့ ... ညက သားပြန်ရောက်တော့ ဆယ့်တစ်နာရီလောက်ထင်တယ် ... နော် ... မမ''

သူ့အစ်မက ခေါင်းကို မညိတ်ချင်ညိတ်ချင် ညိတ်ပြသည်။ သူ့အမေကလည်း ယုံကြည်ဟန်မတူပါ ... သို့သော်လည်း ... တစ်ဦးတည်းသောသားယောကျ်ားလေးမို့ အချစ်ပိုသည်။ အလိုလိုက်မြဲ လိုက်သည်။

သူ့အစ်မက သူ့အတွက် ကော်ဖီဖျော်ပေးနေစဉ် ... သူ့အမေကခဲပြုတ်ထမင်းကျော်ကို ပြန်နွှေးပေးနေသည်။

''ကဲ ... မောင်လေး ... ညတုန်းက ဘာကြောင့်နောက်ကျတယ်ဆိုတာကို မေမေ့ကိုတော့ အမှန်အတိုင်းပြောပြထားဦးလေ၊ ဒါမှ မေမေကခင်းကို ဖေဖေ့ဒေါသကနေ ကာကွယ်ပေးလို့ရမှာ''

ဒီကိစ္စအတွက် စိုးမိုးသူက ညကတည်းကတွေးထားပြီးဖြစ်သည်။ ထို့ကြောင့် မုသားလည်းပါ လက်ာလည်းချောအောင် မှင်မပျက်ပြောလိုက်နိုင်သည်။

''ညတုန်းက (၉)နာရီလောက်မှာ အိမ်ပြန်လာမလို့ ... အဲဒါ လမ်းမှာ ဝင်းကိုသူငယ်ချင်းတစ်ယောက်နဲ့တိုးတာ ... အဲဒီလူရဲ့အစ်မ အထက်လန်အောက်လျှောဖြစ်လို့တဲ့ ... သူတို့နားကဆေးခန်းတွေကလည်း ပိတ်နေပြီဆိုတော့ နီးစပ်ရာဆေးရုံလိုက်ပို့ပေးပါဆိုပြီး ဖွတ်အကူအညီတောင်းတာနဲ့ အရေးပေါ်အခြေအနေမို့ လိုက်ပို့ပေးရတာ''

''ဟုတ်ရဲ့လား မောင်လေးရယ် ... မင်း ... ဖာတ်လမ်းဆင်ပြီးလိမ်နေနဲ့နော်''

''ဩော် ... မမကလည်း ... သားပြောတာမယုံရင် ကားထဲမှာသွားနမ်းကြည့် ... အန်အသက်တွေကျန်နေဦးမယ်၊ လူနာက ခေါင်းခန်းမှာထိုင်ခဲ့တာ ... မမကိုပြောရတာနဲ့ သားတောင် ... စားချင်သောက်ချင်စိတ်ပျောက်သွားပြီ''

သူ အစားမစားချင်ယောင်ဆောင်လိုက်တော့ သူ့အမေ မနေသာ။

''ကဲ ... ဟုတ်မှာပါ သမီးရယ် ... သား စားစရာရှိတာစားတော့ပြီးမှ စကားဆက်ပြော''



www.burmeseclassic.com

www.burmeseclassic.com



သူစားသောက်နေစဉ် သူ့အစ်မက မျက်မှောင်ကြုတ်ပြီး ငြိမ်စဉ်းစားနေရာမှ ...

"မင်းဆေးရုံလိုက်ပို့တာက (၉)နာရီကျော်ကျော်လောက် ... မင်းအိမ်ပြန်ရောက်တာက တစ်နာရီ ... အဲ ... ဆယ့်တစ်နာရီလောက်ဆိုတော့ ကျန်တဲ့အချိန်တွေမှာ ဘယ်တွေသွားနေတာလဲ"

"ရော် ... မမနဲ့တော့ခက်ပြီ၊ ဆားပုလင်းကျနေတာပဲ ... စစ်လိုက်တာ ... ပြန်လာတော့ ဝင်းကိုကို သူ့အိမ်ဝင်ပို့တယ်၊ အဲဒါပြီးတော့မှ သား တစ်ခါကပြောဖူးတဲ့ ရောင်းအားကောင်းတယ်ဆိုတဲ့ " 24 Hour " ဆိုင်ကိုသတိရပြီး ဆိုင်ရှေ့မှာ သွားစောင့်ကြည့်တာ ... ဒါတောင် မေမေတို့စိတ်ပူနေမှာစိုးလို့ စောစောပြန်လာတာ ... သားက ညဉ့်နက်ပိုင်းကို သေသေချာချာ စောင့်ကြည့်ချင်တာ"

"အဲဒါများ ... နေ့လည်ခင်းတစ်နေကုန် သွားစောင့်ကြည့်ပေါ့ဟဲ့"

"မမကလေ ... အဲဒါပဲ ... စီးပွားရေးမလုပ်ဖူးတာ သိပ်သိသာတာပဲ၊ သားဖွင့်မယ့်ဆိုင်က " 24 Mart "လေ ... နေ့ရောညရော 24 နာရီဖွင့်မှာ နေ့ခင်းပိုင်းကို အကြိမ်ကြိမ်စောင့်ကြည့်ပြီးပြီ ... ညပိုင်းသာ ... မေမေတို့ ကျပ်လွန်းလို့ မစောင့်ကြည့်ရသေးတာ"

သူ့အစ်မက အဖြေးခံနေရသည်ဟူသာ ထင်နေပုံရပြီး ... သူ့ကို ပေစောင်းစောင်းနှင့်စိုက်ကြည့်နေသည်။

"သမီးတော့သိပ်မယုံဘူး မေမေ ... ဒီကောင် တစ်ခုခုကိုလိမ်နေသလိုပဲ"

"ထားပါသမီးရယ် ... သားလည်း စားစရာရှိတာမြန်မြန်စားနောက်ပြီး ... အဲဒီဆိုင်ကိစ္စလည်း မြန်မြန်အကောင်အထည်ဖော်တော့ ဒါမှ မင်းကို မင်းအဖေက မျက်စိစပါးမွေးစူးတာသက်သာမှာ ... ညနေကျလို့ မင်းအဖေပြန်လာပြီးမေးရင်လည်း ဟိုဆိုင်ကိုသွားစောင့်ကြည့်နေတဲ့အကြောင်း သေသေချာချာ မင်းအဖေသဘောပေါက်အောင်ရှင်းပြဦး ... "

"ရှင်းပြမှာ မေမေ ... စိတ်ချ ... ဖေဖေ ဒီနေ့ သားကိုမဆူစေရဘူး။ ပွဲရုံကိုလိုက်သွားပြီးတော့ကို သားရှင်းပြမှာ"

သူ့အစ်မက မျက်ခုံးစုံပင့်ပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"စိုးမိုးသူတို့ကတော့ နည်းနည်းပိုပြီ"

"တကယ်ပြောတာ မမရဲ့ ... ကဲ ... မေမေ သားကိုမုန့်ဖိုးနည်းနည်းနဲ့ ဆိုင်ဖွင့်မယ့်အခန်းငှားစာချုပ်မှာ စရံချဖို့အတွက် ငါးသိန်းလောက်ထုတ်ပေးလိုက် ... ဒီနေ့အခန်းငှားမယ်၊ စကားပြောဆိုထားပြီးပြီ၊ တစ်ခါတည်းငှားခကို အပြတ်ချေပါဆိုရင်လည်း နောက်တစ်ခေါက်လာပြန်ယူရမယ်"

"သား ... မင်းအဲဒီအလုပ်ကိုလုပ်ဖို့ အစစအရာရာလေ့လာပြီးတာသေချာတယ်နော်"

"သေချာပါတယ် မေမေရယ် ... သားလေ့လာနေတာ ကြာပေါ့"

"ပြီးရော ... ဒါဆို အမေပိုက်ဆံသွားယူပေးမယ်၊ အဝတ်အစားလဲတော့"

သူ့အမေထသွားမှ သူ့အစ်မကကျိတ်မေးသည်။

"မောင်လေး ... နင်ခုနကပြောသမျှအားလုံး အမှန်တွေနော်၊ အကယ်ဆို ညကနင်ပြန်လာတာ ဆယ့်တစ်နာရီမှမဟုတ်တာ ... တစ်နာရီဆို"

စိုးမိုးက မတ်တပ်ထရပ်လိုက်ရင်း ...

"ဩော် ... မမကလည်း ... အမှန်တွေပါဆို ... မယုံရင် သားပြောတဲ့ဆိုင်ရှေ့ကို အခုသွားကြည့်လိုက်၊ သားရဲ့ကားဘီးရာတွေ တွေ့လိမ့်ဦးမယ်"

သူ့အစ်မ ဇဝေဇဝါနှင့် မျက်စိပေကလပ်ပေကလပ်လုပ်ကာ စဉ်းစားနေတုန်း သူ ... ထမင်းစားခန်းထဲမှ လစ်ထွက်လာခဲ့လိုက်သည်။

❀✎❀

"အဲဒါပဲ ဟော့ကောင် ... ငါ့အမေနဲ့ငါ့အစ်မက မင်းကိုဖုန်းဆက်ပြီးသူမ်းမေးရင်လည်း ငါပြောတာနဲ့မလွဲအောင် ကြည့်ရှိုးဦး"

"ဟုတ်ပါပြီကွာ ... မင်းရဲ့အမှန်ကနည်းနည်း ... လိမ်ကျွတ်ကများများအတ်လမ်းကြီးကို ငါပါ ရောယောင်လိမ်ပေးရဦးမှာပေါ့"

"ဒါ လိမ်တာမဟုတ်ဘူးကွ ... လက်ချောစေချင်လို့ မုသားလေး



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းစွက်ပေးတယ်လို့ သဘောထားစမ်းပါကွာ ... ကိုယ့်စကားကြောင့် လူကြီးတွေ စိတ်ချမ်းသာသွားတယ်ဆိုရင် မင်းလည်းကုသိုလ်ရတာပေါ့ကွာ ဟုတ်ဘူးလား"

"အံမယ် ... လိမ့်ဖို့ ငါ့ကိုပါလှည့်ဆွယ်လိုက်သေးတယ်၊ မင်းက တော့ ရှားပါတယ်၊ နာမည်တောင် မောင်မောင်ရှားလို့ပြောင်းလိုက်ဖို့ ကောင်း တယ်၊ သူငယ်ချင်းတွေကို ငါအကြောင်းကြားလိုက်ရမလား"

"အကြောင်းကြားလိုက်လေ ... တစ်ခါတည်း မင်းနာမည်ပြောင်း တာပါ ထည့်ပြောလိုက် ... မင်းနာမည်က ခေါက်ထီးလို့လေ"

"တော်တော် ... ဟော့ကောင်၊ ငါ အဲဒီနာမည်မပြောင်းဘူး၊ မင်း လည်းမပြောင်းနဲ့တော့"

"ဟီးဟီး ... အဲဒီလိုလိမ္မာစမ်းပါ ညီလေးရယ်"

"တော်တော်အူမြူးနေတယ်၊ ညနေကျရင် မင်းအဖေက မင်းကိုဖျင်း ဖို့စောင့်နေမှာနော်"

"မင်းကြည့်လိုက်လေ ... စိုးမိုးတို့ ဘယ်လိုအကွက်ရွှေ့သွားမလဲ ဆိုတာ ... ငါ့အဖေက စောင့်နေစရာမလိုဘူး၊ ငါကိုယ်တိုင် ငါ့အဖေရှိရာကို အရောက်သွားမှာ"

"သတ္တိတွေသိပ်ကောင်းနေပါလားဟ ... ပန်းအိအိဖြူက ဘာဆေး တွေခွံ့လိုက်လို့လဲ"

"အပိုတွေပြောမနေနဲ့ ... ဆယ်နာရီထိုးပြီ ... မင်းရဲ့ဟိုအိမ်ပွဲစား မကြီးဆီဖုန်းခေါ်တော့ ... ငါတို့ ခဏနေရင်လာတော့မှာလို့ အရင်တစ်ခါလို မလွဲပါစေနဲ့လို့ ... အခန်းငှားပြီးတာနဲ့ မီးဆင်၊ ဆေးသုတ် ... Decoration တန်းလုပ်မှာ"

"ရက်စ် ... ဘော့စ်"

ဝင်းကိုဖုန်းဆက်ရာမှ အိမ်ရှင်နှင့်တွေ့ရမည်ဆိုသဖြင့် သူတို့နှစ်ယောက် ပြေးရသည်။ စရံချ စာချုပ်ချုပ်ပြီးသည်နှင့် အခန်းပိုင်ရှင်က အခန်းကိုပြုပြင် လိုလျှင် ပြုပြင်ရန်ခွင့်ပေးသဖြင့် စိုးမိုးသူ့အဖေထံ ဖုန်းဆက်ရတော့သည်။

"ဖေဖေလား"

"အေး"

"ဖေဖေ အရင်တစ်ခါပြောထားတာလေ၊ Decoration လုပ်တဲ့လူဆို



www.burmeseclassic.com

www.burmeseclassic.com



တာ အဲဒါအခုလွှတ်ပေးတော့ ... သားတို့ ဆိုင်ဖွင့်ဖို့ငှားထားတဲ့အခန်းမှာ စောင့်နေမယ်''

''ဟ ... သူက မင်းအလုပ်တစ်ခုပဲလုပ်ပေးဖို့ စောင့်နေတဲ့သူမှ မဟုတ်တာ ... ချက်ချင်းဘယ်လိုလုပ်ရောက်လာနိုင်မှာလဲ ... ဒါပေမဲ့ မင်းအဲဒီမှာပဲစောင့်နေ အဲဒီလူကို အဖေအရင်ဆက်သွယ်လိုက်ဦးမယ်၊ ပြီးမှ သားဆီပြန်ဆပ်မယ်၊ အဲဒီနေရာက လိပ်စာပြောစမ်း''

စိုးမိုးသူက လိပ်စာပြောပြပြီး ဖုန်းချလိုက်သည်။ ချက်ချင်းပင် ဝင်းကိုတ ...

''စိုးမိုး ... မင်းအဖေ မင်းကိုဆူဖို့မေ့သွားပြီထင်တယ်၊ ဘာသံမှ မကြားရပါလား''

''ဆူဖို့မေ့နေတာမဟုတ်ဘူးကွ ... ဆူဖို့မေ့အောင် မင်းဆရာ ... ငါကလုပ်လိုက်တာ ... မင်း သတိမထားမိလိုက်ဘူးမဟုတ်လား''

''ဘာလုပ်လို့လဲ''

''ငါ့အဖေအကြောင်း ငါသိတယ်၊ ငါ့အဖေက အလုပ်ခရေဇီသမား။ ဒါကြောင့် မင်းကို ဒီနေ့ ဟိုအခန်းကို မရရအောင်ငှားရမယ်လို့ပြောတာ ... သူ့ထက်ပိုပြီးအလုပ်များပြလိုက်တော့ ... ငါ့အဖေစိတ်ထဲမှာ ဆူဖို့သတိရပါတော့မလားကွ''

''အင်း ... ဟုတ်သား''

''ခုဆို ... သူတောင် အလုပ်ပြန်ပေးထားလိုက်သေးတယ်၊ ငါတို့က ဒီမှာအေးဆေးနေ့ပြီး စောင့်နေရုံပဲ''

''အေးဟ''

''ဒါပေမဲ့ အဆူခံရလည်းတန်တယ်လို့ ငါကတွက်ထားပြီးသားပါကွ၊ ညတုန်းကကိစ္စမှာ ... စဉ်းစားကြည့်ရင် ... ပန်းအိအိဖြူနဲ့ငါနဲ့ နီးစပ်ဖို့ဇာတာ ပါလာတယ်လို့ ထင်ရတယ်ကွ ... ရင်းနှီးဖို့အခွင့်အရေးက အချိန်ကိုက် ကြိဖန်ရခဲ့တာလေ၊ ငါရှာနေတဲ့ စစ်မှန်တဲ့မေတ္တာ၊ ပြီးတော့ ... ဖူးစာရှင်ကို ခုမှ အမှန်တကယ်ဆုံတွေ့ရတာထင်တယ်''

''အေးပါ ... မင်းက တွေးပြီးအူမြူးနေ ... ငါကတော့ အိမ်ပြေ တာ ခေါင်းနဲ့ဆင်းရပြီမှတ်တာ ... ငါ့အမေကယ်လို့''



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုစကားပြောနေစဉ် စိုးမိုးက သူ့အကြည့်ကို ဝင်းကိုမျက်နှာ တဆင့် တစ်ဝိုင်းကျော်သို့ရွှေ့လိုက်မိသည်။ ထိုဝိုင်းမှ ကောင်မလေးများက စူးစူးရှရှနှင့် သူ့ကိုပြန်ကြည့်နေကြသည်။ သူမတို့အုပ်စုထဲက တစ်ယောက်ကို သူ မသိတာသေချာသည်။

ဝင်းကိုက သူကြည့်နေသည်ကိုသတိထားမိပြီး ... ဘာလဲဟူသည့် အဓိပ္ပာယ်နှင့် မျက်ခုံးပင့်ပြသည်။ သူက တစ်ချက်မေးဆတ်ပြလိုက်သည် ဝင်းကိုက မသိမသာမဟုတ် ... ပေါ်တင်ကြီး ကောင်မလေးအုပ်စုကို လှမ်း ကြည့်သည်။

ဝင်းကိုအကြည့်ကြောင့် ကောင်မလေးများက သူမတို့အကြည့်ကို ရုပ်သိမ်းသွားကြသည်။ ဝင်းကိုက တစ်ချက်ပြုံးပြလိုက်သည်။ ထိုအပြုံးနောက် တွင် နားရင်းတီးချင်စရာစကားများ ထွက်လာတော့မည်ကို သူသိသည် ထင်သည့်အတိုင်းပင် ...

"နောက်ထပ် ဇာတ်လမ်းအသစ်တစ်ခု မွေးဖွားလာတော့မယ်ပေါ့"

"ဘာတွေ လိုက်မြှောက်ပေးနေတာလဲကွ"

"မမြှောက်ပေးရပါဘူးဗျာ ... အရင်ကဆို မင်း ... ဒါမျိုး အလွတ်ပေးဖူးလို့လား"

"ဒီနေ့စိုးမိုးသူက မင်းအရင်ကသိခဲ့တဲ့စိုးမိုးသူ မဟုတ်တော့ဘူးကွ"

"ယုံကြည်ကြည့်လိုက်ရမလား"

"စောင့်ကြည့်လိုက်လေ"

"ကြည့်ဦးမှာ"

"ဒီရှေ့ဆို ... စိုးမိုးတို့က အတည်စာကျ၊ ရာသက်ပန်၊ ရိုးမြေကျ သားမှတ်မှတ်မယားမှတ်မှတ် လက်ထပ်ပေါင်းသင်းယူမယ့် ချစ်သူသန့်သန့် လေးကိုပဲ ထားတော့မှာ"

ဝင်းကိုမျက်နှာဖောင်းဖောင်းကြီးပေါ်တွင် လှောင်လို ... ပြောင်လို ထေ့ငေါ့လိုသည့် အရိပ်အယောင်များကို အထင်းသားမြင်နေရသည်။ စိုးမိုး ထိုမျက်နှာကြီးကို မသိယောင်ဆောင် ဥပေက္ခာပြုလိုက်ပြီး ...

"ဖေဖေကလည်း ခုထိဖုန်းပြန်မဆက်ဘူးကွာ ... ဒီမှာ ဆိုင် မြန်မြန်ပြင်ဆင်၊ မြန်မြန်ဖွင့်ပြီး စီးပွားရှာချင်နေလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ... "

ဝင်းကိုက မိန်းမကြီးလို မျက်စောင်းလှမ်းထိုးသည်။

❀✎❀

"မောင်လေး ... လာဦး"

သူ့အစ်မ ... ညှော်ခန်းထဲမှ အသံခပ်ဆတ်ဆတ်ဖြင့် ခေါ်လိုက်သည်။ ိုးသူ အပြင်မှပြန်လာလာချင်း အခေါ်ခံလိုက်ရခြင်းဖြစ်သည်။ ညှော်ခန်းထဲရှိ အတွင် ဝင်ထိုင်ရင်း ... သူ မျက်လုံးကစားလိုက်သည်။ ဒီအချိန်ဆို ရားခန်းထဲတွင် သူ့အမေ ပုတီးစိပ်နေလောက်ပြီ။ မမအသံကြောင့် အန္တရာယ် နဲ့အသက်ကို သူ ရသလိုလိုရှိလာသည်။

"နင် ဘာတွေလျှောက်လုပ်နေတာလဲ"

"သား ဘာလုပ်လို့လဲ"

"နင် ကောင်မလေးတစ်ယောက်ကို ထပ်လိုက်နေတယ်ဆို"

စိုးမိုးသူ ... ည်းနည်းစိတ်အေးသွားသည်။ ထို့ကြောင့် ...

"ဒါများ ... အထူးအဆန်းကျနေတာပဲ ... မမကလည်း"

"ဘာမမကလည်းလဲ ... နင် ... လွန်နေပြီနော်"

"ဘာတွေလွန်နေလို့လဲ မမရဲ့ ... အရင်ကလည်း ဒီလိုပဲတွဲနေခဲ့ တာပဲကို"

"အရင်ဟာတွေနဲ့ ခုဟာကမတူဘူးဟဲ့"

သူ့အစ်မအသံက မာတင်းပြတ်သားလာသည်။

"နင် ... ကျန်တဲ့ကောင်မလေးတွေ ကြိုက်သလောက်တွဲလို့ရ ယ် ... အခုလိုက်နေတဲ့ကောင်မလေးတော့ လုံးဝမပါစေနဲ့"

"ဘာဖြစ်လို့လဲ ... မမနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"မောင်လေးနော် ... နင် ငါ့ကို ဘာမှ ပြန်ပြီးမေးခွန်းထုတ်နေစရာ ကြောင်းမရှိဘူး။ တားသင့်လို့တားနေရတာပေါ့ဟဲ့ ... နင် မမစကားကို ဆောင်ရင်တော့ ဖေဖေ့ကိုအသိပေးရလိမ့်မယ်နော်"

စိုးမိုးက ထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ကလေးမှမဟုတ်တော့တာ ... အကောင်းအဆိုးကို ခွဲခြားတတ်နေပါပြီ"

"အခုတောင် နင် ... မမစကားကို နားဝင်တော့လို့လား ... မှတ်ထားနော် ... အရေးအကြောင်းဆို ဒီအစ်မကပဲ ကယ်တင်ပေးရတာ"

"သားမေးတာကိုကျတော့ မမ ရှင်းရှင်းလင်းလင်းမဖြေဘဲနဲ့ ... ကဲ ... မမဖြေလေ၊ သူနဲ့ကျမှ ဘာလို့အသည်းအသန်တားရတာလဲ"

"ဆူညံပူညံနဲ့ သားတို့သမီးတို့ ဘာတွေဖြစ်နေကြတာလဲ"

သူ့အစ်မနှုတ်မှ စကားများ ပွင့်အန်ကျလာလုဆဲဆဲတွင် ဘုရားခန်းထဲမှထွက်လာသော အမေ့၏အသံကြောင့် မမစကားများတန့်သွားသည်။

စိုးမိုးလည်း အခြေအနေကိုနားလည်သွားသည်။

မိခင်ကို အသိပေးသင့်သောကိစ္စများမဟုတ် ...

သူ ရှောင်ထွက်လာကာ အိမ်ခန်းထဲဝင်ခိုလိုက်သည်။

ဆိုင်ဖွင့်ရန်လှုပ်ရှားရသည်မှာ ... အနည်းငယ်တော့ ပင်ပန်းသည်။ သို့သော် ဒီကနေ့စိတ်ဆောင်ရွက်သမျှ အကုန်အဆင်ချောသည်။ ညနေ အိမ်ပြန်ရောက်ကာမှ မမရစ်သည်ကိုခံရသည်။

မရှင်း ... အာမှမရှင်း ... မမနှင့်ပန်းအိအိဖြူ ဘယ်လိုပတ်သက်သွားသနည်း။ စဉ်းစားမရ ... သူမသိသေးသည့် ဆက်စပ်မှုတစ်ခုခုတော့ ရှိရမည်။

ကိုဆန်းထွဋ်ဦးလား ...

မဖြစ်နိုင် ... ဒီလောက်တည်ကြည်သည့်လူက အိမ်နှင့်လည်း ရင်းနှီးသေးသည်မဟုတ်ဘဲနှင့် ပါဝင်ပတ်သက်စရာအကြောင်းမရှိ ... ဒါဆို ယုယခင်လား ...

ယုယက မမနှင့်အဆက်အစပ်ရှိသည်။ မရင်းနှီးပေမယ့် မေးထူးခေါ်ပြောအဆင့်တော့ရှိသည်။ ယုယခင်က မမကို အတင်းဝင်ရောလိုက်လျှင် ဖြစ်လောက်သည်။ သို့သော်လည်း ...

ယုယခင်ကနှုတ်ကွက်ရှုံလောက်နှင့် မမက သူ့ကို ယခုကဲ့သို့တင်းတင်းမာမာ တားမြစ်မည်မဟုတ်။ ဒါဆို ... ဘာကြောင့်လဲ ...

www.burmeseclassic.com

www.burmeseclassic.com

ခန်း (၁၁)

"ပန်းအိအိဖြူ"

"ရှင် ... ဪ"

ရုတ်တရက် အခေါ်ခံလိုက်ရသဖြင့် လွှတ်ခနဲထူးလိုက်ဟန်တူသည်။
မှ စိုးမိုးသူကိုမြင်ပြီး အသိအမှတ်ပြုမှတ်မိသည့်အပြုံးကို မြင်ရသည်။

ဘတ်စ်မှတ်တိုင်တွင် လူရှင်းနေသည်။

"ဟိုညကလေ ... ရှိနေဦးမယ်ထင်တာ ... နောက်တစ်ခေါက်
ထွက်လာပြီး ... မမြင်တော့မှ ပြန်သွားမှန်းသိလိုက်ရတာ ... ဟို ...
စ်မျိုးတော့မထင်ပါနဲ့နော် ... ကျွန်မတို့ဘက်က ပျက်ကွက်သလိုဖြစ်သွား
ပါတယ်၊ အဲဒီအတွက် ကားငှားခ ... ဘယ်လောက်လောက် ... "

စိုးမိုးက တစ်ချက်ပြုံးလိုက်ပြီး ...

"အဲဒီညက ကျွန်တော့်ကားပေါ်မှာ Taxi Boad မတင်ထားမိဘူး
င်တယ်"

သူနောက်ပြောင်၍ပြောသည်ကို တမင်ပြောသည်ထင်ပြီး သူမ ပို၍
ာ်ရွံ့အားနာသွားကာ ...

"ကျွန်မက ... ကိုစိုးမိုးသူကို Taxi ဆွဲစားနေတယ်လို့ ပြောချင်တာ
တ်ပါဘူးရှင် ... အထင်မလွဲပါနဲ့ ... ဒါပေမဲ့ အချိန်မတော် အက
ညီတောင်းမိတော့ ကျွန်မတို့မှာ ဝတ္တရားရှိစာယ်ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကလည်း စကာပါဗျာ ... အဲဒီကိစ္စအတွက် စိတ်
လုံးဝမထားပါနဲ့ ... စေတနာနဲ့ကူညီခဲ့တာပါ"

"အားနာစရာကြီးရှင် ... ဖြစ်နိုင်ရင်ယူလိုက်ပါ"

"အားနာရင် ... မြို့ထဲရောက်တော့ တစ်ခုခုကျွေးပေါ့"

"ရှင် ... ဒါဆို ... "

"ကျွန်တော့်မှာလည်း ကားမပါဘူး၊ ပန်းအိအိဖြူလိုပဲ ဘတ်စ်တိုး
မလို့"

သူမ ရယ်လိုက်သည်။ ပိုမိုစွဲမက်သွားစေသည့် သူမ၏အရယ်မျက်
လေးကို သူ့ရင်မှာ ထာဝရသိမ်းဆည်းထားချင်စိတ် ပေါက်သွားသည်။ ထို့ကြေ
သူ စိတ်လွတ်ကိုယ်လွတ် ငေးမိသွားသည်။ သူမက သတိထားမိပြီး ...
မျက်လွှာချသွားမှ သူ့ဘက်က ကိုယ်ရှိန်သတ်လိုက်ရသည်။

"စောစောက ဆိုင်ဘက်ကိုသွားကြည့်သေးတယ် ... မတွေ့တာ
ပြန်မလို့လျှောက်လာမှ ဒီမှာတွေ့တာ"

"အိမ်ထဲဝင်လိုက်ရောပေါ့ ... မေမေနဲ့မမတို့ရှိတာပဲ ... သူတို့
ကိုစိုးမိုးသူကို အရမ်းကျေးဇူးတင်နေတာ ... တွေ့လည်းတွေ့ချင်နေကြတယ်"

"အရေးကြုံလို့ ကူညီရတာပဲဗျာ ... အထူးတလည် ကျေးဇူးတ
နေဖို့မလိုပါဘူး ... လူမမာအခြေအနေ တော်တော်ကောင်းသွားပြီလား"

"ဟုတ်ကဲ့ ... နောက်ရက်မှာပဲ ထူထူထောင်ထောင်ပြန်ဖြစ်သွား
တယ်၊ အခု ဆိုင်တောင်ထိုင်နေပြီ၊ မတွေ့ခဲ့ဘူးလား"

"မတွေ့ခဲ့လိုက်ဘူး ... အကူကောင်မလေးပဲတွေ့တယ်"

"အိမ်ထဲ ခဏဝင်သွားတာထင်တယ်"

ပြောစရာစကားကုန်သွားသလို ခဏတိတ်သွားကြသည်။

ပန်းအိအိဖြူက ဆံပင်များကို နောက်သို့သိမ်းသပ်လိုက်သည်။ စိုးမိုး
က ဘောင်းဘီအိတ်ထဲလက်တစ်ဖက်ထည့်ရင်း ကားလာမည့်ဘက် လှမ်းမျှော်
ကြည့်လိုက်သည်။

"ပန်းအိအိဖြူ ... အခုဘယ်သွားမှာလဲ"

"သုံးဆယ့်ရှစ်လမ်းက အဒေါ်အိမ်သွားမလို့"

ထိုအချိန်မှာပင် ဘတ်စ်တစ်စင်း ထိုးဆိုက်လာသည်။ ထိုင်ခုံနေရာလွ



www.burmeseclassic.com

www.burmeseclassic.com



မရှိ... မတ်တပ်စီးများပင် ပြည့်နေပြီ... ပန်းအိအိဖြူက သူ့ဘက်လှည့်ကြည့်ရင်း...

"တက်မယ်လေ"

သူက ခေါင်းကို ခပ်လေးလေးညိတ်ပြလိုက်သည်။

ပန်းအိအိဖြူ ကားပေါ်တက်ပြီး ... သူလည်း နောက်မှလိုက်တက်လိုက်သည်။

ပန်းအိအိဖြူက ကားအတွင်းပိုင်းသို့ တိုးဝင်သွားသည်။ စိုးမိုးက ပုလောင်အိုက်စပ်ကာ အနံ့အသက်ပေါင်းစုံနေသည့် အတွင်းပိုင်းသို့ တိုးဝင်ရမှာ တွန့်သွားပြီး ... အပေါက်ဝနားတွင်ပင် ကပ်သပ်ရပ်နေလိုက်သည်။

"တက်ထားပါ၊ သွက်သွက်လေးတက်ပေးပါ ... ငါးယောက်တက်၊ ခြောက်ယောက်တက်၊ ခုနစ်ယောက် ... ဟိုရှေ့က အကျီအနီနဲ့အစ်မ ရှေ့ကို နည်းနည်းတိုးပေးပါ၊ အလယ်မှာချောင်ပါသေးတယ်၊ နောက်တက်မယ့်လူတွေ ရှိပါသေးတယ်၊ ဟိုအစ်ကိုကြီး ရပ်မနေပါနဲ့ဗျာ ဆက်တိုးပေးပါ၊ ပြောရတာ လည်း မောလှပါပြီ"

သူလည်း နားငြီးလှပါပြီဟု စိုးမိုးပါအော်လိုက်ချင်သည်။ စပယ်ယာက သူ့နားနားကပ်၍ မရပ်မနားအော်ပြောနေသောကြောင့် ဖြစ်သည်။ စပယ်ယာ ၏ ကွမ်းတံတွေးစက်တွေက ... သူ့ပါးနှင့်အကျီကော်လံသို့ အဆက်မပြတ် လာမှန်နေသည်။

စောစောကသင်းပျံ့နေသော ပန်းအိအိဖြူထံမှ ကိုယ်သင်းရနံ့မှာလည်း ပျောက်ခြင်းမလှ ပျောက်သွားလေပြီ။

ကားစထွက်သဖြင့်သာ ... လေအနည်းငယ်တိုး၍ အိုက်စပ်မှုတို့ အတန်အသင့်လျော့ပါးသွားသည်။ ကားစပယ်ယာက ကားခလိုက်တောင်းသည်။

သူထုတ်ပေးရန် ဟန်အပြင်တွင် ...

"ပေးလိုက်ပြီးပြီ ... "

လူကြားထဲမှ မျက်နှာလေးပြပြီးပြောလိုက်သော ပန်းအိအိဖြူ၏အသံကို ကြားလိုက်ရသည်။ ချက်ချင်းပင် ... ထိုမျက်နှာလေး လူအုပ်ကြားတွင် ပြန်လည်ပျောက်ကွယ်သွားသည်။

ကားထွက်လိုလျှင် လီဗာကိုအရမ်းနင်းကာ ... ရပ်လိုလျှင် ဘရိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းနှင်းတတ်သည့် ဒရိုင်ဘာ၏ကြောင့် ကားထဲတွင် မတ်မတ်ရပ်၍မရ။ ရှေ့တိုးနောက်ငင်နှင့် ခရီးသည်အားလုံး ယိမ်းယိုင်နေကြရသည်။

မီးပွိုင့်မိ၍ ရပ်စောင့်ရသောအခါ ... အိုက်စပ်ခြင်းက ပို၍ပြင်းထန်လာသည်။ စိုးမိုးသူတစ်ကိုယ်လုံးတွင် ချွေးများနှင့်ရွှဲနေတော့သည်။ ယခုမှ အဲကွန်းဖွင့်စီး၍ရသည့် ကိုယ်ပိုင်ကားကိုထားခဲ့ပြီး ... ဘတ်စ်တိုးစီးမိသည့်အတွက် နောင်တရချင်လာသည်။

အခြေခံလူတန်းစားတို့၏ ခရီးသွားခြင်းဒုက္ခကို သူ အခုမှစာနာမိတော့သည်။ ပန်းအိအိဖြူလည်း ဘယ်လိုနေမည်မသိ ... ခြေဖျားထောက်၍ ကြည့်သော်လည်းမတွေ့ ... လက်ကိုင်တန်းကိုဆွဲခိုထားသော လက်များစွာကို ကြည့်လိုက်မိသည်။

ဖြူသွယ်သော လက်ချောင်းလေးများက အသားရောင်အမျိုးမျိုးကြားတွင် ထင်းခနဲပေါ်လွင်နေသည်။ မမှားနိုင်ပါ ... ပန်းအိဖြူ၏ ဘယ်လက်လက်သူကြွယ်တွင် ပတ္တမြားလက်စွပ်လေးတစ်ကွင်း ဝတ်ထားသည်မို့ ...

ဆင်းရမည့်မှတ်တိုင်အနီးရောက်မှ သူမမျက်နှာလေးကို တဖြည်းဖြည်းပြန်မြင်လာရသည်။ မှတ်တိုင်တွင်ဆင်းပြီးနောက် ...

"သိပ်စိတ်ညစ်သွားပြီ မဟုတ်လား"

ပလက်ဖောင်းတွင် အတူယှဉ်တွဲလျှောက်ရင်း ပန်းအိဖြူက မေးလာခြင်းဖြစ်သည်။ စိုးမိုးက ပြုံးလိုက်ပြီး ...

"စိတ်မညစ်ပါဘူး ... ပျော်တောင်ပျော်သေးတယ်"

ပန်းအိဖြူကပါ ပြုံးလိုက်သည်။

"ဘာလို့ပျော်တာလဲလို့ မမေးတော့ဘူးလား"

"ဟင့်အင်း"

ပန်းအိဖြူက လူလည်ကြီးသားသမီးလုပ်လိုက်သဖြင့် သူ စကားဆက်ရခက်သွားတော့သည်။ ထို့ကြောင့် သူ့ဖာသာ စိတ်ထဲကပဲပြောလိုက်ရတော့သည်။ ကားပေါ်မှာ စိတ်ညစ်ခံထားခဲ့လို့ ... ခုလို ချစ်ရတဲ့အိဖြူနဲ့ ကြည်ကြည်ဖြူဖြူ အတူယှဉ်တွဲ လျှောက်နေခွင့်ရနေတာလေ ... ဟု ...

"ဟိုရှေ့ကလမ်းထိပ်မှာ ရှမ်းခေါက်ဆွဲဆိုင်ရှိတယ် ... အဲဒီမှာ စားမလား"



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲရောက်ရင် တစ်ခုခုကျွေးပေါ့ဟု သူပြောခဲ့သည့်စကားကြောင့် ပန်းအိဖြူက မေးခြင်းဖြစ်သည်။

"စောစောက နောက်တာပါ ... ဗိုက်မဆာပါဘူး"

"တစ်ခုခုကျွေးရမှ ကျွန်မ ဝတ္တရားကျေမှာပေါ့"

ပန်းအိဖြူက သူမနားထင်အစပ်မှချွေးတို့ကို ပဝါဖြင့်တို့သုတ်နေရင်းမှ ပြောသည်။ တစ်ဆက်တည်း သူ့မျက်နှာကိုလည်း လှမ်းကြည့်ကာ သူ့ကို ပဝါလှမ်းပေးသည်။ သူ့မျက်နှာနှင့်လည်တိုင်တွင် ချွေးပြန်နေသည်။ ပဝါကို လှမ်းယူပြီး ချွေးမသုတ်ဘဲ ခေါက်၍အိပ်ကပ်ထဲထည့်လိုက်သည်။

ပန်းအိဖြူက သူ့ကို မေးခွန်းမျက်ဝန်းများနှင့် ကြည့်သည်။

စိုးမိုးက ဘောင်းဘီအိတ်ထဲမှ တစ်သျှူးစက္ကူကိုထုတ်ကာ သုံးလေးစထုတ်ယူ၍ မျက်နှာနှင့်လည်တိုင်မှချွေးတို့ကို သုတ်သည်။ ထိုသို့သုတ်နေရင်းနှင့် နောက်ထပ်သုံးလေးစထုတ်ယူကာ ပန်းအိဖြူကိုလှမ်းပေးရင်း ...

"မေးဖျားမှာ ချွေးစလေးတွေရှိနေသေးတယ်၊ ကိုယ်တိုင်သုတ်ပေးချင်ပေမယ့် ... လက်ခံမှာမဟုတ်လို့၊ ပြီးတော့ ... မသင့်တော်ဘူးလို့လည်း ထင်လို့ ..."

ကိုယ်တိုင်သုတ်ပေးချင်သည့် သူ့ဆန္ဒကြောင့်ဖြစ်မည်ထင်သည်။ သူမမျက်နှာ ရှက်ရဲရဲလေးဖြစ်သွားသည်။ ပြီးမှ တစ်သျှူးကိုလှမ်းယူပြီး ကိုယ်တိုင်မျက်နှာပြင်အနှံ့ တို့သုတ်သည်။ သုတ်ရင်းလည်း မေးသည်။

"ကျွန်မသုတ်ပြီးသားပဝါနဲ့ မသုတ်ချင်လို့လား"

"မဟုတ်ပါဘူး ... အိဖြူရဲ့ကိုယ်သင်းနံ့လေးတွေမပြယ်ခင် ခေါက်ပြီး အမှတ်တရအနေနဲ့ သိမ်းထားလိုက်ချင်လို့ပါ၊ အပိုင်ယူလိုက်ပြီနော်"

ပန်းအိဖြူက ရှက်ဝဲဝဲလေးဖြင့် ...

"ရပါတယ် ... သူ ယူချင်ယူပေါ့"

သူတို့နှစ်ဦးကြားတွင် တစ်စုံတစ်ရာအတိုင်းအတာအထိ နားလည်မှုရှိသွားပြီဟု ယူဆမိသဖြင့် ... စိုးမိုးသူက သူမကို ကြည်ရွှင်စွာပြုံးပြလိုက်သည်။

ပန်းအိဖြူကလည်း သွားတက်စွယ် ဖွေးဖွေးလေးများပေါ်သည်အထိ ပြုံးပြသည်။ သူ့မျက်စိထဲ စွဲမက်ဖွယ်ကောင်းအောင် လှသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခုန်သံတွေလည်း သာမာန်အချိန်ထက် ပိုမိုမြန်ဆန်သွားသည်။ သူ့အတွက် မိန်းကလေးများနှင့်ပတ်သက်၍ ရင်ခုန်မှုများအနက် ယခုတစ်ကြိမ်သည် တစ်ခါမှမကြုံဖူးသေးသော ရင်ခုန်နှုန်းအသစ်သာဖြစ်ပါသည်။

"ရှမ်းခေါက်ဆွဲကြိုက်လား"

"မကြိုက်ပါဘူး၊ ဒါပေမဲ့ အိဖြူကြိုက်ရင်စားပါ၊ ကျွန်တော် လိုက် ထိုင်ပေးမယ်လေ"

"ဒါဖြင့် ... သူက ဘာကြိုက်တာလဲ"

"ပန်းဆိုးတန်းကကော်ပြန့်ကြော် ကြိုက်တယ်"

"ဒါဆို ပန်းဆိုးတန်းသွားမယ်လေ"

"အလကားပြောတာပါ၊ နေလည်းသိပ်ပူနေပြီလေ ... ရှမ်းခေါက်ဆွဲ ဆိုင်မှာပဲ ထိုင်ကြရအောင်"

"သူ ကြိုက်မှစားပါ"

မိမိကို ဦးစားပေးမှန်းသိသာစေသည့်စကားကို ပန်းအိဖြူထပ်ဆိုသည်။

"ဘာမှမစားပါဘူး အိဖြူရယ် ... အအေးတစ်ခုခုပဲ သောက်ပါ စေ"

ဆိုင်ထဲရှိစားပွဲတစ်လုံးတွင် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်။

ယခုအချိန်တွင် သူ့အတွက်တော့ အစာထက် ... စကားကို ဦးစားပေးစဉ်းစားနေရသည်။ သူ့ရင်ထဲတွင် အတန်ကြာသိမ်းဆည်းခဲ့ရသည့် စကားများကို ယခုအချိန်တွင် ဖွင့်ပြောသင့်နေပြီလား။ ဒါမှမဟုတ် ကျေးဇူး မို့ အခွင့်အရေးယူရာကျနေမလား။ သူ့အပေါ် သူမသဘောထားကတော့ အ လို စိမ်းစိမ်းပြတ်ပြတ်မဟုတ်တော့သည်မှာ သေချာနေသည်။

စားပွဲထိုးလေးက သူတို့ရှေ့စားပွဲကို ရေစိုအဝတ်ဖြင့် သုတ်သင်ရှင်းလင်း ပေးသည်။

ပန်းအိဖြူကို ချစ်နေမိပြီဖြစ်ကြောင်း ... သူ ဖွင့်ပြောလိုက်လျှင် သူမ စိတ်များဆိုးသွားမလားဟူသော ... သူ့ရင်ထဲမှ သံသယအပူစများ လည်း စားပွဲနည်းတူ သုတ်သင်ရှင်းလင်းပေးနိုင်လျှင် ဘယ်လောက်ကောင်း မလဲဟု ... မဆီမဆိုင် ဆက်စပ်တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

"ဟိုက် ... စိုးမိုးရေ ... မင်း ညတုန်းက အိပ်မက်တွေဘာတွေ ကောင်းရဲ့လား"

"ဘာဖြစ်လို့လဲ"

ဝင်းကိုက လမ်းမဘက်ကိုမျက်စပစ်ပြသည် ... ယုယခင်နှင့် ကောင်မလေးတစ်ယောက် ... သူတို့ထိုင်နေရာလက်ဖက်ရည်ဆိုင်သို့ တန်းတန်းမတ်မတ်လျှောက်လာသည်။ သူတို့ကို စောစောကတည်းက မြင်ပြီး ဟန်တူသည်။ တည့်တည့်ကြီးလှမ်းကြည့်နေသည်။

စိုးမိုးသူ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဝင်းကိုထံမှ ခပ်ကျိတ်ကျိတ် မပွင့်တစ်ပွင့်အသံထွက်လာသည်။

"လုံးဝ လှုပ်ရှားဖို့မကြိုးစားနဲ့တော့ ... အရမ်းနောက်ကျသွားပြီ"

"အေးကွာ ... စောစောက မြင်လိုက်ရမှာ"

သူ့ရင်ထဲ ဝေလေးလံထိုင်းမှိုင်းသွားတော့သည်။

စောစောက ... ပန်းအိဖြူနှင့်တွေ့ပြီး အခြေအနေကောင်းသမျှကို ဝင်းကိုအားဖောက်သည်ချစဉ် ... စိတ်ထဲတွင် ပေါ့ပါးရွှင်မြူးသွက်လက်ခဲ့သမျှ ယခုတော့သွားပြီ။

"ကိုကို သိပ်ရက်စက်တယ်"

ဝင်ထိုင်ထိုင်ချင်းပင် ယုယခင်က စတင်တိုက်ခိုက်သည်။ ဝင်းကိုက



www.burmeseclassic.com

www.burmeseclassic.com



ယုယခင်၏အဖော်ကောင်မလေးကို ခုံဆွဲ၍နေရာပေးသည်။

"ဘာတွေဖြစ်လာတာလဲကွ ... အေးအေးဆေးဆေးထိုင်ပြီး အသက်ရှူစမ်းပါဦး"

"ဩော် ... ကိုကို ပြောရက်တယ်နော်"

ငိုမဲ့မဲ့ဖြစ်သွားသော ယုယခင်မျက်နှာကြောင့် သူပါ ခဏတာခံစားမိသွားသေးသည်။ ထို့ကြောင့် ... အတတ်နိုင်ဆုံး မျက်လုံးချင်းမဆုံအောင် သူကြိုးစားနေမိတော့သည်။ သူ့ဘက်မှဖောင်းဖြစ်နေသည်မှာ အပိအပြင်မို့ ...

စိတ်ရှုပ်ထွေးဟန်နှင့် ထိုင်နေသည့်ဝင်းကိုက ဝင်ရောက်၍ အာရုံလွှဲပြောင်းပေးသည်။

"ဘာသောက်ကြမလဲ ... အပူလား ... အအေးလား"

အရှိန်တင်ရန်အားယူနေသည့် ယုယခင်တစ်ယောက် ဘရိတ်အနင်းခံလိုက်ရသဖြင့် မကျေမချမ်းဟန်ဖြင့် ... ဝင်းကိုကို ဘုရှုံ့ရှုံ့သည်။ ဝင်းကိုက သွားဖြီးလေးနှင့် ပြန်ကြည့်လိုက်ရသည်။

ယုယခင်နှင့် ပါလာသည့်ကောင်မလေးက သူတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေရာမှ အနည်းငယ်ပြုံးချင်ချင်ဖြစ်သွားသည်။

"ပူနေတယ်၊ ရင်ထဲမှာပူနေတာ ... အပူ ဘယ်လိုလုပ်သောက်နိုင်မှာလဲ ... အပူသာထပ်သောက်ရရင်တော့ တစ်ကိုယ်လုံးပါ ပြာကျသွားမယ်ထင်တယ်၊ အအေးပဲသောက်မယ်၊ ဝင်းမာရော ... အအေးပဲသောက်မယ်မဟုတ်လား"

ကောင်မလေးက ပြုံးပြီးခေါင်းညိတ်ပြသည်။

ဝင်းကိုက အအေးနှစ်ပူးမှာပေးသည်။ ပြီးတော့ ... အေးအေးမနေမဆီမဆိုင် မပွင့်တစ်ပွင့်ထပ်ပြောသည်။

"အပူကိုအပူနဲ့ဖိရင် အဆင်ပြေမှာပေါ့၊ အပူနဲ့အအေးသွားတွေ့လို့ လန့်ဖျပ်ပြီးကွဲကုန်ရင် ဒုက္ခ"

ယုယခင်မျက်စောင်းက ဝင်းကိုထံ ဒိုင်းခနဲရောက်သွားပြန်သည်။

"ဩော် ... ရာသီဥတုကအရမ်းပူတယ်လို့၊ အဲဒါ ... အအေးလေး ဖြည်းဖြည်းချင်း တစိမ့်စိမ့်သောက်ပေးမှ ... အဟဲ ... အဆင်ပြေမှာလို့"

ယုယခင်က သိပ်မကျေလည်သော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် ... ကိုဝင်းကိုကြီး ဝင်မရှုပ်ပါနဲ့"

ဝင်းကိုမျက်နှာ ပြုံးဖြီးဖြီးဖြစ်သွားသည်။ ယုယခင်၏အဖော် ဝင်းမာက ခစ်ခနဲရယ်သည်။ ယုယခင်က သူတို့နှစ်ယောက်လုံးကို မျက်စောင်းဆင့်ထိုးလိုက်ပြီးမှ ... စိုးမိုးဘက်ကို မြှားလှည့်နိုင်သည်။

"ကိုကို ... ဘာလို့ ဒီလောက်တောင်စိမ်းနေရတာလဲ"

စိုးမိုးက ... မျက်နှာကို ချက်ချင်းညှိုးပြလိုက်သည်။

"မအားလို့ပါကွာ ... စတိုးဆိုင်လေးတစ်ဆိုင်ဖွင့်ဖို့အရေး ဘယ်လောက်ခက်ခဲမှန်း အခုမှသိရတော့တာ ... ဒီလောက် အသည်းအသန်လှုပ်ရှားနေတာတောင် ခုချိန်ထိမဖွင့်နိုင်သေးဘူး၊ မယုံရင် ဝင်းကိုမေးကြည့်"

"ဟုတ်တယ် ... ငါတို့ မတရားအလုပ်များနေတာ ... မနက်ကတည်းကခုချိန်ထိ ဒီဆိုင်မှာ"

"ဟင် ... "

"မနက်ကတည်းက ခုချိန်ထိအလုပ်များနေတာလို့ ... ဒီဆိုင်ကိုတောင် ခုနလေးမှရောက်လာနိုင်တော့တယ်၊ ခုမှ ဘရိတ်ဖတ်စ်နဲ့နေ့လည်စာကို ပေါင်းပြီးဆွဲရတာ"

ယုယခင်က မယုံကြည်ဟန်နှင့် သူတို့နှစ်ယောက်မျက်နှာကို လူးလာဆန်ခပ်ကြည့်ရင်း အကဲခတ်နေသည် ... ပြီးမှ ... မျက်နှာကို ပြန်တင်းလိုက်ပြန်ကာ ...

"တော်ပါ ... မယုံပါဘူး၊ ကိုကို့အကြောင်း မသိရင်ခက်မယ်၊ ဒီမှာကိုကို ... အရင်က ကိုကိုရည်းစားများတာ ယုယသိတယ်၊ သိသိကြီးနဲ့ ကိုကို့ကို ချစ်ခဲ့တယ်၊ ကိုကို့ကို ယုံလည်းယုံကြည်ခဲ့တယ်၊ ယုယဟာ ကိုကို့ရဲ့နောက်ဆုံးချစ်သူပဲလို့ ယုံခဲ့တာလေ၊ ကိုကိုနဲ့ယုယ ချစ်သူဘဝမှာလည်း ကိုကိုမကြိုက်တာ ယုယ ဘာတစ်ခုမှမလုပ်ခဲ့ဘူး၊ အရာရာ ကိုကို့သဘောကျ ... ကိုကို့ဆန္ဒအတိုင်း လိုက်လျောခဲ့တာလေ၊ ခုတော့ ... ခုတော့ ကိုကိုရက်စက်တယ်၊ သိပ်ရက်စက်တတ်တယ်"

ယုယခင်စကားက ရှိုက်သံပါလာပြီး ... လူက မျက်ရည်ဝဲလာသည်။

နေ့လည်ခင်းမို့ ဆိုင်ထဲတွင်လူရှင်းနေသည်။ ရှိသည့်လူအချို့က သူတို့ဆီ စူးစမ်းဟန်နှင့် လှမ်းကြည့်ကြသည်။ စားပွဲချင်းအလှမ်းကွာ၍ ကြားနိုင်မည်

www.burmeseclassic.com



မဟုတ်သဖြင့် သူက ခပ်တည်တည်ပင်ထိုင်နေလိုက်သည်။

လူက တည်တည်ငြိမ်ငြိမ်ထိုင်နေသော်လည်း ... သူ့စိတ်ကတော့ ပြေးလွှား စဉ်းစားနေရသည်။ သူ့ရဲ့လက်ရှိအကြောင်းတွေ ယုယခင်သိသွားပြီလား ... ပန်းအိအိဖြူနှင့်ပတ်သက်၍ ခံစားရသမျှ အမှန်အတိုင်းဝန်ခံလိုက်ရရင် ကောင်းမလား ... ထိုဝန်ခံချက်ကပင် ယုယခင်ကို ခံစားရစေပြီး မတရားရာကျနေမလား ...

"ယုယနဲ့ကျမှ ကိုကိုငြိမ်သွားတယ်လို့ထင်ခဲ့မိတာ ... ခုမှ သိပ်မှားသွားမှန်းသိခဲ့ရတယ်"

"မင်းဘာတွေပြောချင်တာလဲ ... ရှင်းရှင်းပြောကွာ ... ငါ တစ်ခုမှ နားမလည်ဘူး"

စိုးမိုး လေသံအနည်းငယ်မာဆတ်သွားသည်။ အရစ်ရှည်လွန်းနေသည့် ယုယခင်ကို သိပ်လည်းစိတ်မရှည်ချင်တော့ ...

ယုယခင်က သူ့ကို တအံ့တသြပြန်ကြည့်နေပြီး ... တစ်စုံတစ်ခုကို ပါးစပ်မှ ထုတ်ပြောသင့်မသင့်ကိုလည်း ချိန်ဆနေဟန်နှင့် တွေကြည့်နေသည်။ ခဏကြာမှ ...

"ပန်းအိအိဖြူဆိုတာကို ကိုကိုသိမှာပေါ့ ... ယုယတို့လမ်းထဲမှာပဲ နေတာလေ"

သူ့ရင်ထဲတွင် တုန်လှုပ်သွားသည်။ သူ့မျက်နှာအမူအရာကတော့ ပို၍အေးစက်သွားသည်။

"သိတော့ ... "

ယုယခင်က စကားမဆက်ခင် ... တစ်ဆိုင်လုံးကို ဝေ့ကြည့်လိုက်သည်။ ထို့နောက် သူမမျက်ဝန်းများတွင် တွဲခိုစပြုနေသော မျက်ရည်စများကို တစ်သျှူးနှင့် ကြိုသုတ်လိုက်သေးသည်။ ပြီးမှ ...

"ကိုကို သူနဲ့တွဲနေတယ်ဆို"

ဟုတ်တယ်ဟု ဝန်ခံရန်ပြင်လိုက်သည်။ တဖန် ... ပြန်စဉ်းစားကြည့်တော့ ... သူ့ဘက်ကသာ သေချာနေခြင်းဖြစ်သည်။ ပန်းအိဖြူဘက်က သူ့ကိုလက်ခံမခံဆိုသည်မှာ အတွေးနှင့်ပင် လုံးဝမရေရာသည့်အပြင်၊ ထို့ပြင် သူ့ဘက်ကလည်း လုံးဝ Propose ပင် မလုပ်ရသေး။ ရင်ခုန်းကျွမ်းဝင်ရုံ



www.burmeseclassic.com

www.burmeseclassic.com



အစပျိုးသည့်အဆင့်သာ ရှိသေးသည်။

ယောက်ျားလေးတစ်ယောက်နှင့် ... မိန်းကလေးတစ်ယောက်တို့ ရှမ်းခေါက်ဆွဲဆိုင်တွင် တစ်ကြိမ်တစ်ခါစားသောက်ဖူးသည်ကိုပင် တွဲနေသည်ဟု သတ်မှတ်လိုက်သည်လား ... သူ့ခေါင်းထဲတွင် အနည်းငယ်ရှုပ်ထွေးနေသည့်ကြောင့် ယုယခင်၏အမေးကို မေးခွန်းနှင့်ပင်တုန့်ပြန်လိုက်သည်။

"ဘယ်သူက ပြောတာလဲ"

ယုယခင်မျက်နှာ မှိုင်းညို့သွားသည် ... အဖော်လိုက်လာသည့် ကောင်မလေးက မျက်လွှာချသွားသည်။ သူတို့ကို မျက်ဝန်းဒေါင့်မှသာ တစ်ချက်ကြည့်လိုက်ပြီး သူ မျက်နှာပြန်လွှဲထားလိုက်သည်။

"အသိတစ်ယောက်က မြို့ထဲမှာတွေ့လို့တဲ့ ... ယုယကို လာပြောတာ"

"ဘယ်သူလဲ ... ဘယ်မှာတွေ့တာလဲ ... တိတိကျကျပြောလေကွာ"

ယုယမျက်နှာတည်သွားပြီး နှုတ်ခမ်းတွေတင်းစေ့သွားသည်။ ပိုင်နိုင်ထက်ကျဟန် မာနရိပ်များထင်ဟပ်လာသည်။

"ဘယ်သူဘယ်ဝါ ဘယ်နေရာဆိုတာ အရေးမကြီးပါဘူးကိုကို ... ဟုတ်တယ် မဟုတ်ဘူးဆိုတာသာ အဓိကပါ"

"အဲဒီပြောတဲ့လူကိုသိရမှ အဖြေပေးနိုင်မယ်"

"အဲဒီလူကိုမသိချင်ပါနဲ့ ကိုကိုရယ် ... ယုယဘက်က အပိုင်မို့လို့ ပြောနေတာပါ"

သူ ဇေ့နေပုံနှင့် ဝန်ခံရာရောက်နေမည်မှန်း ယုယခင်တွေးမိပါလိမ့်မည်။ ယုယခင်က သူ့ကိုစိုက်ကြည့်နေသည်။ ဝင်းကိုကလည်း အထာညက်ဟန်ဖြင့် ... စားပွဲအောက် သူ့ခြေထောက်ကို ဖိနပ်ဦးနှင့်ထိုး သတိပေးသည်။ သူ လှမ်းကြည့်ရာ မသိမသာခေါင်းယမ်းပြသည်။

သူ ဘာမှပြန်မပြော ... ငြိမ်မြဲငြိမ်နေလိုက်သည်။

ယုယခင်လည်း သဘောပေါက်သင့်သလောက် ပေါက်ပြီမို့ ... ဒီနေရာတွင် ငြိမ်နေလိုက်သင့်သည်။ သို့သော် ...

"ပြောတဲ့လူကို ကိုကိုရန်သွားမလုပ်ရင်တော့ ယုယပြောပြလို့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့ ... ကိုကိုရန်လုပ်လို့လည်း မရတဲ့သူပါလေ''

သူ အနည်းငယ်တွေသွားသည်။ ယုယခင်က သူ့ကိုးစူးစိုက်ကြည့်နေသည်။ ဒီနေရာတွင် ယုယခင်အဖို့ ဆက်မပြောဘဲ လုံးဝရပ်သင့်လိုက်ပြီဖြစ်သည်။ သို့သော်လည်း သူ့မှ မရရအောင်ဆက်ပြောသည်။ ထို ... သူမဆက်ပြောသည့်စကားကြောင့် စိုးမိုးသူ ... ယုယခင်မျက်နှာကို ဆက်၍မကြည့်ချင်အောင် ဖြစ်သွားရလေသည်လား မသိ ...

''ယုယကိုပြောပြတာ ... ကိုကို့မမ''

သူ ... အံ့သြတကြီးဖြစ်သွားသည်။ ပင်းကိုလည်း ထို့အတူပင်။

''မင်း ... မမကို ဘယ်အချိန်က ဝင်ပူးလိုက်တာလဲ''

''ယုယနဲ့မမက သိတာကြာပြီ၊ ကိုကိုနဲ့ယုယကိစ္စလည်း မမသိတယ်၊ နောက်ပြီး ယုယနဲ့ဆိုရင် သဘောတူတယ်တဲ့ ... ဟိုတစ်ယောက်နဲ့ဆိုရင်တော့ ...''

သူ စူးခနဲကြည့်လိုက်သဖြင့် ယုယခင်က စကားလမ်းကြောင်းတစ်မျိုးပြောင်းပြောသည်။

''ကိုကိုတို့ကို မမကိုယ်တိုင် မြို့ထဲမှာတွေ့ခဲ့တာတဲ့ ... ယုယကို မမပဲ ဖုန်းနဲ့လှမ်းပြောပြလို့ ... အဲဒီညက တစ်ညလုံးငိုရတယ် ... သိလား''

ယုယခင်စကားက သူ့ရင်ကို လုံးဝမထိတော့ ... ထို့အတူ သူမမျက်နှာကိုလည်း မကြည့်ချင် ... မမြင်ချင်တော့ ...

သူ့အစ်မက သူနှင့်ပန်းအိအိဖြူတို့ ငြိသွားမှာကို ဘာကြောင့် ခါးခါးသီးသီးဖြစ်နေရလဲ ... သူနှင့်ပန်းအိအိဖြူတို့ကြား ဘာကြောင့် ယုယခင်ကို အတင်းပြန့်ထိုးထည့်ရသလဲ ... သူစဉ်းစား၍မရတော့ ...

ယုယခင်ပြောသလိုပင် ... သူ မမကိုရန်လုပ်၍မရ ... မှန်သည်။ သို့သော် ... အကြောင်းရင်းကိုတော့ သူသိရမှဖြစ်တော့မည်။ မမကို အမြန်တွေ့ပြီး အမြန်မေးချင်လာသည်။ ထို့ကြောင့် သူ ဆတ်ခနဲထရပ်လိုက်သည်။

ကျသင့်ငွေကိုမှန်း၍ ငါးထောင်တန်တစ်ရွက်ကို စားပွဲပေါ်ချထားလိုက်သည်။

''ဝင်းကို သွားမယ်''

ပြောပြီးပြီးချင်း ဆိုင်ပြင်သို့ခြေလှမ်းစသည်။ အနီးလာသည်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးကို ...

"ပိုတာလိုတာ နောက်မှရှင်းမယ် အသေးလေး ... ဒီစားပွဲ သိမ်းလိုက်တော့"

ငေးကြောင်ကြည့်ကာကျန်ခဲ့သည့် ယုယခင်နှင့်သူမအဖော်ကို ဂရုမစိုက်တော့။ ကားပေါ်တက်ကာ စက်နှိုးသဖြင့် ... အကြောင်းသိသည့် ဝင်းကိုက အပြေးတပိုင်း တံခါးဖွင့်တက်ရသည်။

ဝင်းကို ကားပေါ်ရောက်သည်နှင့် ဝေါးခနဲအသံမြည်အောင် ကားကို မောင်းထွက်သည်။

"ဟော့ကောင် ... ဟိုမှာ ယုယခင်တို့ကျန်နေခဲ့တယ်လေ"

"သူတို့ဖာသာလာတာ ... သူတို့ဖာသာ ပြန်လိမ့်မပေါ့"

"မဟုတ်သေးဘူးလေ ... "

"ဟုတ်ပါတယ်ကွ ... သူတို့ကို ငါခေါ်လိုက်တာမှမဟုတ်တာ"

ဆိုင်ထဲတွင် ယုယခင်ကတော့ ... အံကျိတ်ကာ ... မဲ့ပြုံးပြုံးရင်း မိုး၏ ကားနောက်မီးကိုကြည့်၍ ကျန်နေခဲ့သည်။

❀❀❀

ကားပေါ်ကဆင်းဆင်းချင်း အိမ်အဝင်ဝမှ ...

"မမ ... "

ညေ့်ခန်းထဲမှ မည်သူမျှမရှိ။ သူ့အစ်မအိမ်ခန်းကို သွားကြည့်သည်။ မတွေ့ ...

စာဖတ်ခန်း ... ဘုရားခန်း ... ထမင်းစားခန်း ... မီးဖိုခန်း ချိုးခန်း ... အားကစားလေ့ကျင့်ရာအခန်းများကို ကြည့်သည်။ မတွေ့။

အိမ်သာဘက်သို့သွားရန်အပြင်တွင် အိမ်နောက်ဘက်မှ ပန်းပင်စိုက်သော ခက်ရင်းကိုကိုင်၍ ဝင်လာသော သူ့အမေနှင့်တိုးသည်။

"ဟဲ့သား ... ဘာရှာနေတာလဲ"

"မမကိုရှာနေတာ"

"မနက်ကတည်းက သူ့သူငယ်ချင်းတွေနဲ့ ဘုရားဖူးထွက်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ကြာမှာလား"

"တစ်ပတ်ဆယ်ရက်တော့ ကြာမှာပေါ့"

"သွားပြီ ... တမေ့တမောပဲ"

"မင်း ... ဘာတွေဖြစ်နေတာလဲ"

ယောက်ယက်ခတ်နေသည့်သူ့ကို သတိထားမိသည့် သူ့အမေ
သံသယမျက်လုံးများနှင့်ကြည့်ကာ မေးသည်။

သူ ... ပြော၍မဖြစ်ကြောင်း တွေးမိသည်။ သူ့အမေကိုပြောလျှ
သူ့အဖေပါ သိသွားလိမ့်မည်။ သူ့အဖေသိလျှင် ပြဿနာက ရှုပ်ထွေးသွားနိ
သည်။ ထို့ကြောင့် သူ့အမေကိုပင် ဘာမှမပြောတော့ဘဲ အိပ်ခန်းထဲဝင်သွ
လိုက်သည်။

အိပ်ပျော်သွားလျှင် လတ်တလောဒေါသတွေ သိချင်စိတ်တွေ အချေ
ပျော်သွားမည်တွေးကာ ခုတင်ပေါ် ပတ်လက်လှဲလိုက်ပြီး အိပ်ပျော်ရန်ကြိုးစ
လိုက်သည်။

သို့သော် ... အိပ်မရ ...

သူနှင့်ပန်းအိအိဖြူကြားတွင် သူ့အစ်မ ဘာကြောင့်ဝင်ရောက်စွက်ဖ
နေရသည်ကို သူ မတွေးတတ်တော့ ... သူ့အစ်မနှင့် ပန်းအိအိဖြူ
ဘယ်လိုပတ်သက်နေသလဲ ... တွေး၍လည်းမရ ...

ယုယခင်က ... သူ့ရင်ထဲမှာပူလောင်နေသည်ဟု ပြောခဲ့စဉ်က သ
မတုန်လှုပ်ခဲ့ ... ခုတော့ ...

သူ ... ကိုယ်ချင်းစာရတော့မလို ဖြစ်နေသည်။

ခွင့်လွှတ်ပါ ... ယုယခင် ...

ရင်တွင်းခံစားချက်ဆိုတာ ... လိုသလို ပြုပြင်ယူလို့ရတဲ့အရာ
မဟုတ်ဘဲမို့ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

စတိုးဆိုင်လေးထဲ သူလှမ်းဝင်လိုက်သည်။ စာရင်းတွေတွက်နေရာမှ ဈေးဝယ်သူအသစ် ဝင်လာသည်အမှတ်နှင့် ပန်းအိအိဖြူမော့ကြည့်သည်။ သူ့ကိုမြင်မြင်ချင်း သူမမျက်နှာပေါ်တွင် အံ့ဩဝမ်းသာရိပ်တို့ ဖြတ်သန်းသွားသည်။

ပြီး ... ချက်ချင်းပင် ဣန္ဒြေဆယ်လိုက်ကာ ပြုံးပြရင်း ...

"ဪ ... ကိုစိုးမိုးပါလား ... လာလေ"

သူလည်းပြန်ပြုံးပြရင်း သူမရပ်နေသည့် ကောင်တာရှေ့တွင် သွားထိုင်လိုက်သည်။ သူမကပင် ...

"ခဏလေးနော် ကိုစိုးမိုး"

ပြောပြီး အိမ်ထဲဝင်သွားသည်။ ခဏအကြာတွင် ပြန်ထွက်လာသည်။

"အိမ်ထဲကိုဝင်ပါလား ကိုစိုးမိုး ... မေမေကလည်း တွေ့ချင်လို့တဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ပန်းအိအိဖြူခေါ်ရာနောက်သို့ သူ လိုက်သွားရသည်။

ဧည့်ခန်းကျယ်တစ်ခုထဲသို့ ရောက်သွားသည်။ ဧည့်ခန်းတစ်ခုလုံးကို ထောက်သားနှင့်အကွက်ဖော်ကာ ... ကျွန်းပါကေး အပြည့်ခင်းထားသည်။ ဧည့်ခန်းအစွန်းဘက်တွင် ဆိုဖာဆက်တီတစ်စုံချထားသည်။ ဆက်တီခုံတစ်ခုတွင် ပန်းအိဖြူအမေကို ပုတီးထိုင်စိပ်နေလျှက်တွေ့ရသည်။

"လာ ... သား ... ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးဖြင့်ဆီးကြို နေရာပေးသည်။ ဆက်တီခုံတစ်လုံးတွင် စိုးမိုးသူလည်း ဝင်ထိုင်သည်။

"အန်တီတို့က သားကို အမြဲသတိရနေကြတာ"

သူက ပြုံးရုံသာပြုံးလိုက်သည်။ ပန်းအိအိဖြူက အိမ်ထဲသို့ပြန်ဝင်သွားသည်။ အခန်းမှာ ... အဲကွန်းတပ်ထား၍ အေးစိမ့်စိမ့်လေးဖြစ်နေသည်။ ဖုန်တစ်မှုန်မရှိ ... ညှိခန်းတစ်ခုလုံး သန့်ရှင်းတောက်ပြောင်နေသည်။ နံရံအရောင်နှင့်လိုက်ဖက်ညီသည့် ပိုးပြတင်းပေါက်ခန်းစည်းများ တပ်ဆင်ထားသည်ကို သတိပြုမိသည်။

"သမီးကြီးတောင် အပြင်ထွက်သွားတယ်၊ သားကိုလည်း သိပ်တွေ့ချင်နေတာကွယ့် ... မင်းကလည်း ဟိုညကတည်းက တစ်ခါတည်းပျောက်သွားတာလေ"

သူက အားနာပြုံးလေး ပြန်ပြုံးပြရပြန်သည်။

သားက ဘယ်မှာနေတာလဲ ... ဘာအလုပ်လုပ်လဲ ... ကျောင်းသားလား ... ဘာနဲ့ကျောင်းပြီးတာလဲ ... မိဘများက ဘာလုပ်ကြသလဲ စသည်ဖြင့် စုံအောင်မေးခွန်းဖွဲ့လေသည်။

Sunkist နှစ်ဗူးနှင့် ကိတ်မုန့်ပန်းကန်ကို ... လင်ပန်းပေါ်တင်ကာ ပန်းအိဖြူ ပြန်ထွက်လာသည်။

"သောက်ပါဦး"

ပန်းအိဖြူက စတိုးဆိုင်ဘက်သို့ ပြန်ထွက်သွားသည်။

"အဲဒီလိုပဲကွယ် ... သမီးငယ်က အလုပ်နဲ့လက် သိပ်မပြတ်ရရှာဘူး၊ ဆိုင်ကို ... သူပဲ အဓိကဦးဆောင်နေရရှာတာဆိုတော့လေ"

"ဟုတ်ကဲ့"

"သောက်လိုက်ပါဦးကွယ်"

စိုးမိုးက အအေးဗူးကိုယူ၍ ဖောက်သောက်လိုက်ကာ ...

"ကျွန်တော်က တီရှပ်အသစ်တွေများရှိလားလို့ ဝင်ကြည့်လိုက်တာ"

"ဪ ... ဒါဆိုကြည့်လေ သားရဲ့ ... အန်တီခေါ်တာနဲ့ မကြည့်လိုက်ရဘူးပေါ့၊ ဘာရယ်မဟုတ်ပါဘူးကွယ် ... အန်တီက ညှိဝင်ပြုချင်တာပါ၊ သမီးရေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... "

ပန်းအိဖြူ မှန်တံခါးတွန်းဖွင့်ကာ ဝင်လာသည်။

"မောင်စိုးမိုးသူက တီရှပ်အသစ်တွေကြည့်ချင်လို့တဲ့"

ပန်းအိဖြူက သူ့ကို ပြုံးပြပြီး ...

"လာလေ ကိုစိုးမိုး ... ဆိုင်မှာပဲ ကြည့်မှာမဟုတ်လား"

"ဟုတ်ကဲ့"

သူ မတ်တပ်ရပ်ကာ အနံ့တီကြီးကိုလည်းနှုတ်ဆက်ပြီး ဆိုင်ဘက်သို့ လိုက်သွားလိုက်သည်။

ပန်းအိဖြူက စတီးကွင်းဗိုင်းတွင်ချိတ်ထားသော တီရှပ် ... စပို့ရှပ်ရောင်စုံကို လိုက်ပြသည်။ စိုးမိုးသူက သူမပြသည့်အင်္ကျီများကို ကြည့်ယောင်ပြုသည်။

သူ အမှန်တကယ်ကြည့်နေသည်က အင်္ကျီများကိုရွေးချယ်ပြနေသည့် ပန်းအိဖြူ၏ လက်ချောင်းဖြူဖြူလေးများနှင့် သူမ၏ ဖြူဖွေးသောနားသယ်စပ်တွင် တွဲ၍ကျနေသည့် ဆံနွယ်လေးများကိုသာဖြစ်သည်။ ထိုအခိုက် ...

"ရှီး ... "

လက်ခေါက်မှုတ်သံသဲ့သဲ့ကြား၍ အသံလာရာဘက်ဆီသို့ လှမ်းကြည့်လိုက်သည်။ လမ်းတစ်ဖက်ခြမ်းရှိ သူထိုင်နေကျ ကွမ်းယာဆိုင်မှချာတိတ်က လက်မနှင့်လက်ညှိုးကိုဝိုင်းပြီး 'OK' ပုံ လုပ်ပြနေသည်။

သူ သဘောပေါက်သွားသည်။ ထို့ကြောင့် ...

ပန်းအိဖြူမမြင်ရမီ လက်သီးဆုပ်ကာ ပြန်ပြလိုက်ရသည်။

"ဒီအရောင်လေးဆို ကိုစိုးမိုးနဲ့လိုက်လိမ့်မယ်"

ရိုက်နှိပ်ထားသည့်စာတန်းများကို သိပ်သဘောမတွေ့ ... ပန်းအိဖြူက သူနှင့်လိုက်လိမ့်မည်ဟု ပြောသည်ကိုတော့ ဘဝင်တွေ့သည်။

"စာတန်းမပါဘဲနဲ့ စတေကာအရုပ်ကောင်းကောင်းနဲ့ဟာတွေ မရှိဘူးလား"

"ခဏလေးနော်"

စတိုခန်းလေးထဲဝင်သွားပြီး တီရှပ်အထုပ်ကြီးမကာ ပြန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးကြိုက်လား"

ကျားခေါင်းကြီး ပါစပ်ဖြဲထားသောပုံမို့ သူမကြိုက် ...

"ကျားသတ္တဝါဆိုတာ တခြားဘယ်သတ္တဝါကိုမှ သနားတာမဟုတ်ဘူး ဒါကြောင့်မကြိုက်"

ပန်းအိဖြူက သူ့ကိုတွေကြည့်သည်။ ပြီးနောက် တဖြည်းဖြည်းပြုံး သည်။

"ဒါကော ... "

အရိုးခေါင်းပုံစတစ်ကာများ ... ဒါလည်းမကြိုက် ...

"အန္တရာယ် အမှတ်အသားတွေပဲ"

ဒုတိယအကြိမ် ပန်းအိဖြူပြုံးသည်။

စောစောကပြုံးစဉ်က သွားတက်မပေါ် ... ယခုပြုံးတော့မှ သွားတက် စွယ်ဖွေးဖွေးလေး ပေါ်လာသည်။

"လှလိုက်တာနော် ... "

သူ ... နှုတ်မှယောင်ယမ်းပြီး ထွက်သွားသောအသံကြောင့် ပန်းအိဖြူ က လှည့်ကြည့်သည်။ နှုတ်မထိမ်းသိမ်းနိုင်သူအဖြစ် ပန်းအိဖြူ သူ့ကိုငြိုငြင် သွားမှာစိုးသည်။ ထို့ကြောင့် လက်ထဲမှတီရှပ်ကိုကြည့်ချင်ယောင် ကမန်းကတန်း ဆောင်ကာ စတစ်ကာကို လက်နှင့်ပွတ်သပ်နေလိုက်သည်။

ထိုအခါမှ ပန်းအိဖြူက အသံထွက်သည်အထိ ရယ်တော့သည်။

သူ ကြောင်တောင်တောင်ဖြစ်သွားသည်။

ထိုအခိုက် ... ကောင်မလေးတစ်အုပ် ဆိုင်ထဲလှမ်းဝင်လာသည်။ ပန်းအိဖြူက ...

"ရွေးထားနှင့်နော်"

ပြောပြောဆိုဆို ကောင်တာဘက်သို့ ပန်းအိဖြူထွက်သွားသည်။

စိုးမိုးသူ ထိုအခါမှပင် သက်ပြင်းချပြီး ... စတစ်ကာပုံကို ပွတ်သပ်နေ မိသောအင်္ကျီကို ပြန်ငုံ့ကြည့်မိသည်။

"ဟာ ... "

သူပွတ်သပ်နေသည့် စတစ်ကာမှာ ...

ကိုယ်ဟန်ပြမယ်တစ်ဦး၏ပုံ ...



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ကနီဝတ်စုံလေးနှင့် ...

ခုမှ ... ပန်းအိဖြူ သူ့ကိုဘာကြောင့်ရယ်သလဲ ... သဘောပေါက်ပြီး ... ပြန်၍မျက်နှာချင်းဆိုင်ရမှာပင် ရှက်နေမိတော့သည်။

ထို့ကြောင့် ...

ပန်းအိဖြူကိုချစ်နေကြောင်း ဖွင့်ဟရန်အတွက် ထုတ်နေသမျှ ဉာဏ်နီဉာဏ်နက်များလည်း ကြက်ပျောက်ငှက်ပျောက် ဘယ်ရောက်ကုန်မှန်းမသိတော့။ ပန်းအိဖြူ သူ့ထံသို့ ပြန်လှည့်လာသည့်အခါတွင်မူ ...

"ဟိုလေ ... ကျွန်တော်က အရုပ်သိပ်မရှိုင်းဘူးဆိုရင် ဝတ်ပါတယ်၊ အိဖြူပဲ ကျွန်တော့်အသားရောင်နဲ့လိုက်ဖက်မယ့် တီရှပ်ငါးထည်လောက်ရွေးပေးပါလား"

မရသာ ... ရသာလေး သူ့အလိုဆန္ဒနှင့် သူမ ရွေးချယ်မှု တစ်ထပ်တည်းကျမကျ တီရှပ်ငါးထည်ဖိုးအကုန်ခံကာ စူးစမ်းလိုက်ရတော့သည်။

꧁✎꧂

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူနှင့်ဝင်းကိုပါ ကြောင်အမ်းအမ်းဖြစ်သွားရသည်။

ယွန်းမေဇင်မှယွန်းမေဇင်အစစ် ... အမျိုးသားတစ်ယောက်နှင့် ထောင်ထိုင်နေသည်။ သူတို့ ဆိုင်ထဲမဝင်လာမီကပင် ကြိုတင်မြင်ထားဟန်တူသည်။ လိုအပ်သည်ထက်ပို၍ သရုပ်ဆောင်ပြနေသော အိုက်တင်များက သိသာနေသည်။

ဘယ်လိုလဲဟူသောသဘောနှင့် ဝင်းကိုက သူ့ကိုလှမ်းကြည့်သည်။

ပြည်ဖုံးကားချပြီးသည့် တစ်ခန်းရပ်ပြဇာတ်မို့ ဂရုပြုနေရန်အကြောင်းမရှိဟု တွေးမိသည်။ ပြီး ... သူနှင့် ဘာပတ်သက်မှုမှရှိတော့သည်မဟုတ်။ ထို့ကြောင့် ... ပလူးပလဲ ယွန်းမေဇင်တို့အတွဲ စားပွဲဘေးကပ်လျက် စားပွဲကိုအမင်ရွေးချယ်ထိုင်လိုက်သည်။ ယွန်းမေဇင်ထံမှ ရယ်သံလွင်လွင်လေး ဖျံ့လွင့်လာသည်။ တမင်လုပ်ရယ်သံမှန်း သိသာလှသည်။

"မောင် ... စားလေ"

www.burmeseclassic.com



"ဟင့်အင်း ... ချစ်ခွဲ့ကျွေးမှ"

"မောင်ကတော့ ပိုပြီကွယ် ... တကယ်ပဲ ... ဟင်း ... ဟင်း

ဝင်းကိုက အော်ဂလီဆန်ဟန်နှင့် ချောင်းဟန့်သည်။

"တချို့ကကြောင်တယ်နော် ... မောင်"

"ဘယ်လိုကြောင်လို့လဲ"

"ပြောရရင် ဟာသဖြစ်ဦးမယ်"

"တကယ်ရယ်ရမယ်ဆိုရင်တော့ ပြောလေ"

နားမစိုက်သော်လည်း ကြားနေရသည်။ သူငယ်ချင်းမင်းထွဋ်မျက်နှ
ကို မြင်ယောင်လာသည်။ သူညီမဝမ်းကွဲ ကဲချင်တိုင်းကဲနေပုံကိုလည်း ပြလို
ချင်သည်။ စိုးမိုးက ယွန်းမေဇင်ကို ခွာခဲ့သည့်အတွက် မင်းထွဋ်နှင့် အခြေအတ
ဖြစ်ခဲ့ရသေးသည်။

"ယွန်းမေဇင်မှာ ... နှလုံးသားတွေ ပဒေသာပင်သီးသလိုရှိနေတ
မင်းလက်တွေ့မြင်ပြီနော် ... ဝင်းကို"

ဝင်းကိုကနှုတ်နှင့်မဖြေ ... မဲ့ပြုံးခြင်းဖြင့်သာ တုန့်ပြန်သည်။

ထိုအချိန်မှာပင် ခပ်ဝေးဝေးမှ အရိပ်ဝါးဝါးတစ်ခု ဝဲလွင့်လာသလိုမ
လျှောက်လှမ်းလာသည့် ယုယခင်ကိုလှမ်းမြင်သည်။

စိုးမိုးနှင့်ဝင်းကိုတို့ ထိုင်နေရာဝိုင်းအနီးအထိ လျှောက်လာသည
ယုယခင်က ဝင်မထိုင်သေးဘဲ မေးခွန်းနှင့်စသည်။

"ကိုကို ... ယုယကိုစိတ်ဆိုးတုန်းပဲလား"

စိုးမိုးက ဖြေချင်စိတ်မရှိ၍ ဘာမျှပြန်မဖြေဘဲ ... ယုယထိုင်ရ
ခုံတစ်လုံးကိုသာ ဆွဲယူ၍ထိုးပေးလိုက်သည်။

ယွန်းမေဇင်တို့ထံ အာရုံရောက်နေသည့် ဝင်းကိုက ယုယခင်အ
ကြားမှ မော့ကြည့်ကာ ...

"ယုယပါလား ... ဘာသောက်မလဲ ညီမလေး"

ယုယခင်က မေးသူဝင်းကိုကိုမဖြေဘဲ ... မမေးသူ စိုးမိုးဘက်သ
လှည့်၍ ...

"ရင်ထဲမှာပူနေတယ် ကိုကို"

"ဝေ့မနေနဲ့ကွာ ... အအေးပဲသောက်မှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ယုယခင် မျက်နှာခပ်ညိုညိုနှင့် ခေါင်းညိတ်ပြသည်။ ထို့ကြောင့် ...ပွဲထိုးလေးတစ်ယောက်ကို လှမ်းခေါ်၍ ...

"ညီလေးရေ ... နို့သစ်ခွတစ်ခွက်"

သူမအကြိုက် နို့သစ်ခွအအေးကို မမေ့သေးကြောင်း သတိထားမိ...ဖြင့် ယုယခင်မျက်နှာ အနည်းငယ်ပြန်လန်းဆန်းလာသည်။

"ကိုကို"

"အင်း ... "

"မမကို ရန်သွားတွေ့သေးလား"

"တွေ့စရာလား ... ကိုယ့်အလုပ်နဲ့ကိုယ်တောင် မအားဘူး"

"ဩော် ... ကိုကိုတို့အလုပ်ရှုပ်နေပြီပဲ ... ကိုကိုတို့ဆိုင် ဘယ်...ဘော့ဖွင့်မှာလဲ ... ဖွင့်ပွဲမှာ ယုယကိုမဖိတ်တော့ဘူးလား"

"ဘာဆိုင်ဖွင့်ပွဲမှမလုပ်တော့ဘူး၊ ပစ္စည်းအစုံတင်ပြီးရင် စရောင်းတဲ့...ဘာ ... စဖွင့်တဲ့နေ့ပဲ"

"ဟင် ... ကိုကို့ဟာကလည်း ... ဘယ်လိုကြီးလဲ"

စိုးမိုးက ဘာမှပြန်မပြော ... နဖူးစပ်တွင်သီးလာသော ချွေးစက်...ကိုသုတ်ရန် တစ်သျှူးထုတ်နေစဉ် ယုယခင်က သူမလက်ထဲအသင့်ရှိနေ...သည့် တစ်သျှူးစဖြင့် သုတ်ပေးရန်ပြင်သည်။ သူက မသုတ်မခံဘဲ သူမလက်ထဲ...မှယူ၍ ကိုယ်တိုင်တို့သုတ်လိုက်သည်။

သူတို့ပြောသမျှ ငြိမ်ပြီးနားစွင့်နေသည့် ယွန်းမေဇင်က သူတို့လှုပ်ရှား...အစအဆုံးကိုကြည့်ပြီး နှာခေါင်းရှုံ့သွားသည်။ ဝင်းကိုက ပြုံးဖြီးဖြီးနှင့် ဝင်...ပြောသည်။ ယွန်းမေဇင်ကို ရွဲ့ချင်တာလည်းပါပေလိမ့်မည်။

"မင်းကလည်း ... ယုယခင်က ယုယချင်တာကို အရင်လိုပဲငြိမ်ခံ...လိုက်ပါတော့လား ... ခုမှ ပဲများနေတယ်"

ယွန်းမေဇင် နှုတ်ခမ်းပါမဲ့ကျသွားသည်။

စိုးမိုးစိတ်ထဲတွင် ယွန်းမေဇင်ကို အရွဲ့တိုက်ချင်စိတ်ဖြစ်လာသည်။...ကြောင့် ...

"သောက်လိုက်ဦးလေ ယုယ"

သူ့မျက်နှာအမူအရာကိုကြည့်ပြီး ယုယခင်လည်း သွက်လက်စွာကာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးလန်းဆန်းလာသည်။ ယုယခင် အအေးခွက်ကိုယူပြီး တစ်ငုံသောက်ပြီး ချိန်တွင် ...

"ကိုကိုလည်း သောက်ချင်လာပြီ"

ယုယခင်က လှပစွာပြုံးလိုက်သည်။

ထို့နောက် ... စိုးမိုးကိုအအေးတိုက်သည်။ တယုတယပြုစုသလိုမျိုး ဂရုတစိုက်တိုက်ခြင်းမို့ ...

ယွန်းမေဇင်က အလျှင်အမြန်ငွေရှင်းပြီး ... ဆောင့် ... ဆောင့် ဆောင့်နှင့် ... ဆိုင်ထဲမှထွက်သွားသည်။ ယွန်းမေဇင်နှင့်အတူပါလာသူမှာ ယွန်းမေဇင် ဘာကြောင့်ဒေါသထွက်သွားသည်ကို နားမလည်နိုင်စွာနှင့် ပါသွား ရှာသည်။

စိုးမိုးနှင့်ဝင်းကိုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွား သည်။ ပြီး ... ပြိုင်တူပြုံးလိုက်မိကြသည်။ ယုယခင် အထာပေါက်မည်မိုး သဖြင့် အသံထွက်ကာမရယ်ရဲကြ ...

စားပွဲထိုးလေးများက ... စိုးမိုးနှင့်ယုယခင်တို့အတွဲကို အားကျစွာ ငေးကြည့်နေကြသည်။

အကြောင်းမသိသဖြင့် အကောင်းမှတ်ကာကြည့်နေကြခြင်းဖြစ်သည်။

ယုယခင်၏အယုအယကိုခံနေသည့် စိုးမိုးက ယုယခင်နေရာတွင် ပန်းအိအိဖြူကိုအစားထိုးကာ စိတ်ကူးယဉ်နေသည်ကိုသာ ... အားလုံးသိကြ မည်ဆိုလျှင် ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

စိုးမိုးသူ ... ညှော်ခန်းထဲတွင် ဂျာနယ်ဖတ်နေစဉ် အိမ်ရှေ့မှ လူခေါ်ဘဲလ်မြည်လာသည်။ သူတစ်ယောက်ထဲ အိမ်စောင့်ဖြစ်နေသဖြင့် တံခါးဖွင့်ပေးရန် ထလာခဲ့သည်။

"ဟာ ... ကိုဆန်းထွန်းဦး"

သံဘာဂျာတံခါးအပြင်ဘက်မှ ဆန်းထွန်းဦးက သူ့ကိုပြန်ပြုံးပြသည်။ သံဘာဂျာတံခါးတွင် ခတ်ထားသည့်သော့ကလောက်ကို ဖွင့်ပေးရင်း ...

"ပျောက်လှချည်လားဗျ ... ခင်ဗျားအိမ်သွားတော့လည်းမရှိ ... အိမ်လည်းမလာဆိုတော့ ... ခင်ဗျားကိုပြောထားတဲ့အခြေအနေကို ဘာမှ မသိရဘူး"

ဆန်းထွန်းဦးက အိမ်ထဲဝင်လိုက်လာရင်းမှ ...

"ဟုတ်တယ်ဗျာ ... နည်းနည်းလောဘတက်သွားတာနဲ့ နယ်စပ်ဘက်ကကို အရေးပေါ်ထွက်သွားတာ ... ဟိုမှာလည်း ကြာသွားတယ်၊ အားနာလိုက်တာဗျာ ... စိုးမိုးကိစ္စကိုတောင် ကိုယ် ဘာမှမကူညီသွားနိုင်ခဲ့ဘူး"

"ဟုတ်လား ... ကျွန်တော်က ပြောပြီးဆိုပြီးလောက်ပြီတောင် ထင်နေတာ"

ဆန်းထွန်းဦးက ညှော်ခန်းတွင်ဝင်ထိုင်ရင်း ... အိမ်အတွင်းဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ဝဲကြည့်ကာ ...

"အန်ကယ်တို့အန်တီတို့ရော မမြင်ပါဘူး"

"ကျွန်တော်ကလွဲပြီး အိမ်မှာရှိတဲ့လူကုန် ဘုရားသွားကြတယ်လေ"

"ဪ"

"ကဲ ... ဘာသောက်မလဲ ... အအေးလား ... အပူလား"

"တော်ပြီ ... အပြင်မှာ စားသောက်လာခဲ့ပြီ"

"ပန်းအိဖြူနဲ့ကျွန်တော်တောင် တော်တော်လေးခင်မင်နေပြီဗျ"

"ဗျာ ..."

ဘာမှအံ့ဩသင့်စရာမရှိသည့်စကားကို ဆန်းထွန်းဦးတစ်ယောက် အလွန်အမင်းအံ့အားသင့်သွားသည်ကို သတိထားမိလိုက်သည်။ မျက်နှာလည်း ပျက်သွားသဖြင့် သူစဉ်းစားမရဖြစ်သွားသည်။

"ဘာလို့လဲ ကိုဆန်းထွန်း ... သိပ်အံ့ဩစရာကောင်းနေလို့လား"

"ဪ ... အဟင်း ... ဘာရယ်မဟုတ်ပါဘူး၊ ပန်းအိဖြူလို ဆတ်ဆတ်ကျဲမိန်းကလေးကို အချိန်တိုတိုအတွင်း စိုးမိုးက ခင်မင်သွားအောင် လုပ်နိုင်လို့ နည်းနည်းအံ့ဩသွားတာပါ"

ဆန်းထွန်းဦးက သူလွယ်ထားသောကျောပိုးအိတ်ထဲမှ အထုပ်တစ်ထုပ် ကို ထုတ်ယူလိုက်ပြီး ...

"စိုးမိုးကိုပဲ ပေးခဲ့တော့မယ် ... အန်ကယ့်ကိုပေးပေးပါ၊ ပြီးတော့ ကိုယ်ကိုယ်တိုင်လာတွေ့သွားတယ်လို့ပါ ပြောပေးပါဗျာ"

ဆန်းထွန်းဦး၏ ပြောင်းလဲသွားသော အမူအရာများကိုကြည့်၍ စိုးမိုး ရင်ထဲတွင် ကသိကအောက်ဖြစ်သွားသည်။ ယခင်က ဆက်ဆံရေးမျိုးမဟုတ် သည်မှာ သေချာနေသည်။

"ကဲ ... ကိစ္စလေးတွေရှိသေးလို့ ကိုယ့်ကိုပြန်ခွင့်ပြုပါဦး"

"ဟာ ... ဖြည်းဖြည်းပေါ့ဗျာ ... ဘယ်လိုဖြစ်ရတာလဲ၊ ခဏနေ ရင် ဖေဖေတို့ရောက်လာတော့မှာပါ"

ဆန်းထွန်းဦးက ဟန်လုပ်အပြုံးတစ်ခုကိုသာ ပြုံးပြရင်း ...

"မဖြစ်လို့ပါဗျာ ... သွားရမယ့်အချိန်က သိပ်နီးနေလို့ပါ၊ ဒါကြောင့် ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော ... ထလည်းထွက်သွားသည့် ဆန်းထွင်ဦးခေါ် ကျောပြင်ကို အဓိပ္ပါယ်မဲ့ငေးမောကြည့်နေမိလေသည်။

❀✎❀

စိုးမိုးသူတစ်ယောက် ကားကို ဦးတည်ရာမဲ့လျှောက်မောင်းနေသည်။ သေးခုံတွင် ကျောမှီကိုနောက်လှန်လျှက် အိပ်၍လိုက်ပါလာသော ဝင်းကို ကို ငဲ့ကြည့်လိုက်သည်။ မနက်ကတည်းက ဝင်းကို ကို ကားပေါ်ခေါ်တင်ကာ တစ်မြို့လုံးအနှံ့ လျှောက်ပတ်မောင်းနေခဲ့ခြင်းဖြစ်သည်။

ခါတ်ဆီဖြည့်ချိန်နှင့် ထမင်းစားချိန်မှလွဲလျှင် ရပ်နားခြင်းမရှိ။ တစ်ယောက်ယောက်က တာဝန်ပေးစေခိုင်းသလိုပင် ... မရပ်မနားလျှောက်မောင်းနေသည်။ ဝင်းကိုက အိမ်ပြန်ရန်ပြောသော်လည်း သူကတော့ ငြင်းဆန်ဆဲပင်။

နောက်ဆုံးတော့ ဝင်းကိုတစ်ယောက် ကောင်းကောင်းဟောက်သည့် အဆင့်သို့ ရောက်သွားတော့သည်။ သူ့ကို ကားပတ်မောင်းပြီး ချော့သိပ်နေသည်ဟု ထင်မှတ်နေသလားမသိ။

"ကို ... "

"ဟဲ့ ... သောက်ခွေး"

အိပ်ချင်မူးတူးနှင့် ဝင်းကိုက ...

"ဘာဖြစ်တာလဲ"

"မင်းပြောတဲ့ခွေးတစ်ကောင် အတင်းဖြတ်ပြေးလို့လေ"

"ဘယ်ရောက်နေပြီလဲ"

"ဖိုးစိန်လမ်း"

"နီနားကို ဒီနေ့ငါတို့ဖြတ်တာ ဆယ်ကြိမ်မြောက်ထင်တယ်"

"အင်း ... ဟုတ်မယ်ထင်တယ်"

စိတ်ပျက်လက်ပျက် အဖြေစကားနှင့်အတူ ပျင်းရိစွာ ကားကိုမောင်းနေသည်။ စိုးမိုးကိုကြည့်ရင်း ဝင်းကိုက ခေါင်းယမ်းပြန်သည်။

"မင်း ဒီလိုခေါင်းယမ်းတာလည်း ဒါပါနဲ့ဆို ဒီနေ့အဖို့ ဆယ်ကြိမ်မြောက်ဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါဦး ... ဘာဖြစ်လာလဲလို့ မင်းကိုငါမေးတာ အခါနှစ်ဆယ်ကျော်ပြီ၊ မနက်ကတည်းက ဘာမှပြန်မဖြေသေးဘူး၊ မင်းမဖြေချင်လည်းနေတော့ ... ညနေ(၅)နာရီဆိုရင်တော့ ငါ အိမ်အရောက်ပြန်ရမယ်၊ ငါ့အမေမှာလိုက်တာ မင်းလည်းကြားတယ်မဟုတ်လား"

"အေးပါကွာ ... အင်း ... လူတွေ ... မကောင်းဘူးကွာ"

"ဘယ်လူတွေက မကောင်းတာလဲ ... ငါ့ကိုပြောတာလား၊ ဒီလောက်မင်းရဲ့ရှုးကြောင်ကြောင်လုပ်သမျှ လိုက်ပေါပေးနေတဲ့ ... မင်းဒဏ်ကိုအခံရဆုံးသူငယ်ချင်းကို မင်းမို့ပြောရက်တယ်ကွာ"

စိုးမိုးက ဝင်းကို ကို ပြုံးကာငဲ့ကြည့်ရင်း ... ဘာမှပြန်မဖြေ။ စီးကရက်တစ်လိပ်ကို ထုတ်သောက်သည်။ ဝင်းကိုကလည်း သူ့အကြိုက်ဆုံးကွမ်းတစ်ယာကို ထုတ်ဝါးလိုက်သည်။

"ရင်ထဲမှာ တစ်မျိုးကြီးခံစားနေရတယ်ကွ ... တစ်ဆို့ဆို့ကြီးလိုလိုအရာရာကိုနားမလည်တော့သလိုလို"

"အင်း ... ခုမှ နည်းနည်းလေး မြွက်ဟတော်မူတော့တယ်၊ ဆက်ပြောသူငယ်ချင်း ... ပြောလေ"

စကားစရတုန်းလေး အဆက်ပြတ်သွားမှာစိုးသဖြင့် ... ဝင်းကိုက အတင်းမြှောက်ပေးသည်။

"မင်းပြောခဲ့သလိုပဲ ... ကိုဆန်းထွန်းဦးကို ငါ ယုံကြည်လို့မရတော့ဘူး"

"ငါထင်တယ်လေ ... "

"ဒီလူရဲ့အမူအရာတွေ တစ်မျိုးပြောင်းနေခဲ့တာကြာပြီ၊ ပန်းအိအိဖြူနဲ့ ဆက်စပ်ပြီးမှပေါ့"

"အဲဒါလည်း ငါထင်ခဲ့ပြီးသားပဲလေ၊ သူပါ ပန်းအိအိဖြူကို ကြိုက်ချင်ကြိုက်နေနိုင်တာပေါ့"

ဝင်းကိုကို စိုးမိုး ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး ...

"အဲဒါကတော့ ... လုံးဝ ... လုံးဝမဖြစ်နိုင်ဘူး"

"မင်းကလည်း ... ဝင်းကိုပါကွ ... ငါမှန်းရင် လွဲခဲ့တယ်နော်နောက်မှ မင်း ... မျက်ရည်နဲ့မျက်ခွက်မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝကိုမဟုတ်ဘူးကွာ ... ဒီနေ့ ... ငါမျက်နှာပူလို့ လုပ်မိလုပ်ရာလုပ်တဲ့သဘောနဲ့ ကားလျှောက်မောင်းနေတာ ... ဆိုင်မှာလည်းထိုင်မရ ... အိမ်မှာလည်း မနေချင်ဖြစ်နေလို့"

"ပန်းအိအိဖြူကို အဲဒီလူ သွားပြီးကတုန်းကတိုက်လုပ်တာလောက်တော့ ဘာမျက်နှာပူစရာရှိလို့လဲကွ"

"ဟာ ... မင်းပြောတာနဲ့ရှုပ်ကုန်ပြီ"

"ဘာများရှုပ်စရာရှိလို့လဲကွ ... တွေးတတ်ရင် ရှင်းရှင်းလေးပါ စိုးမိုးရာ"

"မျက်နှာပူလို့ပါလို့ ငါအရိပ်ပြနေတာကို မင်းအကောင်မထင်နိုင်ဖြစ်နေလို့ ရှုပ်ကုန်တာကိုပြောတာကွ"

"ဘာ ... ဘာ ... ဘယ်လို"

"အေး ... ပန်းအိအိဖြူကို ကိုဆန်းထွင်ဦးက ကြိုက်နေတယ်ဆိုတာ လုံးဝမဟုတ်ဘူးလို့ ... အပိုင်ပြောနိုင်တဲ့အကြောင်း ငါ့မှာရှိနေလို့ကွ"

ဝင်းကိုတစ်ယောက် စိတ်ဝင်စားမှုကြောင့် မျက်လုံးအစုံပင် အရောင်တက်လာသည်။ စိုးမိုးက ဆက်ပြောသည်။

"ဒီနေ့ပဲ ကိုဆန်းထွင်ဦးနဲ့ငါ့အစ်မ စေ့စပ်လိုက်လို့ကွ ... "

"ဟေ ... "

❀✎❀

ကားကို ထုံးစံအတိုင်း ကွမ်းယာဆိုင်ဘက်အခြမ်းတွင် မရပ်တော့ဘဲ ပန်းအိဖြူတို့စတိုးဆိုင်ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။ ပန်းအိအိဖြူက အမှတ်မထင် လှမ်းကြည့်နေစဉ်မှာပင် သူ တံခါးဖွင့်ပြီးဆင်းလိုက်သည်။

ထိုအခါမှ သူမှန်းသိပြီး ပန်းအိဖြူမျက်ဝန်းလေး အရောင်လက်သွားသည်ဟု သူ ... ထင်လိုက်မိသည်။

မှန်ဘီဒိုပေါ်လက်ထောက်ပြီး လှမ်းကြည့်နေသည်။ အနီးသို့ရောက်မှ ... ပန်းအိဖြူက ပြုံးပြုံးကာ ...

"ကိုစိုးမိုး ... ဘယ်ကလှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာတာပါ"

"ဩော် ... တီရှပ်ရွေးဦးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဗျာ"

သူ့ရုက်ပြီး ယောင်ယမ်းအော်သည်ကို ပန်းအိဖြူက သဘောကျကာ သွားတက်လေးများပေါ်သည်အထိ ပြုံးလေသည်။

ဟိုတစ်ခါက သူတီရှပ်ရွေးစဉ် ဘစ်ကနီဝတ်မော်ဒယ်ပုံ စတစ်ကာကို ပွတ်သပ်ရင်း လှလိုက်တာဟုပြောမိသည်နှင့် ရောယောင်ထင်စေမိလိုက်သည်။ ပန်းအိဖြူကလည်း ပြန်ကာနီးတွင် နောက်တစ်ခါလာဝယ်လျှင် သူကြိုက်သည့် ပုံပါသည့်အကျီကို မရလိုက်မဖြစ်ရလေအောင် ... ချန်ထားမည်ဟုပြောကာ နောက်ပြောင်ခဲ့ဖူးသည်။ ယခု ထိုစကားကို ပြန်၍အစဖော်ခြင်းဖြစ်လေသည်။

"အိဖြူ"

ပန်းအိအိဖြူ သူ့ကိုမော့ကြည့်သည်။ သူက ပြောသင့်မပြောသင့် ခဏတာချိန်ဆနေလိုက်ပြီးမှ ...

"ဖြစ်နိုင်မယ်ဆိုရင် အိဖြူကို ကျွန်တော် စကားနည်းနည်းလောက် ပြောချင်တယ်"

သူ့အမူအရာနှင့် စကားအသွားအလာကိုမှန်းဆပြီး ... ပန်းအိဖြူ မျက်လွှာချသွားသည်။ ထို့နောက်မှ အသာငဲ့ကြည့်ရင်း ...

"အခုလည်း ကိုစိုးမိုးစကားပြောနေတာပဲ မဟုတ်လား"

"ဟုတ်တော့ဟုတ်တယ်လေ ... ဒါပေမဲ့ ... အခုပြောတာက၊ အခု ကျွန်တော် ထပ်ပြောမယ့်စကားက ... ဟိုဗျာ ... ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

ပန်းအိဖြူက စိတ်ဝင်စားလာဟန်နှင့် မျက်လုံးလေးဝိုင်း၍ နားထောင် နေရာမှ ပြုံးလိုက်သည်။ သူကိုယ်တိုင်လည်း ရည်းစားစကား တစ်ခါမှမပြော သေးသည့် လူပျိုပေါက်လေးလိုဖြစ်နေသည်။ သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်သွားသည်။

ထိုအခိုက် ... ဈေးဝယ်မည့်ကောင်မလေးတစ်အုပ် ဆိုင်ထဲဝင်လာ သည်။ စကားအဆက်ရခက်နေသည့် စိုးမိုးသူတစ်ယောက် လုံးဝဆက်မပြော ဖြစ် သွားတော့သည်။

"ခဏနော် ... ဆိုင်မှာက အကူမရှိဘူးဖြစ်နေတယ် ... အဲဒီ ကောင်မလေးကို အပြင်လွှတ်ထားရလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြစဉ် ပန်းအိဖြူက အလှကုန်ကောင်တာနောက် သွား ခဲ့သည်။ အလှကုန်ကောင်တာရှေ့တွင် စောစောကဝင်လာသည့် ကောင်မလေး အုပ်စုက တိုးဝှေ့ပြီး တွတ်ထိုးနေကြသည်။

"မမရေ ... ဒီမိတ်ကပ်ဗူးလေးက ဘယ်လောက်လဲ"

"အဲဒါ ဈေးနှုန်းကပ်ထားတယ်လေဟာ ... ကြည့်ပါလား၊ အဲဒါ ထားထား ဘော်ဒီစပရေးကို အရင်ဝယ်ရအောင်"

"ဘော်ဒီစရေးကို နင့်ဖာ့သာရွေးလေဟယ် ... ငါက လက်သည်းနီ သည်းရွေးရဦးမှာ"

တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေတော့သည်။ အိမ်တွင် သူ့အစ်မ လာဆောင်အတွက် စုဝေးရောက်ရှိလာကြသည့် ညီညီမဝမ်းကွဲတွေ တစ်ပြုံ ကြီးကို မျက်စိနောက်နားနောက်သဖြင့် ယခုထွက်လာခြင်းဖြစ်သည်။ ဒီနေရာ တွင်လည်း အရွယ်တူလေးတွေ ပွက်ပွက်ညံနေသည်နှင့် လာတိုးရပြန်လေသည်။

စိတ်ရှုပ်ရှုပ်နှင့် ပြန်ထွက်သွားချင်သော်လည်း ပန်းအိဖြူကို ပြောမည်ဟု ထားခဲ့ထားသည့်စကား မပြောရသေး ... ထို့ပြင် ဖီးလ်ငုပ်ပြီး ပြောမယ့်စကား လည်း ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်တော့သည်။

ဆိုင်ထဲဝင်ဝင်ချင်း ပြောမိခဲ့လျှင်ကောင်းမှာ ... သို့သော်လည်း အချိန်က သူကိုယ်တိုင်ကပြောမထွက် ... အရှိန်ယူရသေးသည်။

ယခု ဈေးဝယ်သူတစ်အုပ်ပြန်ထွက်သွားလျှင် ပြောကိုပြောမှဖြစ်တော့ မည်။ ဒီနေ့လိုအခွင့်အရေးမျိုးက ရခဲသည်။ ထို့ကြောင့် လက်လွှတ်မခံချင်။ ထို့ပြင် သူ့ရင်တွင်းခံစားရသမျှကိုလည်း တစ်နည်းနည်းဖြင့်ပြောမှဖြစ်မည်။ ပြောထွက်အောင်သာ ကြိုးစားရတော့မည်ဖြစ်သည်။

သူ့စိတ်ထဲတွင် တစ်ယောက်တည်း ထုပ်စည်းထိုးနေသဖြင့် ဈေးဝယ်သူ များပြန်သွားပြီး ပန်းအိဖြူ သူ့ရှေ့ပြန်ရောက်လာသည်ကို မသိလိုက် ... ဆိုင် ပြင်ဘက်သို့ငေးရင်း တွေးနေခြင်းဖြစ်သည်။

"ဘယ်လိုလဲ ဆရာကြီး ... ခုနကဈေးလာဝယ်တဲ့အုပ်စုကို ငေး တာတော့မဟုတ်လောက်ပါဘူးနော်"

"ဟာ .... အိဖြူကလည်း"

"ကဲ ... ခုနကပြောချင်တဲ့စကား ... ပြောမယ်ဆိုရင် ပြောဖို့ရ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီရှင်"

ပန်းအိဖြူက ရယ်လျှက်ပြောသည်။

"အင်း ... ပြောမှာလေ၊ ဘယ်ကစပြောရမလဲ စဉ်းစားနေတာ"

"ဘာစကားမို့ ဒီလောက်ပြောချင်နေရတာလဲ၊ ဘာလဲ ... ကျည်ထားတဲ့ကားခ တောင်းချင်လို့လား"

"ဟာ ... မဟုတ်တာ"

ရှက်ရိပ်သမ်းသော သူ့မျက်နှာကိုကြည့်ကာ ပန်းအိဖြူ ထပ်ရယ်ပြသည်။ ဒီနေ့တော့ သူကချည်းရှက်နေရတော့သည်။ ဆိုင်ထဲစဝင်ချိန်မှ ယခုအခဏကြာမှ ပန်းအိဖြူက ရယ်ရှိန်သက်ကာ တည်ငြိမ်စွာပြန်ကြည့်ရင်း ...

"ဘာစကားပြောမှာလဲ"

"ရည်းစားစကား"

တကယ်ပြောထွက်တော့လည်း တဲ့တိုးကြီးဖြစ်သွားသည်။

သူ့ရဲ့ထိုစကားကြောင့် အိဖြူအံ့သြသွားမည်။ သို့မဟုတ် တခြားအရာတစ်ခုခု ဖြစ်ပေါ်လာမည်ဟု သူထင်လိုက်ရာ ... မြင်ရသည်မှာ လုံးလွဲမှားနေကြောင်းသိလိုက်ရသည်။

လုံးဝအမူအရာမပြောင်းလဲ ... သာမန်စကားကိုကြားရသကဲ့သို့ တည်တည်ငြိမ်ငြိမ်နှင့် သူ့ကိုရင်ဆိုင်ပြန်ကြည့်နေသည်။ မဟုတ်သေး ...

စောစောလေးကတင် ... ပေါ့ပါးသွက်လက်စွာနှင့် ရယ်ရွှင်မြူးသည့် သူမ၏ရုပ်သွင် ဘယ်ပျောက်သွားလေသနည်း။

စိုးမိုးသူ့ရင်ထဲ တစ်မျိုးတစ်မည်ခံစားလိုက်ရသည်။ အန္တရာယ်အသက်ကို ရလိုက်သလိုလိုလည်း ရှိသွားသည်။ သို့သော် ... ခုမှတော့ မထူးပြီ။ စမိသည့်စကားကို ဆွဲဆန့်ရပေတော့မည်။

"အိဖြူကို ကျွန်တော်ချစ်တယ်၊ မဟုတ်သေးဘူး ... ချစ်တယ်တာနဲ့ မလုံလောက်ဘူး၊ ရင်ထဲမှာစွဲနေအောင်ခံစားပြီး ချစ်တာပါ၊ ဘယ်သက်သေမျိုးပဲပြရပြရ ... ကျွန်တော်ပြရဲပါတယ်၊ သာမန်ကောင်လေးတယောက်က ကောင်မလေးတစ်ယောက်ကို ချစ်တဲ့အချစ်မျိုးထက် ပိုပြီးလေး တယ်ဆိုတာကို ကျွန်တော် အဓိကထားပြောချင်ပါတယ်"

ပန်းအိဖြူက ဘာမျှမတုန့်ပြန် ...



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် ပန်းအိဖြူမျက်နှာပေါ်တွင် အပြုံးရိပ်တို့ လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။ နှုတ်ခမ်းအစုံတို့ တင်းတင်းစေ့ထားသည်။

သူကိုရင်ဆိုင်ကြည့်နေသော ပန်းအိဖြူ၏မျက်ဝန်းအစုံတွင် ရင်းနှီးမှုရိပ်တို့ပျောက်ကွယ်ရုံတင်မက မာနရိပ်များပင် စွန်းထင်းလာသလို ရှိလာသည်။

ယခင် သူနှင့်ဆုံဖူးသောမိန်းကလေးများဆိုလျှင် ဒီလိုအခြေအနေရောက်ပါက လက်ကိုဆွဲကိုင်မိနေလောက်ပြီ။ ခုတော့ ... အိဖြူလက်ကိုဆွဲရန်နေနေသာသာ ... မထိဝံ့မတို့ဝံ့ ဖြစ်နေရသည်။

"ဒါဆို ... ကိုစိုးမိုးကို ကျွန်မမေးမယ်၊ အချစ်ဆိုတာ ဘာလဲ"

မမျှော်လင့်သော မေးခွန်း ... အဖြေကို တစ်ခါဖူးမျှမစဉ်းစားခဲ့ဖူးသော မေးခွန်း ... ထို့ပြင် ...

သူ ... စဉ်းစားရန်လည်း ဉာဏ်မမီဘူးဟုထင်သော မေးခွန်းဖြစ်နေသည်။

"စိတ်ထဲကခံစားချက်ကနေတဆင့် ပေါက်ဖွားလာတဲ့အရာကို လက်ဆုပ်လက်ကိုင်ပြလို့မရနိုင်သလို ... စကားလုံးနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ပြရမလဲ အိဖြူရယ် ... အဲဒီလိုအဖြေရခက်တဲ့အမေးမျိုး မမေးပါနဲ့လား"

"ကျွန်မ ဘယ်လိုမှနားမလည်နိုင်လို့ပါ၊ နားလည်းမလည်ဘူး၊ ခံစားလို့လည်း မရဘူး၊ ဒါဆို ... ကိုစိုးမိုး သဘောပေါက်မှာပါနော်"

လှလှပပလေး ငြင်းလိုက်တဲ့စကား ...

လှလှပပလေး အဆုံးသတ်လိုက်တဲ့ပွဲသိမ်း ...

ဘက်ဂီယာ အပြီးထိုးပေးလိုက်သည့်အဖြေ ...

သူ့ရင်ကို ထုရိုက်သွားသကဲ့သို့ပင် ... သူ ... လဲပြိုကျမတတ်အားအင်တွေကုန်ခမ်းသွားသလို ခံစားလိုက်ရသည်။ သို့သော်လည်း ...

ပွဲပေါင်းများစွာနွှဲလာသည့် စိုးမိုးသူပဲလေဟု ... ကိုယ့်ကိုယ်ကိုယ် ခန့်ပြန်တင်းကာ ...

"လူတိုင်းလူတိုင်းမှာ အချစ်ရှိတယ်၊ ခံစားတတ်ကြတယ်၊ အဲဒါတွေ အိဖြူမှာမရှိဘူးဆိုတာ ... ဟုတ်နိုင်ပါ့မလား ... မှသားသုံးလိုက်တာများ သားလို့ ... "

"ဟုတ်ရင်ဟုတ်မယ် ... မဟုတ်ရင်လည်း မဟုတ်ဘူး၊ ကိုစိုးမိုး



www.burmeseclassic.com

www.burmeseclassic.com



လွတ်လွတ်လပ်လပ်တွေးတော ခံစားလို့ရပါတယ်''

စိုးမိုးသာ သက်ပြင်းရှည်ရှည်ချလိုက်ရသည်။ ပန်းအိဖြူကတော့ တကယ့်ပေါ့ပေါ့ပါးပါးစတိုင်ဖြင့် သက်သောင့်သက်သာရပ်နေသည်။

''ကျွန်တော့်မှာ အိဖြူကိုမျှော်လင့်ပိုင်ခွင့် မရှိတော့ဘူးလားဗျာ''

''ဘာကိုမျှော်လင့်ချင်တာလဲ''

''အိဖြူရဲ့အချစ်ကိုပေါ့''

''ပြောပြီးပြီလေ''

''ဒါဆို ... အိဖြူ တစ်သက်လုံး ချစ်သူမရှာတော့ဘူးပေါ့''

''ကျွန်မရင်ကို လှုပ်ခတ်နိုင်တဲ့လူ မတွေ့သေးလို့ဖြစ်မှာပါ''

''ကျွန်တော့်မှာ အိဖြူမစဉ်းစားချင်လောက်အောင် လက်မခံနိုင်တဲ့ အချက်တွေ ... အပြစ်အနာအဆာတွေ ရှိနေလို့လား''

ပန်းအိဖြူက စိုးမိုးသူကို မျက်လုံးဝင့်ပြီးကြည့်သည်။

ဘာမျှပြန်မပြော။ ချက်ချင်း မျက်နှာလွှဲသွားသည်။

''ဘာပဲဖြစ်ဖြစ် ... အိဖြူကို သိပ် ... သိပ်ချစ်တယ်၊ အဲဒါကို တော့ အိဖြူရင်ထဲမှာ ထာဝရစွဲမှတ်ထားပေးပါ၊ ကျွန်တော့်ဘဝမှာ မက်မက် မောမောရှာဖွေခဲ့တဲ့ ... ရှာဖွေနေတဲ့ ... ကျွန်တော့်အတွက် အချစ်စစ် အချစ်မှန်ဆိုတာ ... အိဖြူဆီမှာပဲရှိတယ်လို့ ကျွန်တော်ကတော့ လုံးဝ ယုံကြည်ထားတယ်''

ပန်းအိဖြူ ပြုံးလိုက်သည်။ မဲ့ပြုံးလိုလို ... ခနဲ့ပြုံးလိုလို ခံစားလိုက် ရသည်မို့ စိုးမိုးရင်မှာ မသက်မသာဖြစ်သွားသည်။

ထိုအချိန်မှာပင် ဆိုင်ထဲသို့ ပန်းအိအိဖြူအစ်မ ဝင်လာသည်။

''ဩော် ... မောင်လေးပါလား၊ တွေ့ချင်တာနဲ့အတော်ပဲ ... လာ လေ အိမ်ထဲကို''

လက်ရှိဖြစ်ပျက်နေသည့်အခြေအနေကို သတိမထားမိသည့် အစ်မက ဖွတ်ခေါ်နေသည်။ ပန်းအိဖြူက ဘာမှဝင်မပြောသည့်ပြင် သူမနှင့် မည်သို့မျှ မပတ်သက်သကဲ့သို့ ဆိုင်ထဲလှည့်ပတ်ငေးနေသည်။

''နေပါစေတော့ မမ ... မမပြန်ကောင်းသွားပြီနော်''

''အေး ... မင်းကူညီလို့ပေါ့၊ လာပါ ငါ့မောင်ရဲ့ တစ်ခုခုစားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြန်ပါ''

''မဟုတ်ဘူး မမ''

စိုးမိုးက စကားကိုခဏရပ်ထားပြီး ပန်းအိဖြူကိုလှည့်ကြည့်ပြီးမှ သူ့စကားကို ဆက်ပြောသည်။

''ခုတော့ ... ကျွန်တော်သွားမှဖြစ်မယ့်ကိစ္စလေး ရှိနေလို့ပါ''

''ဘယ်လိုဖြစ်ရတာလဲကွယ် ... ဒါဆိုလည်း ... နောက်တော့ လာလည်နော်''

''ဟုတ်ကဲ့ပါ မမ''

သူ ... ပန်းအိဖြူကို လှည့်ကြည့်လိုက်သည်။ သူမကတော့ စောစောကအမူအရာအတိုင်း ...

''ဒုက္ခပါပဲနော် ... မလိုလားသူက ရှိနေပါတယ်ဆိုမှ အဲဒီအစ်မက သည်း ဖွတ်ခေါ်နေတယ်''

ထိုစကားကလည်း ပန်းအိဖြူ၏ ကျောက်ရုပ်မျက်နှာကို အပြုံးအမဲ့ ဆိုမစွန်းထင်းနိုင်။

သူပြောလိုသမျှတို့ကို အကုန်အစင်ပြောခဲ့ပြီးဖြစ်သော်လည်း ... သူ့ ရင်တွင် တင်းကျပ်နေသောခံစားမှုကို ပြေလျော့မသွား ...

သူ့မမနာမည်ကို ပန်းအိဖြူကိုပြောပြလိုက်လျှင် ဘယ်လိုဖြစ်သွား မည်လဲ သူသိချင်လာသည်။ သူ့မမနှင့်ပန်းအိဖြူတို့ ဘယ်လိုပတ်သက်ပြီး ဘယ်လိုအငြိုးအတေးတွေ ရှိနေသလဲဆိုတာကို သူ သိချင်စိတ်ပြင်းပြလာသည်။

ထို့ပြင် ... ကိုဆန်းထွဋ်ဦးက ပန်းအိဖြူကို ဘယ်လိုသွေးထိုးစကား တွေ ဆိုထားခဲ့လေသည်လဲ ... သွေးထိုးခဲ့ပြီးပြီလား။ မဟုတ်ခဲ့လျှင် သူ့အတွေး နှင့်ဖြေရှင်းသမျှ မရေရာမှုတွေနှင့်သာ လုံးထွေးနေတော့မည်။

ခုလည်း ... အတွေးများ ရှုပ်ထွေးအုံ့ဖွဲ့နေသည်မို့ ဘာဆက်တွေး မည်ကိုပင် မစဉ်းစားတတ်တော့။ ထို့ကြောင့် ...

''ကျွန်တော်သွားတော့မယ် ... အိဖြူ''

ပန်းအိဖြူထံမှ တုံ့ပြန်စကားမကြားရမီ ... သူ ဆိုင်ထဲမှထွက်လာခဲ့ လိုက်သည်။

❀✎❀



www.burmeseclassic.com

www.burmeseclassic.com

**အခန်း (၁၅)**

"ငါတို့ဆိုင်ဖွင့်တာ မနေ့က တစ်ပတ်ပြည့်ပြီနော် စိုးမိုး ... ငါ သတိထားကြည့်နေတာ ရောင်းအားက ငါတို့မျှော်လင့်ထားတာရဲ့ သုံးပုံတစ် လောက်ပဲ ရတယ်နော်"

"အေး ... အဲဒါဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲကွ ... ငါ့အမေက နေ့တိုင်းမေးတာ ... မင်း အိမ်အတွက်က အဲဒီဆိုင်ဆိုတာ အပျော်တမ်းလုပ်ငန်းဖြစ်ပေမယ့် ... ငါ အတွက်တော့ တကယ့်စီးပွားရေးလုပ်ငန်းကြီးလေ၊ ငါ့အမေက အဲဒီဆိုင် ဝင်ငွေကို မျှော်လင့်နေတာ ... အဲဒီတော့ နေ့တိုင်းတွက်နေတော့တာ"

"အေးပါကွာ ... ငါသဘောပေါက်ပါတယ်၊ တကယ်ဆို တစ်နှ လောက်ကြာမှ လုပ်ငန်းအမြတ်ကို တွက်လို့ ... ခွဲဝေလို့ ကောင်းမှာဖြစ်ပေမ မင်းအတွက်ခြောက်လပြည့်ရင် ... ရသလောက်အမြတ်ကိုတွက်ပြီး ခွဲဝေ စဉ်းစားထားပြီးသားပါ"

"ငါ့အမေကတော့ စာအုပ်ကြီးအတိုင်းပေါ့ကွာ ... ငွေတိုးနဲ့ထ ထားတဲ့ အရင်းအနှီးမဟုတ်ပေမယ့် အတိုးနှုန်းနဲ့ ကိုက်မကိုက်တွက်နေတော့ တာ"

"လူကြီးတွေကတော့ ဒီလိုပါပဲကွာ ... အိမ်မှာလည်း ငါ့အဖေကသ မပြောတာ၊ ငါ့အဖေကတော့ အတိအကျပဲ ... Calculator ပဲနှိပ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာ”

“ဘာပဲဖြစ်ဖြစ် ရောင်းအားကတော့တက်လာမှဖြစ်မှာကွ”

“မင်းကို ငါပြောထားခဲ့တယ်လေ၊ ငါတို့ဆိုင်လူသိဖို့ … အရှိန်ရဖို့ အနည်းဆုံးခြောက်လလောက် အချိန်ယူရမယ်လို့ … မနေ့ကတော့ ရောင်းအားနည်းနည်းလောက်တက်တယ်လို့ ပြောပါတယ်ကွ”

“အဲဒါဘာကြောင့်လဲ မင်းသိရဲ့လား … ကိုဆန်းထွန်းဦးက သူ့ဆော်ဒါတွေခေါ်လာပြီး ဖောက်သယ်လုပ်ပေးတယ်လို့ ကြားတယ်နော်”

စိုးမိုးသူမျက်နှာ အောက်သိုးသိုးဖြစ်သွားပြီး …

“ငါသိပါတယ်”

“အဲဒါနဲ့ … ငါအံ့သြလို့မဆုံးဘူး စိုးမိုး … မင်းအစ်မက ကိုဆန်းထွန်းဦးကို လက်ခံလိုက်တာ ငါစဉ်းစားလို့မရဘူး”

“ဖေဖေ့အစီအစဉ်ပေါ့ကွာ … ဖေဖေ့စကားကို နားထောင်တဲ့သမီးအလိမ္မာလေး လုပ်လိုက်တာပေါ့၊ ကိုဆန်းထွန်းဦးက ပညာတတ်တာချင်းအတူတူ အရောင်းအဝယ်လုပ်တတ်တယ်၊ စီးပွားရှာတာကျွမ်းတယ်၊ ဘာညာပေါ့ကွာ၊ ငါ့အဖေရဲ့ အကဲခက်ဆုံးဖြတ်ချက်အရပေါ့ … ငါ့လည်း လူရာသွင်းပြီး တစ်ခွန်းမပြောကြပါဘူး၊ စေ့စပ်မယ့်နေ့ကျမှပဲ အသိပေးကြတာ”

“အခု မင်းနဲ့ကိုဆန်းထွန်းဦးတို့ အခေါ်အပြောညက်ရဲ့လား”

သူ့ဘက်ကတော့ အေးဆေးလို့ထင်တာပဲ … ငါ့ဘက်ကတော့ အိဖြူကိစ္စနဲ့ပတ်သက်ပြီး အဲဒီလူအပေါ် အစာသိပ်မကျေချင်ဘူး။ သူ ပါဝင်ပတ်သက်ခဲ့တယ်ဆိုတာကို သက်သေပြလို့မရတဲ့အတွက် ခက်နေတာ”

“မင်းနဲ့ပန်းအိအိဖြူတို့ကိစ္စမှာ အဲဒီလူ ကြားဝင်ခဲ့တယ်ဆိုတာ ဟုတ်ချင်မှလည်းဟုတ်မှာပေါ့ကွာ … မင်းရဲ့အတွေးသက်သက်လည်း ဖြစ်ချင်ဖြစ်နေမှာ”

“အိဖြူနဲ့ငါနဲ့ကြားမှာ … ပထမတုန်းက အခြေအနေကောင်းသင့်သလောက် ကောင်းနေပြီးသားကွ … နောက်ပိုင်းမှ ရှုပ်ကုန်တာ၊ နောက်ပိုင်း အဲဒီလူ ငါနဲ့ဆက်ဆံတဲ့နေရာမှာလည်း အမူအရာတွေပျက်လာတယ်၊ ငါကတော့ သူပဲထင်တယ်၊ တခြားလူလည်း စဉ်းစားလို့မရဘူး”

“အေးနော် … မင်း ကားအကူအညီပေးပြီးကာစက လုံးဝအဆင်ပြ



www.burmeseclassic.com

www.burmeseclassic.com



အနေကောင်းနေခဲ့တာ''

''ဟုတ်တယ် ... ဒါပေမဲ့ ပြီးခဲ့တဲ့အပတ်မှာ နောက်ဆုံးတွေ့တုန်းကဆို ... လုံးဝခါးခါးသီးသီးကွာ ... မုန်းတယ်လို့ပြောင်ပြောပြီး မငြင်းလိုက်ရုံတမယ်ပဲ''

''အဲဒါကတော့ မင်းညံ့တာလည်း ပါချင်ပါမှာပေါ့ကွာ''

''ငါညံ့တာ ... အေး ... ဟုတ်ချင်လည်းဟုတ်မှာပေါ့ကွာ ... ဒါပေမဲ့ ... သေချာတာကတော့ ... ငါ ... အိဖြူကို အရမ်း ... အရမ်းကိုစွဲလမ်းနေပြီ၊ ခုချိန်မှနောက်ဆုတ်ရဖို့ဆိုရင် ဘယ်လိုမှမဖြစ်နိုင်တော့ဘူးထင်တယ်''

''မင်းကို တစ်ခါက ငထွင့်ပြောသလို ... မင်းဝဋ်လည်ပြီထင်တယ်''

''ဝဋ်လည်တာမလည်တာထက် ရှေ့ဘယ်လိုဆက်ရမှန်းမသိဖြစ်နေတာကဆိုးတာ ... အကြံလေးဘာလေးပေးစမ်းပါဦးကွာ''

''ဘာအကြံပေးနိုင်မှာလဲကွာ ... မင်းကမှ ဆရာကြီးအဆင့်လေး ငါပြောတတ်တာကတော့ ... လိုချင်ရင် ဆက်ကြိုးစား ... ဒါပဲရှိတယ်''

''မင်းလည်းသိခဲ့တဲ့အတိုင်းပဲ ... ငါကြိုးစားခဲ့တဲ့ မိန်းကလေးမှန်သမျှ ငါနဲ့မငြိခဲ့တာရှိခဲ့လို့လား ... အိဖြူနဲ့ကျမှ ... ငါ့ဘဝမှာ ငါ့ကိုမချစ်ဘူးလို့ ငြင်းတာ သူတစ်ယောက်ပဲရှိဖူးတယ်၊ အေးလေ ... ဘယ်တတ်နိုင်ပါ့မလဲ လောကမှာလိုချင်တာကို ရတဲ့အခါရှိသလို ... မရတဲ့အခါလည်းရှိမှာပဲလို့ တွေးတောမှတ်သား လက်ခံရတော့မှာပေါ့''

''ဒါပေါ့ကွာ ... ခုတော့ မင်းလည်း အမြင်မှန်ရသင့်သလောက် ရလာပြီပေါ့၊ ဒါနဲ့ဆက်နွယ်ပြီး ဆင်ခြင်လိုက်မယ်ဆိုရင် ဒီထက်နက်နဲတဲ့တရားသဘောတွေပါ မင်းသုံးသပ်မိလာမှာ ... အဲဒီအခါကျရင် ... ကတုံးတုံးပြီး သီလရှင် ... အဲ ... ဘုန်းကြီးသာဝတ်လိုက်ပေတော့''

''စကားကိုကောင်းကောင်းပြောပါကွာ ... အမှန်တကယ်ခံစားနေရသူကို မလှောင်ပါနဲ့''

''ဘယ်လှောင်ရက်မှာလဲကွာ ... လှောင်တာမဟုတ်ဘူး ... ပြောင်တာပါ''

''ဘာကွ ... ခေါက်ထီးနော် ... ခေါက်ထီး''



www.burmeseclassic.com

www.burmeseclassic.com



အခွက်ပြောင်နေသည့် ဝင်းကိုတစ်ယောက် ထိုအခါမှ ဖြူးဖြူးပျာပျာ ဖြစ်သွားပြီး ...

"တော် ... ဟော့ကောင် ... ငါလည်း မလျှောင်တော့ဘူး၊ မင်းလည်းတော်"

တော်လို့ရပ်လို့မရသည်မှာ ... သူနှင့်ပန်းအိဖြူကြားက ဆက်ထုံးကြောင့် ... ထိုဆက်ထုံးပြေအောင် ဘယ်လိုဖြေရမလဲ။ သူ ... ကြိုးစားစဉ်းစားရဦးတော့မည်။

"အိဖြူ"

"ရှင်"

"ရိုင်းတယ်၊ ဘောင်ကျော်တယ်လို့တော့ မထင်ပါနဲ့ဗျာ ... အိဖြူဆီက အကြောင်းအရာတစ်ခုရဲ့အဖြေကို ကျွန်တော်သိပ်သိချင်နေလို့ပါ၊ ကျွန်တော်မေးရင် အိဖြူဖြေမှာလား"

"မေးကြည့်လေ"

"ဟိုတလောတုန်းက မြို့ထဲမှာ ... မှတ်မှတ်ရရ အိဖြူရဲ့အစ်မကို ဆေးရုံလိုက်ပို့ခဲ့တဲ့နေ့ မနက်ပိုင်း ... အနော်ရထာလမ်းမ ပလက်ဖောင်းတစ်နေရာမှာ ... အိဖြူနဲ့တွဲသွားတဲ့လူက ... ဟို ... အိဖြူနဲ့ ဘယ်လိုပတ်သက်နေလဲ"

အိဖြူက အတန်ကြာစဉ်းစားနေရသည်။ သူမ Memory မှ Data ကို အသည်းအသန် ကြိုးစားရှာဖွေနေရဟန်တူသည်။ ပြီးမှ အမှတ်ရသွားဟန်ဖြင့်။

"ဩော် ... အဲဒါလား ... "

ဘာမှဆက်မပြောသေးဘဲ အအေးခွက်ထဲမှရေခဲတုံးလေးများကို ပိုက်ဖြင့်မွှေရင်း တွေးတောနေသည်။ ငယ်စဉ်က သူမတို့အိမ်ဘေးကပ်လျက်နေခဲ့သည့် ကိုမြတ်သစ် ... မန္တလေးသို့မပြန်မီ လက်ဆောင်တချို့ လိုက်ဝယ်ပေးခဲ့စဉ် စိုးမိုးမြင်တွေ့ခဲ့ခြင်းဖြစ်သည်။ ပန်းအိဖြူက စိုးမိုးမျက်နှာကိုလှမ်းကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ရည်ရွယ်ထားသူဆိုရင် ကိုစိုးမိုးနောက်ဆုတ်သွားမလား"

မေးခွန်းကို မေးခွန်းနှင့်တုံ့ပြန်ပေမယ့် သူမှာ လျှပ်တပြက်အဖြေ ရှိပြီးသားမို့ ...

"အိဖြူမှာ ချစ်တတ်တဲ့စိတ်မရှိသေးဘူးဆို"

"ဒါဆိုလည်း ရှင်းနေတာပဲ ... မေးစရာတောင်မလိုဘူးလေ"

သူ့ရင်မှာ ... အနည်းငယ်သာ စိတ်သက်သာရာရသွားသော်လည်း ပန်အိဖြူ သတိထားမိစေလောက်သည့် သက်ပြင်းချသံကျယ်ကျယ်ကို ချ လိုက်မိသည်။

"အိဖြူရယ် ... ကျွန်တော်တို့နှစ်ယောက် ဘာကြောင့်များ ဒီ အဖြစ်မျိုးနဲ့မှ လာဆုံနေရတာလဲ ... ကျွန်တော့်ဘဝမှာတော့ အိဖြူဟာ တစ် ယောက်ဆိုတစ်ယောက် ဆိုသလိုပါပဲ"

ပန်းအိအိဖြူက စိုးမိုးကို မျက်လုံးဝင့်၍ကြည့်သည်။ စိုးမိုးက ညှို့ ဆွဲယူသောမျက်ဝန်းများနှင့် ခပ်ကြာကြာလေးကြည့်လိုက်မိသည်။ သူမ မျက်လွှာ ချရာမှ မျက်နှာကိုပါ တစ်ဖက်သို့လွှဲသွားသည်။

"နောက်ဆုံးတော့ ဒီဆိုင်ကိုခေါ်လာတာ ရည်းစားစကားပြောဖို့ ဆိုပါတော့"

ပြုံးရိပ်သန်းသောမျက်နှာနှင့် ပြန်ကြည့်ကာ ပန်းအိဖြူကပြောသည်။

"ကျွန်တော့်ရင်မှာ အမှန်တကယ်ခံစားနေရသမျှကို ဖွင့်ချမိတာပါ ရည်းစားစကားနဲ့ ဖော့မတွေးပစ်လိုက်ပါနဲ့"

ပန်းအိဖြူ တစ်ချက်ငြိမ်သွားပြီးမှ ...

"ကျွန်မမှာအဲ့ချိန်မရဘူး ကိုစိုးမိုး ... ပြောစရာမကျန်တော့ဘူး ဆိုရင် ..."

သူ ... ပျာပျာသလဲဖြစ်သွားသည်။ ပန်းအိဖြူဘက်မှာတော့ စိတ် လှုပ်ရှားဟန် တစ်ဆံခြည်မျှမတွေ့ရ ...

"ခဏလေးအချိန်ပေးပါ အိဖြူ ... ဘာပဲဖြစ်ဖြစ်ဗျာ အိဖြူကို ကျွန်တော်သိပ်ချစ်တယ်၊ အသက်နှင့်ထပ်တူထပ်မျှ ချစ်တယ်၊ ကျွန်တော် မျှော်လင့်နေပါရစေ"

ပန်းအိအိဖြူက ဘာမှပြန်မပြော ... နှုတ်ခမ်းကို တစ်ချက်ချိုးစဉ်း



www.burmeseclassic.com

www.burmeseclassic.com



ည့်သုတ်သည်။ ပေါ့ပေါ့ပါးပါးပင် ...

"ပြန်ရအောင် ... ဆိုင်မှာ မမတစ်ယောက်တည်း"

"ကျွန်တော်ကတော့ အိဖြူရဲ့အဖြေကို မျှော်လင့်နေဆဲပဲနော်"

ပန်းအိဖြူက သူ့ကို စူးစိုက်ကာ တစ်ချက်ပြန်ကြည့်သည်။ ခဏချင်း င် သူမမျက်ဝန်းများ ရီဝေသွားသည်။ ထို့နောက် ... မျက်နှာလွှဲသွားသည်။ ပြီးနောက် အနီးရောက်လာသည့် စားပွဲထိုးလေးကို ...

"မောင်လေးရေ ... အစ်မတို့ ဘယ်လောက်ကျလဲ"

စိုးမိုး ဘာမှဆက်မပြောသာတော့ဘဲ ကောင်တာတွင် အအေးဖိုး သွားရှင်းလိုက်ရသည်။ အပြန်လမ်းတွင် လေးကန်သောခြေလှမ်းများနှင့် န်းအိအိဖြူနားမှ ကပ်လျှောက်လိုက်ပါလာခဲ့သည်။

"နေပူတယ်လေ ... ထီးအောက်ဝင်ပါလား"

ပန်းအိဖြူက သူမခေါက်ထီးလေးကို ဖွင့်ဆောင်းရင်း ပြောလာသဖြင့် ဒီလိုကျတော့လည်း မဆိုးဟုတွေးကာ သူပျော်သွားသည်။

"အဲဒီလိုမျိုးကြင်နာတတ်ရဲ့သားနဲ့ ဘာဖြစ်လို့ စိမ်းကားတဲ့စကား တွေပဲ ပြောထွက်လာရတာလဲ အိဖြူရယ်"

သူမက တစ်ချက်ငြိမ်သွားသေးသည်။ ပြီးမှ ...

"နေပူလွန်းလို့ ကျန်းမာရေးအတွက်တွေးပြီးပြောတာ ... နှစ်ယောက် အတူ လျှောက်နေပြီး ... တစ်ယောက်ထဲပဲ တစ်ကိုယ်ကောင်းဆန်ဆန် ထီးဆောင်းသွားတယ်လို့ အများကထင်မှာစိုးလို့ ... ထီးအောက်မဝင်ချင် လည်းနေ ... အဲဒီမှာရပ်နေခဲ့"

ပြောပြီး ခပ်သွက်သွက်လျှောက်သွားသည့် ပန်းအိဖြူနောက်သို့ စိုးမိုးသူပြေးလိုက်ပြီး ထီးအောက်သို့ဝင်လိုက်ရသည်။

"အဲဒီလိုမျိုး စိတ်မတိုတတ်ရဘူးလေ ... ဟယ် ... ဒီကောင်မလေး ချပ်လေးကလည်း ချောလိုက်တာ၊ ဖွေးဥနေဖတ်လို့ ... သဘောကလည်း ကောင်းလိုက်တာ ... ဘယ်ခါကြည့်ကြည့်ပြုံးလို့ ချိုလို့ ... အဲဒီလိုချီးမွမ်း ဆိုစကားမျိုးကို မက်မောစမ်းပါ"

"သိနိုင်ဘူးတော် ... ကျုပ်တို့ကတော့ ရုပ်ကလည်းဆိုးဆိုး ... စိတ်ကလည်း ပုပ်ပုပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်တာတွေမပြောချင်စမ်းပါနဲ့ ... ကဲပါ ... ဒီက အစ်မချောချောလေးအတွက် ကျွန်တော်ကပဲ ထီးဆောင်းပေးပါရစေ"

ပြောပြောဆိုဆို သူမလက်ထဲမှထီးကို ဆွဲယူလိုက်ရာ ...

"သူ့ခေါင်းနဲ့လွတ်အောင် လက်ကို အမြင့်ကြီးမြှောက်ပြီးဆောင်းပေးနေရတာ ခုမှပဲသက်သာသွားတော့တယ်"

"မမလေးသာဆန္ဒရှိမယ်ဆိုရင် တစ်ဘဝတာလုံး ထီးတော်မိုးအဖြစ်နဲ့ Service ပေးမယ့်သူပါ"

"ပြောပြန်ပြီလား ..."

"နိုး ... နိုး ... မပြောတော့ဘူး၊ ပါးစပ်ပိတ်ပြီး ထီးတော်မိုးတာဝန်ကိုပဲ ကျေပွန်နေပါပြီ"

ပန်းအိဖြူက အပြုံးမြမြဖြင့် ဆက်လျှောက်သည်။

စိုးမိုးကတော့ မယုံရဲယုံရဲ ... ခဏတာလေးရရှိသည့်ကြည်နူးမှုလေးကိုပဲ ကျေနပ်ပီတိဖြစ်နေရသည်။ မွှန်းတည့်နေအောက် ခေါက်ထီးလေးတစ်ချောင်း ... မလုံ့တလုံအောက်တွင် နှစ်ယောက်တည်းလေ ...

သူမထံမှ သင်းပျံ့လာသည့် ကိုယ်သင်းရနံ့လေးကာတစ်မျိုး ...

အတူယှဉ်တွဲလျှောက်ရာမှ ... ဖြစ်ပေါ်လာသည့် အလှုပ်အခတ် အထိအတွေ့က တစ်ဖုံ ... ဘယ်လိုပင် သူ့ရင်ကိုချောမြူနေသော်လည်း ပရမ်းပတာရင်ခုန်နှုန်းကို ထိန်းသိမ်းကာ ... သူ့ကတိအတိုင်း ဆက်လျှောက်ရတော့သည်။ သို့သော်လည်း ... နှုတ်ဖျားက မဖွင့်ဟသာသည့် သူ့စကားမှာ

ရင်မောရပါလား အိဖြူရယ် ... ဟူသာ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

စိုးမိုးသူ ညှော်ခန်းထဲဝင်မည်ပြုစဉ် ညှော်ခန်းထဲ၌ သူ့အမေနှင့်အတူ သူ့အစ်မကိုပါ တွေ့လိုက်ရသဖြင့် ... မဝင်တော့ဘဲ ထမင်းစားခန်းဘက်သို့ လှမ်းလိုက်သည်။ ပန်းအိအိဖြူကိစ္စနှင့်ပတ်သက်၍ သူ့အစ်မကို မကျေနပ်ခြင်းတို့အတူ ဆန်းထွဋ်ဦးကိုလည်း စကားမပြောချင်။ ထို့ကြောင့် အိမ်မှာရှိနေလျှင် အခန်းအောင်းနေတတ်သည်သာ များသည်။

"သမီးမောင်လည်း ဘယ်လိုဖြစ်နေတယ်မသိဘူး၊ တမှိုင်မှိုင်တတွေ တွေနဲ့"

"ဘာဖြစ်ရမှာလဲ မေမေရယ် ... ဟိုကောင်မပြုစားထားတာ နေမှာပေါ့၊ သမီးပြောထားတဲ့ကြားက အဲဒီကောင်မဆီကို ခုထိသွားတုန်း ... သမီးတော့ အဲဒါမျိုးတွေနဲ့ ဆွေမျိုးမတော်နိုင်ဘူး"

"သမီးရယ် ... ပြီးတာတွေလည်းပြီးပြီပဲ"

"မပြီးနိုင်ဘူး မေမေ ... သူတို့ကြောင့် သမီးအရှက်ရခဲ့တာ၊ သမီးတော့ တစ်သက်မကျေဘူး"

"အဲဒီလိုလည်း သဘောမထားနဲ့လေ၊ ဖြစ်သင့်လို့ဖြစ်လာတယ်လို့ပဲ ယူဆမှပေါ့ကွယ်"

"သမီးတို့စေ့စပ်ထားတာကိုသိလျက်နဲ့ ကိုမျိုးကို သူ့ဘက်ပါအောင် မာယာချိုဆွဲဆောင်ယူသွားတာ ဘယ်လောက်ခံရခက်သလဲ ... ကျောင်းမှာဆို သမီး ခေါင်းမဖော်ရဲဘူး။ ပြန်တွေးမိရင် သိပ်ရှက်ဖို့ကောင်းတယ်၊ အခု ...



www.burmeseclassic.com

www.burmeseclassic.com



မာယာချို့သီမကရော ဘာထူးလို့လဲ ... မောင်လေးမှာ ချစ်သူငှတ်တုတ်ရှိမှန်း သိလျှက်နဲ့ အကပ်ခံနေတာ"

စိုးမိုးရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သူ့အစ်မက ဒေါသဖြစ် ဖြစ်နှင့် ပြောနေသဖြင့် ... သူထိုင်နေရာ ထမင်းစားခန်းမှ အကုန်ကြားနေရသည်။

"သမီးမောင်အကြောင်းလည်း သိရဲ့သားနဲ့ ... သူ့စိတ်တွေ့တုန်း ခဏနေမှာပေါ့ကွယ်"

"နာမည်ပျက်တာပေါ့ မေမေ ... ဘာပဲဖြစ်ဖြစ် ... သူတို့ထဲကို မောင်လေးပါသွားမှ သမီးတို့ပဲရင်ကျိုးရမှာ"

စိုးမိုး ခုမှသဘောပေါက်သွားတော့သည်။ ထို့အတူ ... မမကိုလည်း တော်တော်စိတ်တိုသွားမိသည်။ မမက သူကြိုက်တာသူလုပ်ပြီး ... သူများ တကာလုပ်ချင်သည်ကိုတော့ သူနှင့်မကြည်လင်သူဖြစ်နေသဖြင့် အတင်းလိုက် ပိတ်ပင်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် ... လူတစ်ယောက်တွင် ... ကိုယ်ပိုင် လွတ်လပ်ခွင့်တော့ ရှိနေသင့်သည်။

မမ မတရားဘူး။ လုံးဝမတရားဘူး။

မမဘက်ကအပိုင်းကို သူသိရပြီ ... ကိုဆန်းထွင်နှင့်ဦး ဝင်မွှေခဲ့သည့် အကြောင်းကို သူမသိရသေး ... ထိုလူကိုလည်း မမေးချင်။ ဖြစ်ချင်ရာဖြစ် အိဖြူကိုပဲ တိုက်ရိုက်မေးလိုက်မှ ရှင်းသွားတော့မည်။ ရှုပ်နေလည်း ရှင်းလိုက် ရုံပင် ...

သူ အခန်းထဲပြန်ဝင်ပြီး အဝတ်အစားပြန်လဲလိုက်သည်။ ဧည့်ခန်းထဲမှ အဖြတ်တွင် ...

"သား ... ဘယ်လဲ"

"ဝင်းကိုတို့အိမ် ... ပြီးရင် ဆိုင်ကိုဆက်သွားမှာ"

"မောင်လေး ... နင် ခြေမရှုပ်နဲ့နော်"

ဘာမှပြန်မပြော ... သူ့အစ်မကို ပေစောင်းစောင်းသာ တစ်ချက် ပြန်ရှိုးပြီး အိမ်ထဲမှထွက်သည်။

သူ့အစ်မ ထိုင်မရ ... ထမရ ဒေါသနှင့်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်တစ်ခါထိုင်နေကျ ပန်းအိဖြူတို့လမ်းနှင့်နီးသည့် အအေးပြော မှာပင် ထိုင်ဖြစ်ပြန်သည်။ သူ စကားပြောချင်၍ ခေါ်ထုတ်လျှင်လိုက်လာပေး သည့် ပန်းအိဖြူကိုပင် ကျေးဇူးတင်ရမည်ဖြစ်သည်။

ဒေါင့်ကျကျစားပွဲတွင် နေရာယူပြီး အအေးမှာပြီးသည်နှင့် ...

"အိဖြူ ..."

သူမကမထူး ... မျက်လွှာလှန်ကြည့်ခြင်းဖြင့် လာတုံ့ပြန်သည်။

"ကျွန်တော့်အတွက်အဖြေ စဉ်းစားပြီးပြီလား"

ပန်းအိအိဖြူ သက်ပြင်းချသည်။ ပြီးနောက် ...

ဆိုင်အပြင်ဘက် အဝေးတစ်နေရာသို့ ရီဝေစွာ အတန်ကြာကြည့်နေ သည်။ ပြီးမှ ...

"ကျွန်မ စိတ်မကောင်းပါဘူး ကိုစိုးမိုး ... ရှင် ... နောက်ကျ သွားပါပြီ ... ရှေ့လထဲမှာပဲ ကျွန်မကို အိမ်ကစေ့စပ်ပေးတော့မှာ"

"ဗျာ ..."

သူ့ရင်ကို ဆောင့်တွန်းခံလိုက်ရသကဲ့သို့ ... နင့်နင့်နဲနဲခံစားရစေ နိုင်သည့် စကား ...

သူ့အမူအရာတွေ ဆိုးဆိုးဝါးဝါးပျက်ယွင်းသွားမှာ သေချာသည်။ ပန်းအိဖြူက သူ့ကိုမကြည့် ... ဆိုင်အပြင်သို့သာ ရီဝေစွာငေးမောနေမြဲမို့ တော်တော့သည်။ မျက်နှာပူ၍ တမင်အကြည့်လွှဲထားတာလည်း ဖြစ်နိုင်ပါသည်။

ခဏကြာမှ ... သက်ပြင်းမောတစ်ခုကို ချလိုက်နိုင်သည်။

မလာမီက ... ပန်းအိဖြူနှင့်တွေ့လျှင် မေးရန် ... ပြောရန် စဉ်းစားထားခဲ့သမျှတို့လည်း မှတ်ဉာဏ်မှ လုံးဝပျောက်ဆုံးကုန်တော့သည်။

သူ့မှာ ပြောစရာမရှိ ...

တွေးတောစရာ နတ္ထိ ...

စဉ်းစားစရာတို့လည်း လုံးဝ ခန်းခြောက်နေလေပြီမို့ ...

သူသည်လည်း ဦးတည်ရာမဲ့ငေးမောခြင်းမှ တပါး ...

နှစ်ဦးလုံး အတန်ကြာသည်အထိ ငေးငိုင်ရေမိကြရာမှ ပန်းအိဖြူထံမှ အသံဦးစွာထွက်လာသည်။

"ပြန်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မာယာ "ဟုတ်တယ် ... ပြန်ရမှာပေါ့ ... ခုတော့ ပြန်ကြဖို့ကလွဲပြီး ဘာများရှိတော့လို့လဲ"

ပြောရင်းနှင့် စိုးမိုးသူက ပန်းအိအိဖြူမျက်နှာကို လှမ်းကြည့်သည်။ စူးစူးနစ်နစ်နှင့် သူ့ရင်မှာ တစ်သက်စာစွဲထင်မှတ်နေစေသည်အထိ မှတ်မှတ်သားသားအာရုံခံစား၍ကြည့်သည်။ နောက်တစ်ကြိမ် ဒီလိုကြည့်ခွင့်ရဖို့ဆိုတာ မဖြစ်နိုင်တော့မှန်း သေချာနေ၍လည်း သူ့အကြည့်ကို တော်တော်နှင့်မခွာ။

ပန်းအိဖြူကလည်း ပထမ သူ့နည်းတူရင်ဆိုင်ကြည့်သည်။ ခဏကြာ မျက်လွှာချသွားသည်မှာ ပြန်မော့မလာတော့။ သူ့ရဲ့ ကြွေကွဲခံစားမျက်ဝန်းများကို ပန်းအိဖြူ မြင်သွားမှာတော့ သေချာသည်။

တစ်ပါးသူ့ရင်ခွင်ကို နိဝင်တော့မည့်အိဖြူကို သူကတော့ ... တမော တမောမျှော်ငေးလို့မဆုံးနိုင်တော့ ...

ပန်းအိဖြူက နေးကွေးစွာမတ်တပ်ရပ်မှသာ ... သူလည်း လေးလံစွာဖြင့် သူမနောက်မှ ဆိုင်အပြင်သို့လျှောက်သည်။

ကားပေါ်တွင် ထိုင်စောင့်နေသည့်ဝင်းကိုက အချိန်ကြာမည်ဟု ထင်မှတ်ထားရာမှ ခဏလေးနှင့်ပြန်လာသဖြင့် အံ့သြသည့်မျက်နှာနှင့် လှမ်းကြည့်နေသည်။

နှစ်ဦးစလုံး၏ မျက်နှာအမူအရာကို မြင်သဖြင့် ...
ဝင်းကိုနှုတ်မှ တစ်ခွန်းမျှမမေး ...

❀✎❀

ထိုင်နေကျလက်ဖက်ရည်ဆိုင်ထဲ လှမ်းဝင်လိုက်သည်။ ဒေါင့်ကျသော စားပွဲတွင် တစ်ယောက်ထဲထိုင်နေသည့် ဝင်းကိုထံ လျှောက်သွားလိုက်သည်။

ခုံလွတ်တစ်ခုဆွဲကာ ထိုင်လျှင်ထိုင်ချင်း ဝင်းကိုက ...

"ဘယ်လိုလဲ ... ပြေသွားပြီလား"

သူ ဘာမှပြန်မဖြေဘဲ ဝင်းကိုကို ဘုကြည့်သာပြန်ကြည့်လိုက်သည်။

"မင်း ... ညက တော်တော်ပွဲကြမ်းလိုက်တယ်ဆို"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ ... မနက်က ငါဖုန်းဆက်တော့ မင်းအမေပြောပြတာ ... မင်း ညကမူးမြီးတော့ အစ်မနဲ့ယောက်ဖကို ရစ်တယ်တဲ့ ... ပြောချင်ရာပြော ... စွပ်စွဲချင်တာစွပ်စွဲပြီး သောင်းကျန်းတယ်တဲ့ ... ပြီးတော့ တီဗွီကို ရိုက်ခွဲပစ်တယ်တဲ့"

"ဟုတ်လား ... အဲဒါကြောင့် ငါ မနက်ကနိုးလာတော့ အမေနဲ့ မမက ငါ့ကိုစကားမပြောကြတာကိုး ... ဒါပေမဲ့ ငါ ... တီဗွီကိုတော့ တွေ့ခဲ့သလိုပဲ"

"အောင်မာ ... အဲဒါ ဒီမနက်စောစော မင်းယောက်ဖက ပြေးဝယ်ပြီး အစားထားတာကွ ... အဲဒီကိစ္စတွေအကုန်လုံး မင်းအဖေမသိအောင် အားလုံး ဝိုင်းဖုံးဖိထားကြတာ"

"ငါ ... ဘာမှ မမှတ်မိတော့ဘူး"

"အဆိုးဆုံးကတော့ ... ပန်းအိအိဖြူလက်ထပ်တော့မှာကို အရှုံးကြီးလို အိပ်ရာထဲကနေ ထထအော်နေတာကို ... သူတို့အကုန်လုံး မကြားချင်မှ အဆုံးတဲ့"

"ဟာ ... သေပြီဆရာလို့ အော်ရတော့မယ်ထင်တယ်"

ထိုအချိန်မှာပင် သူတို့ဝိုင်းအနီးသို့ လူတစ်ယောက်ရောက်လာသည်။ ထင်းကိုက ...

"ဟာ ... ကိုဆန်းထွဋ်ဦး ... လာ ... ထိုင်လေ"

စိုးမိုးက တစ်ဖက်သို့ မျက်နှာလွှဲနေလိုက်သည်။

"စိုးမိုးကို ကိုယ် စကားနည်းနည်းပြောချင်လို့ လိုက်လာတာပါ"

ဆန်းထွဋ်ဦး စကားစလာသဖြင့် စိုးမိုး မျက်နှာပြန်လှည့်လိုက်ရသည်။

"ကိုယ်နဲ့ပန်းအိအိဖြူဟာ ရပ်ဆွေရပ်မျိုး ... ကိုယ့်သူငယ်ချင်းရဲ့ ညီမလေးအဆင့်ထက် ဘာမှမပိုခဲ့ဘူး၊ စိုးမိုးထင်နေသလို ပတ်သက်မှု မရှိခဲ့ပါဘူး၊ စိုးမိုးကို ကိုယ်တားသလိုလို ... မနာလိုသလိုလိုလည်း လုပ်ပြခဲ့ရတာတွေက ကိုယ့်ဆန္ဒတွေမဟုတ်ခဲ့ပါဘူး၊ စိုးမိုးအိမ်ကလူတွေရဲ့ဇာတ်ညွှန်းကို ပါဝင်ကပြပေးမိတာပါ ... ဒီနေ့ထိ စိုးမိုးနဲ့ပတ်သက်တဲ့စကားတွေကို ပန်းအိဖြူနဲ့ မပြောမိသေးပါဘူး၊ မယုံရင် ပန်းအိဖြူကိုမေးကြည့်လို့ရပါတယ်၊ စိုးမိုးကို ချောက်တွန်းတဲ့စကားပြောဖို့ဆို ဝေလာဝေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းအိဖြူ စေ့စပ်တော့မယ်ဆိုတာ စိုးမိုးပြောမှသိတာပါ၊ အဲဒီ လောက်အထိ ပန်းအိဖြူတို့အိမ်နဲ့ ကိုယ်နဲ့ ကင်းကွာနေတာပါ ... ဒါကြောင့် ဒီနေ့တော့ ပန်းအိဖြူတို့အိမ်ကို တမင်ဝင်ဖြစ်ပါတယ်၊ ပန်းအိဖြူနဲ့တော့ မတွေ့ ဘူး၊ သူ့အစ်မ မာယာချိုနဲ့ပဲတွေ့ပြီး စိုးမိုးနဲ့ပန်းအိဖြူတို့အကြောင်း တော်တော် များများပြောဖြစ်ခဲ့တယ်၊ အဲဒီစကားဝိုင်းဆွေးနွေးချက်ရဲ့ အကျိုးဆက်အနေ နဲ့ စိုးမိုးအတွက် ... မာယာချိုက ဒိုင်ယာရီစာအုပ်လေးတစ်အုပ် လက်ဆောင်ပေး လိုက်တယ်၊ ဖတ်ကြည့်ရင် အဖြေရှင်းသွားပါလိမ့်မယ်"

ဆန်းထွင်ဦးက စိုးမိုးထံ စက္ကူအိတ်လေးတစ်အိတ် လှမ်းပေးသည်။

"အဆုံးသတ်အနေနဲ့ ပန်းအိဖြူရဲ့အစ်မအရင်း မာယာချိုရဲ့ပြောစကား ကိုပဲ ပြန်ပြောချင်ပါတယ်၊ စိုးမိုးနဲ့ပန်းအိဖြူတို့ရဲ့ အချစ်ရေးကိစ္စက စိုးမိုးနဲ့ ပန်းအိဖြူတို့ကိုယ်တိုင်ပဲ ခံစားကြရမှာ ... ရင်ဆိုင်ဖြေရှင်းကြရမှာဖြစ်ပါ တယ်၊ မှန်မှန်ကန်ကန်တွေးတော ခံစားဖြေရှင်းနိုင်ပါစေဗျာ ... ကျွန်တော် သွားတော့မယ်"

ဆန်းထွင်ဦးက ထိုင်နေရာမှ ထပြီးလျှင် ...

"ဩော် ... ဒါနဲ့ ... ကိုယ်တို့လည်း နောက်လထဲမှာ အိမ်ခွဲနေဖို့ စီစဉ်ထားပါတယ်"

ပြောပြီး ဆိုင်ထဲမှထွက်သွားသည်။ ဆန်းထွင်ဦးကျောပြင်ကိုကြည့် ကာ ဝင်းကိုက ...

"မင်းယောက်ဖလည်း မင်းကို တော်တော်လန့်သွားတယ်နဲ့တူတယ်"

စိုးမိုးက မပြုံးချင်ပြုံးချင် တစ်ချက်ပြုံးလိုက်ပြီး ... ဆန်းထွင်ဦး ပေးခဲ့သည့် စက္ကူအိတ်ထဲမှ ဒိုင်ယာရီစာအုပ်လေးကို ဆွဲထုတ်နေရင်းမှ ...

"သူပြောခဲ့သလိုပဲပေါ့ကွာ ... သူလည်း သူ့အိမ်ထောင်ရေးကိစ္စ သူကိုယ်တိုင်အဆင်ပြေအောင် စီစဉ်ဖြေရှင်းရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

ဒိုင်ယာရီစာအုပ်လေးကို ဖွင့်ဖတ်လိုက်သည်။ ဝိုင်းစက်ညီညာလှပသည့် စာလုံးလေးတွေက ... ချစ်သောပန်းအိအိဖြူ လက်ရေးလေးတွေတဲ့ ...

ကိုယ့်နှလုံးသားကို ဘယ်လိုမှနားမလည်နိုင်တော့ဘူး။
ဘာကြောင့်လဲ ...
အဲဒီလူကို ဘာကြောင့် အာရုံထဲစွဲမြဲနေရတာလဲ ...
အို ... ထပ်တွေ့ရတော့မယ့်လူမှ မဟုတ်ပါဘဲနဲ့လေ ...

အံ့သြစရာပဲ ...

သူရောက်လာတယ်။ သူ့အကြည့်တွေကို တို့နှလုံးသားက ဘာဖြစ်လို့ လိုလိုလားလား လက်ခံချင်နေရတာလဲ ...

သူနဲ့တွေ့ရင် ... တို့ရဲ့အမူအရာတွေကို ဟန်ဆောင်ထိန်းချုပ်ထားပေမယ့် အသိစိတ်ထဲမှာတော့ သူဟာ ... တို့အတွက် ရင်းနှီးကျွမ်းဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူလို့ ဘာကြောင့်ဖြစ်နေရတာပါလိမ့်။

※✎※

သူ ... ရစ်ဝဲလာတာလား။

တို့နောက်က လိုက်လာတာလား။ အနားရောက်မှပဲ သတိထားမိတော့တယ်။ သူ့ပုံက တစ်ခုခုကိုဖွင့်ဟချင်သလိုပဲ ... ရင်ထဲကခံစားချက်တွေဖြစ်မှာပါ။

အို ... တို့ရင်ထဲမှာ လှိုက်ဖိုနေခဲ့တာ ... သူ ... သိသွားမှာစိုးလို့တယ်။

※✎※

လူကြားထဲမှာတောင် မရှောင်ဘူး။ ပိုင်စိုးပိုင်နင်းနဲ့ ... သူ့ကားနဲ့လိုက်ခဲ့ပါတဲ့။

သေတောင်မစီးဘူးမှတ် ... ပန်းအိအိဖြူ ... တဲ့ ...

အခြေခံလူမှုရေး ကိုယ်ကျင့်တရားတောင် မသိဘူးလား။ ကိုယ့်မှာကားပါတာနဲ့ လမ်းမှာတွေ့တဲ့မိန်းကလေးကို ခေါ်တင်လို့ရမှာလား။

※✎※

စိုးမိုးသူတဲ့ ... မမေးဘဲနဲ့ သူ့နာမည်ကို ဖွင့်ဟကြေညာလိုက်သေးတယ်။ ဒါပေမဲ့ ... သူက နာမည်နဲ့လိုက်အောင် စိုးမိုးနိုင်သူပါပဲ။

သူ့အကြောင်းစုံမသိပေမယ့် အပေအတေမဟုတ်တာတော့ သိသာပါတယ်။ ယောကျ်ားပီသပြီးချောမွေ့တဲ့ သူ့အသွင်က တို့ကိုညှို့ငင်နိုင်ပါတယ်။

※✎※



www.burmeseclassic.com

www.burmeseclassic.com



တို့အပါးမှာ အသနားခံပြီး ... သမင်ယောင်ဆောင်နေတဲ့ကျားတွေကို ပစ်ပစ်ခါခါငြင်းထုတ်နိုင်ပေမယ့် သူနဲ့ကျမှ ဘယ်လိုဖြစ်ရတာလဲ ...

ရင်ခုန်တာဟာ အချစ်လား ...

မငြင်းပယ်နိုင်တာဟာ အချစ်ကြောင့်လား ...

အမြဲတမ်းမဟုတ်တောင် သူတကာထက် သူ့အပေါ် အလေးပေးတွေးနေမိတာမို့ ... ဒါကိုပဲ အချစ်လို့သတ်မှတ်ရရင် ဖြစ်သင့်ပါ့မလား ...

ဘာပဲဖြစ်ဖြစ် ... သူသာသိရင် သိပ်သိပ်ပျော်သွားမှာ ...

❀✎❀

လူကြီးတွေပြောလေ့ရှိကြတဲ့ စကား ... ဘာတဲ့ ... ကံစီမံရာတဲ့။

သူနဲ့တို့ နီးကပ်လာစေဖို့ အမျှော်လင့်ဘဲ ... စီမံလာတဲ့ကံတရားကို ခံစားလိုက်ရတယ်။ အဲဒါကြောင့်ပဲ ...

မေမေနဲ့မမအမြင်မှာ သူဟာ ကျေးဇူးရှင်လေးဖြစ်သွားတာပေါ့။ အဲဒီညက သူ့ရဲ့မျက်လုံးတွေဟာ အရင်ကထက်ရီဝေနေသလိုပဲ ... မေမေ့ကိုတွက်ခေါ်ပြီး နခရိဝက်လောက်အကြာမှာ အပြင်ကိုထွက်လာတော့ သူမရှိတော့ဘူး။

တို့ရင်ထဲမှာ လစ်ဟာသွားသလိုပဲ ...

အဲဒီညက တို့ ကောင်းကင်ကကြယ်တွေကိုပဲ ရေတွက်နေမိတယ်။ သူ့အကြောင်း မတွေးမိအောင်လို့ပေါ့။

❀✎❀

တို့အတွက်တော့ ကားတိုးစီးရတာ ရိုးနေပါပြီ ... ဓာတ်ဆီဖိုးကိုင်းပွားရေးနဲ့တွက်ပြီးမှာ အကုန်ခံချင်တဲ့မမကြောင့် အရေးပါတဲ့ ခရီးစဉ်ကလွဲရင် အိမ်က ကိုယ်ပိုင်ကားကို ယူမသုံးတတ်တော့ဘူး။

နို့မို့ဆို ... ချွေးစိုရှုံ့မဲ့နေတဲ့ မင်းမျက်နှာလေးကိုမြင်ပြီး မခံစားရအောင် ကိုယ့်ကားပြန်ယူပြီးမှ ခေါ်သွားပါတယ်။

❀✎❀



www.burmeseclassic.com

www.burmeseclassic.com



ချွေးတွေပေနေတဲ့လက်ကိုင်ပဝါကို မက်မောနေတဲ့လူကလည်း ရှိသေးတယ်။ တကယ်လိုချင်ရင် ... အသစ်တစ်ထည်ကို ပေးရတယ်ဆို ဟုတ်သေး ... ဒါပေမဲ့ ... ပဝါပေးရင်ဝေးရတတ်တယ်တဲ့ ... ဟယ် ... သူနဲ့တို့က ချစ်သူမဟုတ်ဘာမဟုတ် ... အဲဒီစကားနဲ့ ဘာမှဆိုင်မှာမဟုတ်ပါဘူးနော်။ ခုတော့ ယူပြီးမှပြန်မတောင်းချင်တော့ပါဘူး။

သူနဲ့ပတ်သက်ပြီး ပြန်တောင်းယူလို့မရအောင် ဖြစ်ခဲ့ရတာတွေလည်း ရှိနေတာပဲ ... အဲဒါက ... ကိုယ့်ရဲ့စေတနာတွေရယ်ပေါ့။

❁✎❁

သူရောက်မလာပေမယ့် သူထိုင်ခဲ့တဲ့ကွမ်းယာဆိုင်လေးဟာ ကိုယ့်စိတ်တွေ ဖြန့်ကျက်ရာနေရာလေးတစ်ခု ဖြစ်လာခဲ့ပေါ့။

မတွေ့ရတော့လည်း ရင်ထဲမှာဟာတယ်။

အမှတ်မထင်ရောက်လာတဲ့ တစ်ညကို အောက်မေ့သတိရတယ်။ ဒီ့ထက်တော့ မပိုသင့်ဘူးလို့ ... တို့နှလုံးသားကို အသိတရားကထိန်းကွပ်ပေးနေဆဲပဲ ...

❁✎❁

ရင်ထဲမှာ တင်းတင်းကျပ်ကျပ်ကြီးခံစားနေရတယ်။ အရာရာတိုင်းကိုဒေါသမျက်လုံးရိုင်းနဲ့ ကြည့်မိတယ်။ တို့မျှော်လင့်ချင်တဲ့လူထဲမှာ သူ ဘယ်လိုမှမပါဝင်နိုင်တော့ဘူး။

ဝင်းမာပြောတာ အသေအချာပါ။ ယုယခင်နဲ့ အအေးဆိုင်ကိုလိုက်သွားတုန်းက ကိုယ်တိုင်သိခဲ့ရတာတဲ့ ... သူဟာ ရည်းစားထည်လဲတွဲတဲ့လူရှုပ်ပွေတတ်တဲ့လူတဲ့ ...

သိပ်မုန်းဖို့ကောင်းတယ်။ သူမို့လို့ ... တစ်လမ်းထဲမှာ ရည်းစားနှစ်ယောက် တပြိုင်ထဲထားချင်တယ်။ ဒါ့သက်သက် တို့ကိုစော်ကားတာ ... အလွယ်ရမယ်ထင်နေတာက တို့ကိုအထင်သေးတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် သူ့ကိုမဆက်ဆံချင်တော့ဘူး ... ရင်ထဲမှာနာနေတာ။ သူ့ကြောင့် ...

❀ ❀

ဒီနေ့ သူရောက်မလာပါဘူး။ ဒါပေမဲ့ တို့အတွေးထဲကို စိတ်ပျက်စရာတွေကတော့ ဝင်ရောက်လာတယ်။

ယုယခင် ဆိုင်ရှေ့ကဖြတ်သွားတော့ ကြည့်သွားတာတစ်မျိုးပဲ ... မလိုလားမနှစ်သက်တဲ့ အကြည့်မျိုး ဖြစ်သင့်ပါတယ်လေ။ သူက လက်ရှိပိုင်ဆိုင်နေတဲ့သူ ... အချစ်နဲ့ပတ်သက်ရင် မုဒိတာပွားနိုင်ဖို့ဆိုတာ အခက်သားလား။

တစ်လမ်းတည်းနေပြီး အမြဲတမ်းလိုလိုတွေ့နေရတဲ့ မျက်နှာတွေမို့ စိတ်မပျက်ချင်ဘူး။ ကိုယ်က ရှောင်တာပဲကောင်းပါတယ်လေ ...

❀ ❀

ရှောင်မယ်ဆိုမှ သူ ဆိုင်ကိုရောက်လာသည်။

တို့အသိတရားက တို့နှလုံးသားကို သိပ်ပြီးမရောမိစေဖို့ သတိပေးတယ်။ နှလုံးသားက လူမှုရေးအကြောင်းပြချက်နဲ့ ငြင်းဆိုတယ်။ နောက်ဆုံးတော့ ...

သူနဲ့စကားပြောရင်း တို့အမူအယာတွေက သိပ်ရှင်သွားတယ်နဲ့တူတယ်။ ဒုက္ခပါပဲ ... ဟယ် ...

❀ ❀

သူ့ဘက်က ဖြူစင်ခဲ့တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်နေမယ်ဆိုရင် ...

တို့ဘက်ကလည်း သူ့နဲ့ဆက်နွယ်ရာ သံသယတွေကင်းရှင်းနေမယ်ဆိုရင် ... သူ့ကို တို့လက်ခံအဖြေပေးမိမှာ အမှန်ပဲ ... ခုတော့ ...

တို့လုံးဝမမျှော်လင့်တဲ့ အခြေအနေတွေက တို့ဆီမှာ ပူးဝင်ကပ်ပြီးနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



တို့ဘာမှမပြောချင်တော့ဘူး။ ဘာမှလည်း မစဉ်းစားချင်တော့ဘူး။

ရင်ထဲက အလိုလိုဖြစ်တည်လာတဲ့ မျက်ရည်တွေကို လူမသိသူမသိ အိပ်ရာထဲမှာပဲ တိတ်တဆိတ်ခြွေချပစ်ချင်တယ်။

❀✎❀

ရင်ထဲမှာ … ဘယ်လောက်ခံစားနေရလဲဆိုတာ သူကတော့ … တစ်သက်လုံး သိနိုင်မယ်မထင်ပါဘူးကွယ် …

တို့ရင်ခွင်က မုန်တိုင်းဒဏ်ခံရပြီးကာစ ရင်ပြင်တစ်ခုလို အပျက်အစီး အပေအပွတွေနဲ့ … တစ်စစီကြွေကျကုန်ပြီထင်ပါရဲ့ …

တစ်ညလုံး ငိုမိခဲ့ပြီ။

မမပြောသွားတဲ့စကားတွေ နားထဲမှာကြားနေရတုန်းပဲ … သူလို လူမျိုးနဲ့ပတ်သက်ပြီး အသည်းအသန်ခံစားမနေပါနဲ့တဲ့ … ပြောရက်လိုက်တာ မမရယ် …

ကိုဆန်းထွဋ်နဲ့လက်ထပ်သွားတာ သူ့အစ်မမှန်း တို့ နောက်ကျမှသိခဲ့ရတယ်။ မမနဲ့ကိုမျိုးလည်း ခုမှသိရပြီး အံ့သြလို့ … ခုမှ မမက သူ့ရဲ့အစ်မအပါ အဝင် ကိုမျိုးနဲ့သူတို့သုံးယောက်ရဲ့ဇာတ်လမ်းကို ပြောပြတယ်။ တို့ကိုလည်း သူနဲ့ ဘယ်အခြေအနေအထိရောက်နေပြီလဲတဲ့ … တို့မဖြေနိုင် … မဖြေ ချင်တော့ပါဘူး။

ယုယခင်ကိုယ်တိုင်ပဲ ဖိတ်စာလာပို့သလိုလိုနဲ့ သူ့အကြောင်းတွေ တို့မသိအောင် ပြောသွားတယ်။ သူနဲ့ယုယခင်တို့က ချစ်သူတွေပါလို့ ကြေညာ သွားတယ်။

မျက်နှာများတဲ့သူကို စိတ်ထဲမှာနာချင်တယ်။ ဒါပေမဲ့ …

သူနဲ့ချစ်သူတွေပါလို့ ကာယကံရှင် မိန်းမတစ်ယောက်က တို့ရှေ့မှာ မထ္လှုပ်တိုင်တက်ပြတာကိုတော့ အခံရခက်သလိုလို … ကြေကွဲသလိုလိုခံစား ရတယ်။

မပတ်သက်ချင်တော့ပါဘူး။

သူနဲ့သူ့အသိုင်းအဝိုင်းတစ်ခုလုံးကို မဆက်နွယ်ချင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နေမြဲဘဝအတိုင်းကို ဘယ်လိုမှမရနိုင်တော့ပေမယ့်လည်း ... လွမ်းစရာတွေကို ... နာစရာတွေနဲ့ပဲ ဖြေယူရတော့မှာပေါ့။ ဒါပေမဲ့လည်း ... တမ်းတချင်နေတာကို ဘယ်လိုဖြေရပါ့မလဲကွယ် ...

❀✎❀

သူ့ကြောင့်ဖြစ်တည်လာတဲ့ ရင်ထဲကအနာ အကင်းမသေခင်မှာပဲ အဲဒီအနာဟောင်းကို ဆွသလိုမျိုးကိစ္စတွေ ပေါ်လာပြန်တယ်။ ဒီကိစ္စတွေကြောင့်ပဲ သူ့ကို သတိရချင်စရာ ... ပြီးတော့ ... ပိုနာချင်စရာဖြစ်လာရပြန်တယ်။ ရင်မှာလည်း မခံစားနိုင်လောက်အောင် ဖြစ်ရပြန်တယ်လေ။ အဲဒါက ...

မေမေက အသိပေးလာတဲ့ စကားတစ်ခွန်းကြောင့်ပါ ... တို့ကို အိမ်ထောင်ချထားပေးချင်ပြီတဲ့လေ ... အဲဒီလူက ယောကျ်ားပီပီတည်ကြည်ခန့်ညားပြီး ... အားကိုးထိုက်စရာ အရည်အချင်းတွေနဲ့တဲ့လေ ... ဘွဲ့ရအင်ဂျင်နီယာတစ်ယောက်ပေါ့။ အသားဖြူဖြူ ... ရုပ်ချောချော ... ဖွစ္စည်းလည်း ပြည့်စုံတဲ့သူ။ ပြီး ...

အဲဒီလူရဲ့မိဘတွေကတဆင့် တို့မိဘတွေဆီ ကမ်းလှမ်းလာတာလေ။

ဘယ်လိုမှငြင်းနိုင်စရာမရှိတဲ့ အခြေအနေနဲ့အနေအထားဆိုတော့။

တို့ မေမေ့ကို ဘယ်လိုအဖြေပေးရမှာလဲ ... တို့ ဘာတတ်နိုင်တော့မှာလဲ ... ဘာများတတ်နိုင်တော့မှာလဲကွယ်။

အရာရာကို မကျေနပ်ချင်ဘူးဖြစ်လာတယ်။

ရင်ထဲမှာလည်း နင့်နေအောင်နာတယ်။ သူ့ကို နာရမှာလား။ ဘယ်သူ့ကို နာရမှာလဲ ... နာတာကတော့ နာနေတာပါပဲလေ။

ဦးနှောက်က အမှားလို့သတ်မှတ်ဆုံးဖြတ်ထားတဲ့ အရာတစ်ခုဟာ နှလုံးသားနဲ့ခံစားတွေးတောမှ ဘာဖြစ်လို့ အမှန်တရားဖြစ်သွားရတာလဲကွယ်။

❀✎❀



www.burmeseclassic.com

www.burmeseclassic.com



မတွေ့သင့်တော့ဘူးဆိုမှ မြင်ချင်တယ်။

မကြားသင့်တော့ဘူးဆိုမှ သိချင်တယ်။

မတွေးတော့ပါဘူးဆိုမှ အလိုလိုရင်ထဲကို ရောက်လာတယ်။

တခြားလူတွေမရိပ်စားမိအောင် အခန်းထဲမှာ ကျိတ်ငိုရတာလည်း ညတွေများလှပေါ့။ သူတော့ သိနိုင်မှာမဟုတ်ပါဘူးကွယ် ... အသိလည်း မပေးသင့်တော့ပါဘူး။ အသိလည်း မပေးချင်တော့ပါဘူး။

မမကတော့ ကြိတ်မှိတ်ခံစားနေရတဲ့တို့ဘဝကို နားလည်စာနာမိဟန် တူပါရဲ့ ... မနေ့ကတော့ တစ်ဆစ်ချိုးကွေ့စကားကို ပြောလာတယ်။

ကိုယ့်ကိုယ်ကိုယ် ပင်ပန်းဆင်းရဲလွန်းတဲ့အထိတော့ အတင်းအကျပ် သည်းခံမနေပါနဲ့ ညီမလေးရယ် ... တဲ့ ...

တချို့ကိစ္စတွေမှာ ... အထူးသဖြင့် အချစ်ရေးကိစ္စတွေမှာတော့ နှလုံးသားနဲ့ဆုံးဖြတ်တာက ဦးနှောက်နဲ့ဆုံးဖြတ်တာထက် ပိုမှန်နေတတ်တာ ရှိတတ်ပါတယ် ... တဲ့ ...

တို့ကတော့ ... သူ့ကို တို့ရင်ထဲကထုတ်ပစ်လိုက်ဖို့ မကြိုးစားတော့ ဘဲ ... နှလုံးသားတစ်ဒေါင့်တစ်နေရာမှာ ထာဝရသိမ်းဆည်းထားလိုက်တော့ မယ်လို့ ... ပြီး ...

သူသာ ... တို့ကို ... မုန်းဖို့ ... ကြိုးစားပါတော့လို့ ...

တို့ဝင်ချင်ပေမယ့်လည်း ...

သူ့ရင်မှာ ဆူးတွေနဲ့မို့ ...

❁✎❁

ထိုနေရာတွင် အဆုံးသတ်သွားသည်။ စာအုပ်အဆုံးထိလှန်ကြည့် သော်လည်း နောက်စာမျက်နှာများတွင် ရေးထားတာလုံးဝမရှိတော့ ... ဝင်းကိုက လက်လှမ်းပြီး ...

"ငါဖတ်ကြည့်ရင်ဖြစ်မလား"

"အင်း ... ဖတ်ချင်ဖတ်ကြည့်လေ"

ဝင်းကိုက သူကဲ့သို့ ခံစားဖတ်မနေ ... အမြန်ကျော်သွားဖတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆိုးသွားသောအခါ ... ဝမ်းသာအားရဟန်ဖြင့် ...

"ဟာ ... စိုးမိုး ... ဒါဆို ကောင်မလေးက မင်းအပေါ် ဘယ်လို သဘောထားနေလဲဆိုတာ အသိသာကြီးပဲ ... သူ့ရင်ထဲကခံယူချက်ရယ် တော်ဝန်းကျင်ပယောဂတွေကြောင့်ရယ် ... မင်းကိုခါသွားတာ ... ကြွေနေ တာတော့ အသေအချာပဲ ... မင်းဆက်လှုပ်ရှားကွာ"

"ငါ့ကိုငြင်းခဲ့တာကွ"

"ဘာကြောင့်ငြင်းရတာလဲ သိသာပါတယ်ကွာ ... ဒီမှာ ... မင်း န်းအိဖြူကို စွန့်လွှတ်ရဲလို့လား ... သူများရင်ခွင်ထဲပါသွားမှာကို မင်း ခံနိုင်ရည်ရှိလို့လား ... နောက်ပြီး ... သူ့အစ်မသဘောထားကလည်း ရှင်း နေတာပဲ ... တွေးမနေနဲ့ ... ဘယ်လိုမှစဉ်းစားလို့မရရင် ရှေးဟောင်းနည်း ပေါ့ကွာ ... ကားတင်ပြေးဟော့ကောင်"

"ဟာ ... အဲဒါကြီးက အချစ်ကိုစားပြတိုက်တာကွ"

"အဲဒါက အလိုမတူမှပြောတဲ့စကား ... အခုက ... ကောင်မလေး ကိုယ်တိုင် မင်းဘက်မှာ ... အဲဒါကို ဒီဒိုင်ယာရီစာအုပ်က သက်သေခံနေပြီး သား"

"ငါ ဘာလုပ်ရမှာလဲ"

"အင်း ... မင်းဘာလုပ်ရမှာလဲဆိုတော့"

ဝင်းကိုလည်း မျက်မှောင်ကြုတ်ကာ စဉ်းစားသည်။ ခဏကြာမှ ဆက်ဖျောက်တစ်ချက်တီးကာ ...

"ဒီလိုလုပ်ကွာ ... ခုချိန်မှာ ပန်းအိဖြူကိုကြွေပြနေရုံနဲ့ မရတော့ ဘူး။ နှစ်ဖက်လူကြီးမိဘတွေရဲ့စကားနဲ့ စည်းတားနေကြပြီဆိုတော့ အရာရာ ကိုင့်ပြီး ... မင်းကို သေချာပေါက်ငြင်းတော့မှာ ... ဒီတော့ ... မင်းဘက်က ကြမ်းမှပဲရတော့မယ်၊ ဖွတ်စွန့်စားရတော့မှာပဲ ... ငါ ခုနကပြောသလိုပဲ ဆကယ်ကားတင်ပြေးကွာ"

"ကဲ ... ဟုတ်ပြီ ... ကားတင်ပြီး ဘယ်ကိုပြေးရမှာလဲ"

"ဝေးဝေးစဉ်းစားမနေနဲ့ ... မော်ဘီမှာ ထွေဋ္ဌရှိတယ်လေ၊ အဲဒီ ကောင်ခြံထဲပဲ သွားပေတော့"

"ဖြစ်ပါ့မလား ... ယွန်းမေဇင်နဲ့ထွေဋ္ဌက ငါ့ကို သိပ်ကြည်လင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ငါ့အိမ်ကလည်း ငွေထွင့်ဆီသွားမှာပဲလို့ တွက်နိုင်တာပဲ''

''ငယ်သူငယ်ချင်းတွေပဲကွာ ... ရှော့ခ်မရှိနိုင်ပါဘူး၊ ငါလည်းလိုက်ခဲ့ပေးမှာပဲ ... ပြဿနာတက်လည်း ကိစ္စမရှိဘူး၊ ငါတို့ဝိုင်းရှင်းမယ်''

စိုးမိုးက သူ့အိမ်ဘက်ကိုစဉ်းစားကြည့်သည်။

''မဖြစ်သေးပါဘူးကွာ ... ငါ့အစ်မ ခါးခါးသီးသီးနဲ့ကို ပြဿနာရှာမှာ ... ပြီးရင် ငါ့အဖေကိုချွန်တွန်းလုပ်ဦးမှာ''

''အဲဒီတော့လည်း မင်းအမေရှိတာပဲကွ ... မင်းအမေ မင်းရှေ့က မားမားမတ်မတ်ရပ်လိုက်ရင် ကျန်တဲ့လူတွေအားလုံး အငြိမ်ဖယားဖြစ်သွားမှာ တကယ်ဖြစ်ခဲ့ရင် မင်းအမေက မင်းဘက်မှာရပ်မှာအသေအချာပဲ''

ပန်းအိဖြူတို့ဘက်ကို စဉ်းစားပြန်တော့လည်း ... ပန်းအိဖြူကိုယ်တိုင်က သူ့ကိုအကြောက်အကန်ငြင်းမှာ သေချာသည်။ ဒါပေမဲ့လည်း ...

ထိုသို့တွေးပြီးလျှော့လိုက်လျှင် သူမနှင့် တစ်ဘဝစာဝေးရတော့မည်။ ခေါ်သွားပြီးမှသာ သူမနားဝင်အောင် ... ကြည်ဖြူခွင့်လွှတ်လာအောင် အသည်းအသန် ချော့မော့စည်းရုံးရတော့မည်။

''ဟုတ်ပြီလေ ... ချမယ်ကွာ ... ဒါဆို ဘယ်လိုအစီအစဉ်ဆွဲကြမလဲ''

ဝင်းကိုက သူလျှပ်တပြက်စိတ်ကူးရသည့် အစီအစဉ်ကို အသေးစိတ်ပြောပြသည်။

ပြေးလမ်းဆိုတာ ဖောက်မှရတာ ... သူ့အလိုလိုပေါက်လာတာမဟုတ်။ ထို့ကြောင့် ... သူရင်ခွင်ဆီ အရောက်လှမ်းဖို့ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

ထုံးစံအတိုင်း ... ပန်းအိအိဖြူတို့ စတိုးဆိုင်ရှေ့တည့်တည့်တွင် စိုးမိုး ကားကို ညင်သာစွာရပ်လိုက်သည်။

ထုံးစံအတိုင်း သူ တံခါးဖွင့်ဆင်းစဉ် ... ဆိုင်ထဲမှ ပန်းအိဖြူက လှမ်းကြည့်နေသည်။

ထုံးစံအတိုင်း သူမရှိရာကောင်တာသို့ လျှောက်ဝင်သွားကာ သူမကို အပြင်သို့လိုက်ခဲ့ရန်ခေါ်သည်။

ထိုအခါတွင်တော့ ... ထုံးစံအတိုင်းအဖြစ်တော့။ သူမက မသိမသာ ငြင်းသည်။

"ဘာစကားပြောဦးမှာမို့လဲ ကိုစိုးမိုးရယ် ... အိမ်ထဲမှာပြောပါလား၊ အိမ်မှာ ဘယ်သူမှမရှိဘူး"

"ဟင့်အင်း ... ထိုင်နေကျအအေးဆိုင်မှာပဲ ... လွတ်လွတ်လပ်လပ် ပြောချင်တယ် ... လိုက်ခဲ့ပေးပါအိဖြူရယ်"

ပန်းအိဖြူ တစ်ချက်ငြိမ်သွားသည်။ စိုးမိုးမျက်နှာကိုလည်း အကဲခတ် ဟန်နှင့် စိုက်ကြည့်လိုက်သေးသည်။ ကြည့်နေရင်းနှင့် သူမမျက်နှာလေးနွမ်းလျ သွားသည်။

"ကိုစိုးမိုးကို ကျွန်မ ... နောက်ဆုံးစကား ပြောပြီးပြီလို့ထင်ပါတယ် ကျွန်မတို့ ရှေ့ဆက်လျှောက်ရမယ့်လမ်းကို ရွေးချယ်ပြီးကြပြီလေ၊ လမ်းခွဲကြောင်း ချင်းမှ မတူတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိဖြူရယ် ... အဲလိုမျိုးစိမ်းစိမ်းကားကားစကားတွေ မပြောပါနဲ့လား ... ကျွန်တော် ဒီလိုမျိုး တစ်ဆင့်တက်ဖို့မကြိုးစားခင်မှာ ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းဘဝထက်မက ရခဲ့ဖူးပါတယ်"

စိုးမိုးရဲ့မျက်ဝန်းရီဝေဝေကို တစ်ချက်ကြည့်ပြီးမှ အိဖြူက ...

"ဘယ်လိုစကားမျိုးကို မပြောသင့်တော့ဘူးဆိုတာတော့ ကိုစိုးမိုး သဘောပေါက်ပြီးဖြစ်မှာပါ"

"ရည်းစားစကားမဟုတ်ဘူးဆိုတာကို အာမခံပါတယ်"

"အရင်က ခင်မင်ခဲ့တဲ့မျက်နှာကိုထောက်လို့ နောက်ဆုံးတစ်ကြိမ် အနေနဲ့ လိုက်ခဲ့ပေးပါ့မယ်"

စိုးမိုးက တီးတိုးရေရွတ်လိုက်သည်။

"နောက်ဆုံးတစ်ကြိမ်ဆိုရင်လည်း လုံလောက်ပါပြီလေ"

ပန်းအိဖြူ ကားပေါ်ရောက်သည်နှင့် လေးညို့မှလွှတ်သောမြှားကဲ့သို့ တရှိန်ထိုးမောင်းထွက်လိုက်သည်။

အတွယ်အနှောင်တို့မှ လွတ်ကင်းရပါလိုကြောင်း ...

❀✎❀

"ထိုင်နေကျအအေးဆိုင်ကို ကျော်လာပြီလေ"

"ဆိုင်ထဲမှာ လူနည်းနည်းရှုပ်နေတယ်၊ အေးချမ်းတဲ့နေရာကို သွားရအောင်"

"အိမ်မှာ လူမရှိဘူးလို့ပြောထားတယ်လေ၊ သိပ်အဝေးကြီးကို သွားလို့မရဘူးနော်"

"သိပ်မဝေးစေရပါဘူး အိဖြူရယ်"

ပန်းအိဖြူက သက်ပြင်းမသိမသာချပြီး စိုးမိုးမျက်နှာကို အကဲခတ်သည်။ ပန်ဝန်းကျင်ကိုလည်း လေ့လာသည်။ သူတို့ကားလေးက လမ်းမကြီး တစ်ခုပေါ်သို့ ရောက်လာသည်။ မြို့ပြင်ထွက်သည့်လမ်းကြောမို့ ယာဉ်ကြော မရှုပ်ထွေးလှသေး ... ကားကလည်း အင်ဂျင်ပါဝါကောင်းသည်မို့ လမ်းမ ထက်တွင် တရိပ်ရိပ်ပြေးသည်။ ခဏအကြာတွင်ပင် မြို့ပြင်ဘက်သို့ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သူမရိပ်စားမိသွားသည်။ ထို့ကြောင့် ...

သူမမျက်နှာပေါ်တွင် သံသယနှင့်အတူ စိုးရိမ်ကြောင့်ကြမှုများ ထင်ဟပ်လာသည်။

"ကိုစိုးမိုး ... အခု ဘယ်ကိုသွားနေတာလဲ"

စိုးမိုးက ဘာမှပြန်မပြော ... ကားကိုသာ ဂရုတစိုက်မောင်းနှင်နေသည်။ ထို့ကြောင့် ပန်းအိဖြူ၏စိုးရိမ်မှုရေချိန် ပို၍ ... ပို၍မြင့်တက်လာပြီး။

"အခု ... ဒါ ... ဘာလုပ်နေတာလဲ ကိုစိုးမိုး"

"အိဖြူကို ... ကျွန်တော် ... ကားတင်ပြေးလာတာပါ"

"ဘာ ... ဘယ်လို"

သူမ မျက်နှာအမူအရာ လုံးဝပြောင်းသွားသလို ... တစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"ရှင် ... ကျွန်မကို အဲဒီလိုအနိုင်ကျင့်ဖို့မစဉ်းစားနဲ့နော်၊ အခု ကားကိုပြန်လှည့်လိုက်ပါ"

"ကိုယ့်ကိုခွင့်လွှတ်ပါ အိဖြူ ... သွားရမယ့်နေရာကို ရောက်အောင် သွားဖို့ပဲ ဆုံးဖြတ်ထားပါတယ်"

"မရဘူးနော် ... ရှင် အဲဒီလိုလုပ်လို့မရဘူး၊ ရှင် ကားကိုပြန်မလှည့်ရင် ... ကျွန်မ ကားပေါ်ကခုန်ချလိုက်မှာ"

"အခုခုန်ချရင် သေရမှာအတိအကျပဲ ... မင်းတစ်ယောက်ထဲတော့ သွားခွင့်မပေးနိုင်ဘူး၊ ဒီကားကို အရှိန်ထပ်တင်ပြီး သစ်ပင်တစ်ပင်ကို ဦးတည်လိုက်ရင် ... နှစ်ယောက်လုံးအတွက် ပွဲသိမ်းပြီလေ၊ ဘယ်လိုလဲ ... အဲဒီလမ်းကိုပဲ ရွေးလိုက်ရမလား"

ပြောပြီး ... စိုးမိုးက ကားကို အရှိန်နည်းနည်းထပ်တင်လိုက်သည်။ ပန်းအိဖြူ မျက်လုံးအစုံဝိုင်းသွားတော့သည်။ ပြီး ... မျက်လုံးကို စုံမှိတ်လိုက်ကာ ...

"ရှင့်ကို ခင်မင်ရင်းစွဲရှိလို့ အခွင့်အရေးပေးတာ ... ရှင်က ကျွန်မရဲ့ စေတနာစိတ်ထားကို စော်ကားလိုက်တာပဲ"

"အိဖြူကမှ ကိုယ့်ရဲ့မေတ္တာစိတ်ထားအမှန်အကန်ကို စော်ကားခဲ့တာပါ၊ ကိုယ် အိဖြူကို သိပ် ... သိပ်ချစ်တယ်၊ လက်လွှတ်ဆုံးရှုံးရမှာကို အချမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်၊ တစ်ပါးသူရင်ခွင်ထဲရောက်သွားမယ့် အိဖြူကိုတွေးမိရင် ကိုယ့်ရင်မှာ ဘယ်လိုမှမခံစားနိုင်တော့ဘူး၊ အဲဒါအတွက် အိဖြူ ကိုယ့်ကို ဘယ်လိုပဲအပြစ်ပေးပေး ကိုယ်ခံပါ့မယ်''

"ရှင် ... ဒီလိုအတင်းအကျပ်လုပ်တော့ရော ... ကျွန်မအချစ်ကိုရမယ်ထင်လို့လား၊ လွန်ရောကျွံရော ရှင်ရရင် ကျွန်မခန္ဓာကိုယ်ပေါ့''

"အိဖြူ ကိုယ့်အပေါ်မြင်တဲ့အမြင်နဲ့ သဘောထားက တော်တော်နိမ့်ပါးနေသေးတာပဲ ... ဒီမှာအိဖြူ ... မင်းရဲ့ခန္ဓာကိုယ်ပဲဖြစ်ဖြစ် ... စိတ်ကိုပဲဖြစ်ဖြစ် အနိုင်ကျင့်ပြီးစားပြတ်ကိုက်သလို ဘယ်တော့မှမယူဘူး''

"အဲဒါဆို ရှင်ဘာလို့ ကျွန်မကိုဖွတ်အတင်းခေါ်လာသေးလဲ''

"အဲဒါက တစ်စုံတစ်ခုကိုအတည်ပြုစရာရှိလို့ ... အဲဒီအတည်ပြုချက်ရမှ ဆုံးဖြတ်နိုင်မလို့''

"ဒါဆို အခုပဲဆုံးဖြတ်ပေးမယ်၊ ကားရပ်လိုက်တော့''

"နိုးပါ ... နေရာအတည်တကျရောက်မှ အဲဒီအစီအစဉ်က စလို့ရနိုင်မယ်''

"ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲ''

"ဒေါသမကြီးပါနဲ့ ... ကိုယ်ပါ စိတ်လှုပ်ရှားလာရင် နှစ်လောင်းပြိုင်ဖြစ်သွားနိုင်ပါတယ်၊ အခုနေဆုံးဖြတ်ရင် ဘယ်လိုမှမမှန်နိုင်ပါဘူး၊ ဟိုရောက်မှဆုံးဖြတ်ရင် တခြားအထောက်အကူ အကြောင်းအရာတွေပါ ထည့်သွင်းစဉ်းစားရမှာမို့ ဆုံးဖြတ်ချက်အမှန်ကို ရနိုင်ပါတယ်''

ပန်းအိဖြူတစ်ယောက် စိတ်လျှော့လိုက်ဟန်နှင့် သက်ပြင်းတိုးတိုးချပြီး ငြိမ်သက်သွားတော့သည်။

"ဒီအချိန်လောက်ဆိုရင် မေမေတော့ စိတ်ပူပြီးရှာနေလောက်ပြီ''

"စိတ်မပူပါနဲ့ ... မကြာခင် အမှန်အတိုင်းသိသွားပါလိမ့်မယ်၊ ကိုယ့်သူငယ်ချင်းဝင်းကို အစီအစဉ်လုပ်နေပါတယ်''

"ဘာပဲဖြစ်ဖြစ် ... ကျွန်မကတော့ မေမေပြောတဲ့စေ့စပ်ပွဲကိုလက်ခံထားပြီးပြီ''

"စေ့စပ်ပွဲ ... လာပြန်ပြီ ဒီစေ့စပ်ပွဲ ... အဲဒီစေ့စပ်ပွဲဆိုတာကြီးကိုနားခါးတယ်ကွာ ... မကြားချင်ဘူး၊ ခုချိန်ကစပြီး အဲဒီစေ့စပ်ပွဲဆိုတာကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲက ခဏထုတ်ထားလိုက်စမ်းပါ"

"အဲဒါ မေမေစီစဉ်တဲ့ကိစ္စရှင့် ... မေမေနဲ့မမက ကျေးဇူးရှင်လို့ မှတ်ယူထားတဲ့ရှင်က ဒီလိုအလုပ်မျိုးကိုလုပ်တာသိရင် သူတို့ ဘယ်လိုပြောမလဲ သိချင်ယိုက်တာ"

"စိတ်မပူပါနဲ့ ... အတည်ပြုစရာလေးတွေပြီးရင် မင်းကိုယ်တိုင် အဲဒီအဖြေကို တွေးမိလာမှာပါ၊ ကိုယ်က မင်းအတွက်ပါ ကျေးဇူးရှင်ဖြစ်ချင် ဖြစ်လာဦးမှာပါ၊ သေချာတာကတော့ ... လောကမှာ တစ်ခါကျေးဇူးပြုဖူးရင် တစ်သက်တာကျေးဇူးရှင်ပဲလို့ မှတ်လိုက်တော့"

ပန်းအိဖြူက မဲ့ပြုံးပြုံးကာ ငြိမ်သွားသည်။ ခဏကြာမှ ...

"ဘာပဲဖြစ်ဖြစ် ... ရှင်လုပ်တဲ့ ဒီနေ့လုပ်ရပ်ရဲ့အကျိုးဆက်ကိုတော့ ရှင် ကောင်းကောင်းခံစားရမှာပါ"

"မှန်တာပေါ့ ... ကိုယ်စိုက်တာ အမှန်းပင်ဆိုရင် အသီးသီးလာတဲ့ အခါ ကိုယ်အမှန်းသီးပဲစားသုံးရမှာပေါ့၊ အဲ ... အချစ်ပင်ပေါက်လာရင် တော့ ... ချိုမြိန်မှုအပေါင်းကိုရရှိမှာ ဘယ်သူဖြစ်မလဲ"

စိုးမိုးက ... ပြောပြီးခပ်ပြုံးပြုံးနှင့် ပန်းအိဖြူကိုလှည့်ကြည့်သည်။ ပန်းအိဖြူကတော့ ဒုတိယအကြိမ်မြောက် မဲ့ပြုံးနှင့်သာတုံ့ပြန်သည်။

အလိုက်သင့်ရာ စကားလမ်းကြောင်းပြောင်းပေးခြင်းဖြင့် ... သူမ လှုပ်လှုပ်ရှားရှားမလုပ်တော့ဘဲ ငြိမ်သက်သွားသဖြင့် တော်တော့သည်။

ကားလေးကတော့ ဦးတည်ရာသို့ တရိပ်ရိပ်ပြေးလွှားဆဲ ...

❀✎❀

"ဒီမှာ ... ရှင်အတည်ပြုစရာရှိတယ်ဆိုရင်လည်း ပြောလေ ... ကျွန်မ အတည်ပြုပေးပြီးရင်ပြီးပြီပေါ့၊ ဘာကိစ္စ တံခါးကိုသော့ခတ်ရတာလဲ"

"ခုနက တစ်နာရီမိုင်ရှစ်ဆယ်နှုန်းလောက်နဲ့ မောင်းနေတဲ့ကားပေါ်က တောင် ခုန်ချဖို့ကြိုးစည်သေးတယ်လေ၊ အဲဒီလိုလူမျိုးကို ထွက်မပြေးဘူးလို့ ဘယ်သူကယုံရဲမှာလဲ"

မင်းထွဋ်၏ စိုက်ပျိုးရေးခြံကျယ်ကြီးထဲရှိ အိမ်လေးထဲရောက်ရော



www.burmeseclassic.com

www.burmeseclassic.com



ချင်း ပန်းအိဖြူက ကွိုင်ရှာနေခြင်းဖြစ်သည်။ မျက်နှာက အလိုမကျသုန်မှုန်လျှက် ...

"ကဲ ... ပြောပါဦး ... ရှင့်ရဲ့ မဟာအတည်ပြုစရာကိစ္စကြီးဆိုတာ"

"ကားပေါ်မှာ ကိုယ်ပြောခဲ့သလိုပါပဲ ... အိဖြူကို တစ်ပါးသူရင်ခွင်ထဲရောက်သွားမှာ ကိုယ်လုံးဝလက်မခံနိုင်ဘူးဖြစ်နေတယ်၊ ကိုယ်တို့တစ်ယောက်နဲ့တစ်ယောက် ချစ်မနေကြဘူးဆိုရင် ခံသာပါတယ်၊ ချစ်နေလျှက်နဲ့ဝေးရမယ့်ဘဝမျိုးကိုတော့ ကိုယ်လုံးဝမခံစားနိုင်ဘူး အိဖြူ ... အထူးသဖြင့် အိဖြူနဲ့ပတ်သက်ရင် အရာရာကို ကိုယ်ရင်ဆိုင်ရဲတယ်ဆိုတာ အိဖြူသိစေချင်ပါတယ်"

"အဲဒါသိတော့ ဘာလုပ်ရမှာလဲ ... ကျွန်မမှ ရှင့်ကိုမချစ်တာ"

"အဲဒီလိုစကားကို အပြတ်ပိတ်မပြောပါနဲ့ အိဖြူရယ် ... အိဖြူမမကို ဆေးရုံပို့ပေးပြီးတဲ့နောက်ပိုင်း ကိုယ်တို့နှစ်ယောက် ရင်ခုန်သံချင်းရင်းနှီးခဲ့ကြတာ ... ကိုယ်တို့နှစ်ယောက်လုံး သိပြီးသားပဲ ... နောက်ပိုင်းကျမှ ဘယ်လိုဘေးပယောဂတစ်ခုခု ဝင်နှောက်ယှက်လို့ပျက်ရသလဲ ကိုယ်စဉ်းစားမရတာ"

"ဘယ်ပယောဂမှ လွှဲချမနေနဲ့ ... ကိုယ့်အကြောင်းကိုယ်သိပေါ့၊ ဘယ်သူမပြုမိမိမှုတဲ့ ကြားဖူးတယ်မဟုတ်လား"

"ကိုယ်တို့ကြားမှာ ချွန်တွန်းတွေ ဘယ်လောက်များမယ်ဆိုတာ ကိုယ်တွေးမိပြီးသားပါ၊ ပြောပါ ... အိဖြူ မကျေလည်တဲ့ကိစ္စမှန်သမျှ ... ကျေနပ်သဘောပေါက်သည်အထိ ကိုယ်ရှင်းပြမယ်"

"ဟာ ... မသိဘူးကွာ ... ကျေလည်တွေရော၊ ကျေနပ်တွေရော ရှုပ်ယှက်ခတ်နေတာပဲ ... ကျွန်မကတော့ ပြန်ချင်တာပဲသိတယ်၊ အိမ်ကိုသာပြန်ပို့ပေးပါ"

"အိဖြူရယ် ... ကိုယ်ပြောခဲ့တာလည်း အပ်ကြောင်းထပ်နေပြီ၊ ကိုယ်နဲ့ အိဖြူကအဝေးခံနိုင်ပေမယ့် ... ကိုယ်ကတော့ အိဖြူကို လုံးဝအဝေးမခံနိုင်ဘူး၊ အိဖြူလည်း ကိုယ့်ကိုချစ်နေလျှက်သားနဲ့ကွာ"

"ဘာ ... ဘယ်သူပြောလဲ ချစ်နေတယ်လို့"

"အသေအချာသိထားတာလေးတွေ ရှိနေလို့ပေါ့"

"ဘာတွေရှိနေလို့လဲ ... ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အိဖြူရဲ့မျက်ဝန်းတွေကတဆင့် သိရလို့ပါ"

"အပိုတွေပြောမနေနဲ့ ရှင့်ဖာသာလိုရာဆွဲတွေးပြီး သဘောပေါက်နေတာ"

ထိတ်ထိတ်ပျာပျာဖြစ်သွားရာမှ ပန်းအိဖြူ အနည်းငယ်ပြန်တည်ငြိမ်သွားသည်။

"ထားပါ ... အဲဒါဆို အိဖြူ ကိုယ့်ကိုလုံးဝမချစ်ဘူးလို့ပဲထားပါတော့ ... ဒါဆို ဘာကြောင့်ကိုယ့်ကိုငြင်းရတာလဲ"

"ရှင်းနေတာပဲရှင် ... ငြင်းတာမချစ်လို့ပေါ့"

"ဒုက္ခပါပဲ အိဖြူရယ် ... ဒီစကားနဲ့ပဲ ပတ်လည်ရိုက်နေပြီ၊ နှလုံးသားကပေးလာတဲ့အဖြေစကားက ဘာကြောင့်နှုတ်ဖျားရောက်မှ ဆန့်ကျင်ဘက်ဖြစ်သွားရတာလဲ"

စိတ်အိုက်နေပုံရသော စိုးမိုးကိုကြည့်ကာ ပန်းအိဖြူက ညစ်ကျယ်ကျယ်လေးပြုံးနေသည်။ စိုးမိုးလည်း ဘာဆက်ပြောရမှန်းမသိဖြစ်နေပြီ။

ထိုအခိုက် ... သူ့ဟန်းဖုန်းမှ အသံမြည်လာသည်။ Unseen နံပါတ်မို့။

"ဟဲလို ... "

"xxx "

"ဟုတ်ကဲ့ အစ်မ"

"xxx xxx "

"ဟုတ်ပါတယ် အစ်မ"

"xxx xxx "

"အဲဒါတော့ အခုပြောလို့မဖြစ်သေးပါဘူး အစ်မ"

"xxx xxx xxx xxx "

"အဆင်မပြေသေးဘူး အစ်မ"

"xxx xxx xxx xxx "

"ဟုတ်ကဲ့အစ်မ ... ဟုတ်"

ပန်းအိဖြူက စိတ်ဝင်တစားလိုက်နားထောင်နေသည်။ သူ့အစ်မဆိုလျှင် မမဟုပြောလိမ့်မည်။ သူ့မအစ်မများ ဖုန်းဆက်သလားဟု ကြံဖန်တွေး



www.burmeseclassic.com

www.burmeseclassic.com



တောကာ သူ့မျက်နှာလုမ်းကြည့်တော့ ...ဘာမှအရေးမကြီးသည့်ဟန်နှင့် ခပ်တည်တည်ပင်။ ဟုတ်နိုင်သည်။ မမတွင် သူ့ဖုန်းနံပါတ်မရှိ ...ဆက်ချင်းဆက် မိမိကိုသာဆက်ရမည်လေ။ သံသယဖြစ်စရာမှာ ဖုန်းဆက်ပြီးမှ စိုးမိုးကြည့်ရသည်မှာ အတန်အသင့်စိတ်သက်သာရာရသွားသကဲ့သို့ မြင်ရသည်။ ကြည့်လေ ...

"ဟား ...ဝင်းကိုဆိုတဲ့ကောင်လည်း မရောက်လာသေးဘူးကွာ။ ဗိုက်ဆာသလိုလိုတောင် ဖြစ်လာပြီ"

"အောင်မာ ...သူများတကာသားသမီးကို ...အိမ်ပြန်ပို့ဖို့တော့ မစဉ်းစားဘဲနဲ့ ...ဗိုက်ဆာတဲ့ကိစ္စကို အရေးလုပ်ပြောနေတယ်"

"ဒီမှာအိဖြူ ...အတည်ပြုတဲ့ကိစ္စလေးတစ်ခုတောင် ခုထိလိုရင်းမရောက်နိုင်တာ ကျန်တဲ့အပိုင်းတွေ ဘာမှဆက်မစဉ်းစားနိုင်တော့ဘူး။ သေချာတာကတော့ အိဖြူ ...ဒီတစ်ညတော့ ဒီအိမ်မှာနေရတော့မှာဆိုတာပဲ"

"ရှင့်အတွက်လည်း သေချာတာကတော့ လက်ထိတ်နဲ့အချုပ်ခန်းကို တန်းနေမယ်ဆိုတာပဲ ...ကျွန်မ မမနဲ့မေမေက နေမှာမဟုတ်ဘူး။ ခုလောက်ဆိုရဲစခန်းမှာ အမှုဖွင့်ပြီးလောက်ပြီ"

"အင်းလေ ...ဟုတ်မှာပေါ့ ...ဒါနဲ့ အခုလေးတင်ဖုန်းဆက်တာ ဘယ်သူလို့ထင်လဲ"

ပန်းအိဖြူက လက်ပိုက်ရပ်နေရာမှ နှုတ်ဖြင့်မဖြေ ...'ပြော' ဆိုသည့်သဘောနှင့် မေးဆတ်ပြသည်။

"အဲဒါ ...အိဖြူ့မမ"

"ဟင် ..."

ပန်းအိဖြူ၏အမူအရာများ ချက်ချင်းပြောင်းသွားသည်။ ဖုန်းပြောစဉ်က အေးဆေးသည့်သူ့အမူအရာကြောင့်လည်း သူမအဖို့ စဉ်းစားမရသည့်အချက်ကို များလာစေသည်။ သူ့မမျက်နှာ အနည်းငယ်တော့ပျော့ပျောင်းသွားသည်။ ထိုအခွင့်ကောင်းကို စိုးမိုးက အမိအရအသုံးချပြန်သည်။

"ကိုယ် ... မင်းကို သိပ် ... သိပ်ချစ်ပါတယ် အိဖြူရယ်"

ပန်းအိဖြူက ခနဲ့ပြုံးပြုံးလိုက်သည်။

"ရှင့်မှာ မိန်းမမရှားပါဘူး။ ပြီးတော့ ရှင့်လိုရည်းစားပေါ့ညီလဲတွဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးကို လက်ခံတဲ့မိန်းမတွေထဲမှာ ကျွန်မမပါဘူး''

ပြောရင်း ခံပြင်းဒေါသထွက်လာဟန်တူသည့် ပန်းအိဖြူနှုတ်ခမ်းများ တဆတ်ဆတ်တုန်ခါလာသည်။

''ဟုတ်ပါတယ် ... ကိုယ် မိန်းမပေါင်းများစွာကိုတွဲခဲ့ပါတယ်၊ ကိုယ် သူတို့အပေါ် လုံးဝမလွန်ကျူးခဲ့ပါဘူး၊ စည်းစောင့်ခဲ့ပါတယ် ... အဲဒီအကြောင်း ကိုယ်နဲ့တွဲခဲ့တဲ့မိန်းကလေးတိုင်းကို မေးကြည့်နိုင်ပါတယ်''

''မေးစရာလားရှင် ... အဲဒါ ရှင့်သမိုင်းပဲ ... ကျွန်မနဲ့ဘာဆိုင်လို့လဲ''

''ဒါဆို ... ဘာကြောင့် ကိုယ်တွဲခဲ့ရလဲဆိုတာတော့ မင်းနားလည်အောင် ရှင်းပြချင်တယ်''

''အဲဒါလည်း နားမထောင်ချင်ဘူး''

''နားမထောင်လို့မရဘူး အိဖြူ ... မင်းစွဲချက်တင်လို့ ကိုယ်ရှင်းပြမှာ ... အဲဒီလိုစွဲချက်တင်စေဖို့ ... ပြီးတော့ ... ခုလိုရှင်းပြချင်လို့ ဒီထိတောင်ရောက်လာခဲ့ရတာ''

''အမှုပေါ်အောင်ပြောမနေပါနဲ့ ... မိန်းကလေးတစ်ယောက်ကို ကားတင်ပြေးတာဟာ ပြေးတာပဲပေါ့''

''အလိုတူကြည်ဖြူလို့ ခေါ်ခဲ့တာပါ၊ အိဖြူဆိုင်က ကလေးမကိုမေးကြည့်လို့ရပါတယ်''

''အဲဒါဆို ဖုန်းဆက်မေးကြည့်မယ်လေ၊ ကျွန်မဖုန်းကိုပြန်ပေး''

''အဲဒီကိစ္စကို ခေတ္တခဏသည်းခံပါ၊ အန္တရာယ်များတဲ့ အပြောအဆိုတွေ ထွက်ပေါ်လာမှာစိုးလို့ ... ခေတ္တသိမ်းဆည်းထားပေးတာပါ''

''သိပ်အနိုင်ကျင့်ချင်တဲ့လူ ... လူကိုလည်း အတင်းခေါ်လာတယ်၊ ဖုန်းကိုလည်း အတင်းသိမ်းထားတယ်''

''မေတ္တာရှေ့ထားရင် အဲဒီလိုမျိုးဒေါသအတွေးတွေ ပွားဖို့မရှိတော့ပါဘူး''

''ဘာမေတ္တာလဲ ... ရှင့်လိုလူမျိုးကို မေတ္တာမထားနိုင်ပါဘူးဆို''

''အိုကေ ... အခုမှပဲ ပြောချင်တဲ့စကားကို ပြန်ရောက်ရတော့တယ်၊ ကိုယ် မိန်းကလေးများစွာတွဲခဲ့ရတာက ကိုယ် သိပ်တမ်းတမက်မောတဲ့အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာဖွေချင်လွန်းလို့ပါ၊ သေချာတာက ကိုယ် ခုချိန်ထိမတွေ့ရသေးဘူးဆိုတာပဲ ကိုယ်လိုချင်တဲ့အချစ်စစ်ကို ပေးစွမ်းနိုင်မယ့်မိန်းကလေးကို တွေ့ရပြန်တော့လည်း သူ့အချစ်ကိုဝန်မခံချင်ဘဲ ကိုယ့်ကိုပဲတွန်းထုတ်နေပြန်တယ်၊ အဲဒီမိန်းကလေးက ဘယ်သူလဲသိလား ... အဲဒါ ပန်းအိဖြူဆိုတဲ့ ကိုယ့်ရှေ့ကမိန်းကလေးပဲ"

ပန်းအိဖြူက ဂျစ်ကပ်ကပ်ပုံစံနှင့် မျက်ခွံလှန်ကာ စိုးမိုးကိုပြန်ကြည့်နေသည်။

"ကိုယ်နဲ့ ဆုံခဲ့တဲ့မိန်းကလေးတွေထဲမှာ ကိုယ့်ရင်ကိုထူးထူးခြားခြား လှုပ်ခတ်နိုင်တာ အိဖြူတစ်ယောက်ပဲရှိတယ်၊ ကိုယ်ရှာနေတဲ့အရာက အိဖြူဆီမှာပဲဆိုတာ ကိုယ့်ရင်ထဲထိ ခံစားသိနဲ့သိတယ်၊ ဒါကြောင့် အိဖြူကိုလက်လွှတ်ဆုံးရှုံးရမှာ ကိုယ်သေမလောက်ကြောက်ပါတယ်၊ အိဖြူကိုရဖို့ဆိုရင် ဘယ်လိုအန္တရာယ်တောကိုမဆို ကိုယ်တိုးဝင်တော့မှာ"

ပန်းအိဖြူက စိုးမိုးကို တွေတွေငေးငေးလေးစိုက်ကြည့်နေပြီးမှ ...

"ခက်တာက ... ရှင့်ဘက်ကခံစားချက်မျိုး ကျွန်မမှာရှိမနေတာပဲ"

ပြောရတာလည်း ရှည်ရှည်ဝေးဝေးနှင့်မောလှပြီ။ နောက်ဆုံးလက်နက်ကိုထုတ်သုံးမှ ရတော့မည်ဟု စဉ်းစားလိုက်မိတော့သည်။

"အိဖြူ ... ကိုယ့်ကိုမချစ်ဘူးဆိုတာ ... လုံးဝမဖြစ်နိုင်ဘူးလို့ပဲယုံကြည်ထားတယ်"

"ကိုစိုးမိုးကို ကာယကံရှင်ကိုယ်တိုင်က ပြောနေတာလေ"

"ဒါဆို ... အိဖြူ ... ဒီစာအုပ်လေးကို ဖတ်ကြည့်လိုက်ပါဦး"

စိုးမိုးက သူနှင့်တပါးတည်းယူလာသည့် စာအုပ်လေးကို လှမ်းပေးလိုက်သည်။ စာအုပ်လေးနှင့်အဖုံးကိုမြင်ရုံနှင့် ပန်းအိဖြူ မျက်လုံးများဝိုင်းစက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၈)

ပန်းအိအိဖြူမျက်နှာပေါ်တွင် အံ့သြသွားဟန်နှင့် ဝေခွဲမရဟန်က ထင်ထင်ရှားရှားပေါ်လွင်နေသည်။ ထို့နောက် စာအုပ်ကိုတစ်လှည့် ... စိုးမိုး မျက်နှာကိုတစ်လှည့် အပြန်ပြန်အလှန်လှန်ကြည့်နေသည်။ ပြီးမှ ... စာအုပ် မျက်နှာဖုံးကို ဖွင့်ကြည့်လိုက်သည်နှင့် ...

"ဟင် ... ဒီ ... ဒီစာအုပ်က ... "

စိုးမိုးက ပန်းအိဖြူကို စိုက်ကြည့်နေလိုက်သည်။ ပန်းအိဖြူတစ်ယောက် စကားမဆက်နိုင်ဘဲ အလွန်အမင်းအံ့အားသင့်နေသည်။ ထိုအချိန်မှာပင် ...

အပြင်မှ တံခါးခေါက်သံထွက်ပေါ်လာသည်။

ချောင်းကြည့်ပေါက်မှကြည့်လိုက်ရာ ဝင်းကိုမျက်နှာပြုံပြုံကြီးကို မြင်ရသဖြင့် သော့ခတ်ထားသည့်တံခါးကို ဖွင့်ပေးလိုက်သည်။

"ထွေဋ္ဌကိုလည်း အပြင်မှာမတွေ့ပါလား"

"ငါရောက်ရောက်ချင်း ... ငါ့ဘက်ကလည်း လုပ်စရာရှိသေးတယ်၊ ကားခဏပေးဆိုပြီး မောင်းထွက်သွားတာပဲ ... မင်းလုပ်တဲ့ကိစ္စတွေရော အဆင်ပြေလား"

"မင်းမှာတဲ့ငွေတွေ ပါလာပြီ၊ မင်းအိမ်ရော ... ပန်းအိဖြူအိမ်ကိုပါ သဘောပေါက်လောက်အောင် အသိပေးပြီးပြီ၊ မင်းအစ်မတောင် လိုက်လာသည်

www.burmeseclassic.com



ထင်တယ်"

"ဟုတ်လား ... လိုက်လာလည်းကောင်းတာပေါ့ကွာ ... လူကြ
တွေအားလုံးလိုက်လာရင် ပိုကောင်းတယ်"

"ဘာလုပ်မလို့လဲ"

"ဒီနေရာမှာတင် တစ်ခါတည်းအပ်ပြီး ... တစ်ခါတည်း မင်္ဂလာဆောင်
ပြီး ... ဒီခြံမှာပဲ တစ်လလောက်စတည်းချမလို့"

"အရေးထဲ စိတ်ကူးကယဉ်ချင်သေးတယ်၊ ပန်းအိဖြူနဲ့ ပြေလည်ပြီ
လား"

"ပြတ်သားတဲ့အဖြေကို ခုထိမရသေးဘူးကွ"

"ကြိုးစားလေကွာ ... တစ်ခါတည်း မင်္ဂလာဆောင်ချင်တာဆို"

"ကြိုးစားနေတာပဲကွ ... တိုင်ပတ်နေလို့"

"ဘာကြိုးစားနေတာလဲ ... ဘာတိုင်ပတ်နေတာလဲ"

တံခါးဝနားတွင် စိုးမိုးနှင့်ဝင်းကိုတို့ တိုးတိုးကျိတ်ကျိတ်ပြောနေသ
ကို ပန်းအိဖြူက ဘယ်အချိန်ကတည်းက အနားရောက်လာပြီးနားထောင်နေ
သည်မသိ။ အနီးကပ်အော်လိုက်မှ သူတို့နှစ်ယောက် လန့်သွားပြီး ...

"မဟုတ်ပါဘူး အိဖြူရဲ့ ... ကိုယ်တို့နှစ်ယောက် စပ်တူဖွင့်ထား
ဆိုင်အကြောင်း ပြောနေတာပါ"

"ဟုတ်ရဲ့လားမသိဘူး ... ခုနကကြားတော့ တစ်မျိုးပါ"

ဇဝေဇဝါနှင့် သူတို့နှစ်ယောက်လုံးမျက်နှာကို လိုက်ကြည့်နေသဖြ
ဝင်းကိုကပါ ဝင်ပြောရတော့သည်။

"ဟုတ်ပါတယ် ပန်းအိဖြူရဲ့ ... ခုတလော ဒီဘက်မှာအာရုံမ
နေတော့လေ ... ဆိုင်ကို ပစ်ထားမိသလိုဖြစ်နေတာ ... အဲဒါ ...

"ကဲ ... အဲဒါထားပါ ... ဒီစာအုပ်ကို ဘယ်ကရတာလဲ ကိုစိုးမိုး

ရုတ်တရက်မေးလာသဖြင့် ဘာဖြေရမှန်းမသိဖြစ်သွားသည်။ အကူ
ရလိုရငြား ဝင်းကိုကိုလှမ်းကြည့်ကာမှ ... ငတိက သူနှင့်လုံးဝမပတ်သက်သ
အမူအရာနှင့် တစ်ဖက်လှည့်သွားသည်။ သူ အကြံအိုက်နေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာအုပ်ကို အစ်ကိုပေးလိုက်တာ ပန်းအိဖြူ"

ရုတ်တရက် ပေါ်ထွက်လာသောအသံကြောင့် အားလုံးအံ့အားသင့်တာ ဘ်ခါးဝသို့လှမ်းကြည့်လိုက်မိကြသည်။ ဝင်လာသူမှာ ဆန်းထွန်းဦးဖြစ်နေသည်။

"ပန်းအိဖြူ စိတ်ဆိုးရင်လည်း ... အစ်ကို့ကိုပဲ ဆိုးလိုက်တော့၊ စိုးမိုးကို အစ်ကိုပေးလိုက်တာပါ၊ အစ်ကို့ကိုလည်း မာယာကပေးလိုက်တာ"

'ဟင် ... မမကပါ"

"ဟုတ်တယ် ... စိုးမိုးနဲ့ပန်းအိဖြူတို့အကြောင်းကို မာယာနဲ့စကား ပြောပြီးတဲ့အချိန်မှာ မာယာ ... အဲဒီဒိုင်ယာရီစာအုပ်လေး အစ်ကို့လက်ထဲ ကို အပ်လိုက်တာ ... ဟုတ်တယ်လေ ... ဘာမဟုတ်တဲ့သံသယတွေ၊ အစွဲတွေကြောင့် အသိလွဲမှားသူတွေကို အာယာတအငြိုးအတေးသမားတွေက လိုသလိုကြိုးကိုင်နေတာကိုမြင်ရလို့ မနေနိုင်တဲ့အတွက် ဝင်ပါရတာ"

"ကိုဆန်းထွန်း ... ဘာလို့ဝင်ပါရတာလဲ အစ်ကိုရယ် ... အဲဒါ ညီမအရှက်ကိုခွဲနေသလိုပဲဆိုတာ မတွေးမိဘူးလား ... မကြာခင် ညီမက အိမ်ထောင်ပြုရတော့မှာလေ၊ ခုတော့ ... အစ်ကိုနဲ့မမတို့က ညီမကို အကြမ်း ဖက်သမားလက်ကို ဝကွက်အပ်လိုက်သလိုဖြစ်နေပြီပေါ့"

ပန်းအိဖြူစကားကြောင့် စိုးမိုး တွန့်ခနဲဖြစ်သွားသည်။ ဝင်းကိုက ပြုံးစိစိဖြစ်သွားသည်။

"အဲဒီလောက်ကြီး ပစ်ပစ်ခါခါမပြောပါနဲ့ ညီမရယ် ... မင်းတို့ နှစ်ယောက်လုံး ခံစားနေရကြတာကို ... ပတ်ဝန်းကျင်ကပါ သိနေမြင်နေရ တာပဲ ... အစ်ကို့ဆန္ဒကတော့ ချစ်နေကြလျက်နဲ့ ခွဲကြရတာကို မဖြစ်စေချင် ပါဘူး၊ နှစ်ဖက်လုံး ကြိတ်မှိတ်ပြီးတော့ မခံစားစေချင်ဘူး၊ အိမ်ထောင်ရေးဆို တာ တစ်ခါမှားရင် တစ်သက်စာအမှားဖြစ်သွားမှာ ... တစ်သက်တာအရေး ကို မာန်မာနတွေ၊ သံသယတွေနဲ့ စဉ်းစားဆုံးဖြတ်ခဲ့ရင် ... နောင်တစ်ချိန်မှ မှားမှန်းသိပေမယ့်လည်း ဘယ်လိုမှပြင်ဆင်ခွင့်မရှိတော့ဘူးနော် ... စိတ်မှ မချမ်းသာရင်တော့ သာယာချမ်းမြေ့တဲ့အိမ်ထောင်တစ်ခုကို တည်ဆောက်ဖို့ ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် ငါ့ညီမရင်ထဲကခံစားချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာပြုပြီး စိတ်လိုက်မာန်ပါဆုံးဖြတ်ခဲ့တဲ့ကိစ္စကို အခုလို အချိန်မီတဲ့ပြင် စဉ်းစား ပြင်ဆင်စေချင်တယ်"

"တော်ပြီ အစ်ကိုရာ ... စိတ်ရှုပ်တယ်၊ ဘာမှ မစဉ်းစားချင်တော့ ဘူး"

စိုးမိုးကတော့ ... ဖျောင်းဖျစကားအရှည်ကြီးကို မရပ်မနားတစ်ဆက် တည်းပြောနေသည့် ဆန်းထွဋ်ဦးနှင့် ... ယခုတိုင် လက်ခံချင်သေးပုံမရသည့် ပန်းအိဖြူတို့ကို တစ်လှည့်စီကြည့်ကာ ... ရင်မှာ မောဟိုက်လာသည်။

ထိုအခိုက်မှာပင် တံခါးဝ၌ လူတစ်ဦးပေါ်လာသည်။ ထိုလူကိုမြင်လျှင် မြင်ချင်း ပန်းအိဖြူမျက်နှာ အံ့အားသင့်လွန်းဟန်ဖြစ်သွားသည်။

"ကိုမိုးထက်မြင့်"

ထိုလူက မျက်စိမျက်နှာပျက်စွာနှင့် မော့ကြည့်လာသည်။ စိုးမိုးစိတ်ထဲ တွင် ထိုလူကို တစ်နေရာရာတွင် သေသေချာချာမြင်ဖူးခဲ့သည်ဟု ထင်မိသည်။ သို့သော်လည်း ရေရေရာရာမမှတ်မိ ...

ထိုလူ့ထံမှ မပွင့်တပွင့်နှင့် စကားသံထွက်ပေါ်လာသည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ မပန်းအိဖြူ"

အခန်းဝတွင် နောက်တစ်ဦးပေါ်လာပြန်သည်။ စိုးမိုးတို့သူငယ်ချင်း မင်းထွဋ်ဖြစ်နေသည်။ မင်းထွဋ်က မိုးထက်မြင့်နောက်နား ကပ်လျှက်ရပ်ပြီး အားလုံးကို ဝေ့ကြည့်နေသည်။ သဘောမပေါက်နိုင်သည့် ဝင်းကိုက ...

"ငထွဋ် ... သူက မင်းနဲ့အတူလာတာလား၊ နောက်ပြီး ... မင်း အသိလား"

"အေး ... ခုတော့ သိသွားရတာပေါ့ကွာ ... ယွန်းမေဇင်ရဲ့ လက်ရှိချစ်သူလေ"

ပန်းအိဖြူက ထိတ်လန့်တကြားလေသံဖြင့် ...

"ရှင် ... ရှင် ... သူပြောတာ ဟုတ်လား"

မိုးထက်မြင့် မဖြေ ... ခေါင်းသာငုံ့သွားသည်။ မင်းထွဋ်ကသာပင်ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုက်တိုက်ဆိုင်ဆိုင်ပဲ ... မိုးထက်မြင့်နဲ့ အခုဒီမှာပြောနေဆိုနေကြတာနဲ့ တိုက်ရိုက်ပတ်သက်နေလို့ ခေါ်လာခဲ့တာပါ ... မိုးထက်မြင့်က သွန်းမေဖင်ကို ကြောရုံကြံပြီးပစ်ထားခဲ့ပြီး၊ ရင်ခွင်သစ်ရှာဖို့ကြံနေတဲ့ကောင်၊ ခု ... မေဖင့်မှာ ကိုယ်ဝန်ရှိနေပြီ၊ ဒါကြောင့် ငါ ... ဒီနေ့ မိုးထက်မြင့်ကိုရှာပြီး ပြတ်ပြတ်သားသားမေးတာ ... ငြင်းချင်သလိုလိုဝေ့နေလို့ တစ်ချက်ကျွေးလိုက်ရသေးတယ်၊ ခုတော့ ... သူ သဘောပေါက်သွားပါပြီ၊ မေဖင့်ကို သက်ထပ်ယူပါ့မယ်တဲ့ ... သူ့ကို ဆက်စကားပြောရင်း မေးရင်းနဲ့မှ ပန်းအိဖြူတို့နဲ့ ပတ်သက်နေမှန်းသိရတာ ... ဒါကြောင့် ဒီအထိပါလာရတာပဲ၊ ဒါဆို ခစ်စပ်မယ်လို့ကြံရွယ်သူရဲ့ စိတ်ထားကဘယ်လို ... ကျွန်တော့်သူငယ်ချင်း စိုးမိုးရဲ့အနေအထားက ဘယ်အဆင့်ဆိုတာ ... ပန်းအိဖြူ ခွဲခြားလို့ရသွားမယ် ထင်ပါတယ်"

ထိုအခါမှ မိုးထက်မြင့်ကိုမြင်ဖူးသလိုလို ထင်နေသည့် စိုးမိုးနှင့်ဝင်းကိုတို့ မျက်လုံးချင်းဆုံမိသွားကြသည်။

ပန်းအိဖြူကတော့ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းအစုံကို ဖိကိုက်ထားရာမှ စိုးမိုးကိုတစ်လှည့် ... မိုးထက်မြင့်ကိုတစ်ပြန် အစုန်အဆန်ကြည့်နေသည်။ တစ်ခွန်းမှတော့ ဝင်မပြော ... မင်းထွဋ်က စကားဆက်ပြန်သည်။

"ကျွန်တော်ကိုယ်တိုင်လည်း မေဖင်နဲ့ပတ်သက်ပြီးတော့ စိုးမိုးကို အထင်မှားခဲ့ဖူးတယ်၊ ပန်းအိဖြူထင်သလိုပဲ စိုးမိုးဟာ ရည်းစားထည်လဲတွဲတယ်၊ မိန်းမပွေတယ်၊ အပျော်ကြံချင်တယ်လို့ သဘောပေါက်ခဲ့တာပေါ့ ... အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော့်သူငယ်ချင်းကို ပြင်းပြင်းထန်ထန်ပြောဆိုခဲ့ဖူးတယ်၊ အမှန်အတိုင်းပြောရရင် ကျွန်တော်လည်း ဒီနေ့မှ စိုးမိုးကိုနားလည်သွားတာပါ၊ ပန်းအိဖြူလည်း ကိုယ်တိုင်ခံစားနားလည်ကြည့်ပေါ့ဗျာ"

"ကဲ ... စိုးမိုးနဲ့ဝင်းကို ... ငါခြိကို မင်းတို့လက်အပ်ထားခဲ့ပြီနော်၊ ငါကတော့ မိုးထက်မြင့်ကိုပြန်ပို့ရင်းနဲ့ ငါ့အမေဆီ ခဏပြန်လိုက်ဦးမယ်"

ဝင်းကိုက မင်းထွဋ်နှင့်မိုးထက်မြင့်ပခုံးကို တစ်ဖက်တစ်ယောက်ဖက်ကာ ကားအနီးသို့လိုက်ပို့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ခဏနေခဲ့လိုက်ဦးမယ်ကွာ ... စိုးမိုးအခြေအနေက သိပ်အဆင်မချောသေးဘူး"

"အေး ... အဆင်ချောတာနဲ့ မင်းရှိနေဖို့ လုံးဝမလိုအပ်တော့ဘူး နော်"

"သိပါတယ်ကွ ... ခဏပါပဲ"

"ဘာ ခဏကိုပြောတာလဲ"

"ခဏလေးချောင်းမှာလို့ ... "

မင်းထွဋ်က ဝင်ကိုပခုံးကို တစ်ချက်ပိတ်ထိုးလိုက်ရင်း ...

"ဟကောင် ... အခွက်ပြောင်မနေနဲ့ ... စိုးမိုးဘဝလည်း တည်ငြိမ်စေချင်ပါပြီကွာ ... တတ်နိုင်သလောက် ဝင်ညှိပေးလိုက်နော်"

မင်းထွဋ်တို့ကားထွက်သွားမှ ဝင်းကို အိမ်ထဲသို့ပြန်ဝင်လာခဲ့သည်။

အိမ်ထဲမှာတော့ ... ပန်းအိဖြူက စိုးမိုးကို စကားဟာဟာမပြောသေး လည်း ဆန်းထွဋ်ဦးဘက်ကို လှည့်ရစ်ပြန်သည်။

"ကဲ ... သူ့သူငယ်ချင်းကတော့ ကိုမိုးထက်မြင့်နဲ့ပတ်သက်ပြီး ပြောသွားတယ်၊ အဲဒီဘက်ကတော့ ရှင်းပြီပဲထားပါတော့ ... ယုယခင်ရဲ့ အခု ဘယ်လောက်များခံစားနေရမလဲ ... ယုယခင်မှာ ဘယ်လိုအပြစ်တွေ ရှိနေလို့လဲ ... အဲဒါ အစ်ကိုရှင်းပြနိုင်လား"

ဆန်းထွဋ်ဦးက ပြုံးပြီး ...

"နေပါဦး ... ဘာအကြောင်းမှမရှင်းပြခင် အရင်မေးရဦးမယ် ခုနကညီမပြောတဲ့အထဲမှာ သူ့သူငယ်ချင်းဆိုတဲ့စကားပါတယ်၊ 'သူ့' ဆိုတာ ဘယ်သူ့ကိုရည်ညွှန်းတာလဲ"

ပန်းအိအိဖြူ အနည်းငယ်ရှက်ဝဲဝဲလေးဖြစ်သွားပြီး စိုးမိုးကို မသိမသာ လက်ညှိုးထိုးကာ ...

"အဲဒါက ... အဲ ... အဲဒီလူကိုပြောတာ ... အဲဒီလူကြောင့် ယုယခင်ရဲ့အရှိ၊ အထွေ၊ အငေါ်ကို ကောင်းကောင်းခံစားခဲ့ရသေးတာလေ မယုံကြည်မှာစိုးလို့ဆိုပြီး လမ်းပေါ်က ကားထဲမှာထိုင်စောင့်နေတဲ့အဲဒီလူရဲ့အစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် လှမ်းပြလိုက်သေးတယ်''

''စိုးမိုးရဲ့အစ်မနဲ့ မာယာချိုတို့ရဲ့ တစ်ချိန်ကအကြောင်းဟောင်းတွေ မေ့ပစ်လိုက်ကြဖို့ကောင်းပြီ၊ အဲဒီအကြောင်းဟောင်းတွေက စိုးမိုးနဲ့ညီမတို့ရဲ့ လက်ရှိဘဝကို အရိပ်လာထိုးနေတာ တော်တော်ဆိုးတဲ့ကိစ္စဖြစ်နေတာ''

''အဲဒီကိစ္စနဲ့ပတ်သက်ပြီး မမက ဘာတွေပြောနေလို့လဲ ... အဲဒီလူရဲ့ အစ်မကသာ ယုယခင်က ညီမကိုစော်ကားခွင့်ရအောင် အားပေးအားမြှောက် လုပ်ခဲ့တာလေ''

''အဲဒါတွေမပြောပါနဲ့တော့ ညီမ ... ပြောရမယ်ဆို ... ညီမအတွက် စေ့စပ်ပွဲဆိုတာကလည်း စိုးမိုးတို့အိမ်နဲ့ဝေးရင်ကောင်းမယ်ဆိုပြီး မာယာချိုက စီစဉ်ခဲ့တာ ... အခုတော့ ... အစ်ကိုနဲ့ဆွေးနွေးပြီးမှ သူ့ဝင်စွက်ဖက်မိတာ မှားသလို ... ခံစားရကြောင်းပြောတာ ... ပြီးတော့ ... ညီမခံစားနေရတာလည်း မကြည့်ရက်လို့ ... နောက်ဆုံး ညီမရဲ့ဒိုင်ယာရီကို စိုးမိုးဖတ်မိစေဖို့ အစ်ကို့လက်ထဲကို မာယာကိုယ်တိုင်ပေးခဲ့တာ''

ဒိုင်ယာရီအကြောင်းပါလာမှ ပန်းအိဖြူရှက်သွားပြန်ပြီ။ စိုးမိုးကို ခသိမသာခိုးကြည့်သည်။ စိုးမိုးလည်း လှမ်းကြည့်နေတာနှင့်တိုးသည်မို့ ပိုရှက်သွားကာ စိုးမိုးကိုသာ ဒိုင်းခနဲမျက်စောင်းထိုးလိုက်ပြီး ဆန်းထွန်းဦးဘက်ကို လှည့်သည်။

''အဲဒါကိုထားပါ ... အခုက ယုယခင်အကြောင်းမေးနေတာလေ''

''ယုယခင်အကြောင်းက မပြောရရင်ပိုကောင်းတယ်၊ ယုယခင်ဘက်က ခြေလှမ်းကိုပြင်ထားပြီးသား ... ခုဆို တခြားလူရင်ခွင်ထဲရောက်နေပြီ၊ အဲဒါ ရပ်ကွက်ထဲပြန်ရောက်ရင် ကြားရမယ့်သတင်းပါ၊ ယုယခင်နဲ့ ညီမတို့လမ်းထိပ်က Beauty Spa ပိုင်ရှင်နဲ့ ဒီနေ့ပဲစေ့စပ်ပွဲလုပ်တယ်၊ ယုယခင်က အဲဒီစိမလိုလို ခြောက်မလိုလိုတစ်ယောက်ဆီကို ဘာလို့ကိုင်းပြောင်းနားလဲသိလား ... အဲဒီကိုင်းက စိုးမိုးထက်စာရင် အများကြီးပိုကြီးတယ်လေ၊ Beauty Spa က အချိန်တိုင်းလိုလို Customer တွေပြည့်နေတာ တွေ့တယ်မဟုတ်လား ... အစကတည်းက ယုယခင်က စိုးမိုးထက် စိုးမိုးရဲ့စည်းစိမ်ချမ်းသာကို ပိုစိတ်ဝင်စားခဲ့တာ''



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်ဟန်နှင့် ပန်းအိဖြူက မျက်လုံးလေးဝိုင်း ... ပါးစပ်လေး ဟလျှက် ...

"ဟုတ် ... ဟုတ်ရဲ့လား အစ်ကိုရယ်"

"အေး ... မယုံရင် ... နက်ဖြန်ကျမှ စိုးမိုးခွင့်ပြုရင် ရပ်ကွက်ထဲ ပြန်ပြီး အိမ်ပွဲစားဒေါ်ချစ်စုကို မေးကြည့်ပေါ့၊ အဲဒီမှာ ဒေါ်ချစ်စုက သူ့စပ်စု သမျှအကုန် ဖွင့်ချပြလိမ့်မယ်"

ဆန်းထွင်ဦးကိုကြည့်နေသည့် ပန်းအိဖြူ၏မျက်ဝန်းများ စိုးမိုးဘက်သို့ မသိမသာလှည့်လာသည်။ စိုးမိုးက ကြိုသိနေသဖြင့် ... သူမဘက်ကိုမကြည့်။ လမ်းဘက်သို့သာ လှမ်းငေးနေပြလိုက်သည်။ ထိုအခိုက်မှာပင် ...

အခန်းထဲမှ ... ဆန်းထွင်ဦး အရင်ထွက်သွားသည်။ သူ့နောက်မှ ဝင်းကို ...

တံခါးက ဖွင့်လျှက်သား ...

တံခါးကိုသတိရပြီး စိုးမိုးက ပန်းအိဖြူကိုလှည့်ကြည့်လိုက်သည်။ သူ ထင်သကဲ့သို့ သူမကအပြင်သို့မထွက် ... အတွင်းပိုင်းရှိ ကြိမ်ကုလားထိုင် တစ်လုံးတွင် သွားထိုင်လိုက်သည်။ သူ ... သူမအနီးသို့ လျှောက်သွားလိုက် ပြီး ...

"အိဖြူ"

စိုးမိုးလှမ်းခေါ်လိုက်မှ သူမက ခေါင်းငုံ့နေရာမှ လှမ်းကြည့်သည်။

"ကိုယ့်အပေါ် သံသယတွေရှင်းလောက်ပြီလို့ ထင်တယ်"

သူမက ဘာမှပြန်မဖြေ။ မျက်လုံးရွှဲကြီးများနှင့်သာ လှမ်းကြည့်နေ သည်။

"အိဖြူ ကိုယ့်ကိုလုံးဝမချစ်ဘူး ... ဒါမှမဟုတ် လုံးဝမချစ်တော့ဘူး ဆိုရင် ... အိဖြူလက်နဲ့ကိုယ်တိုင် ကိုယ့်ရဲ့ပါးကို ဘယ်ပြန်ညာပြန်ရိုက်ပစ် လိုက်စမ်းပါ၊ ဒါမှ အိဖြူကို ကိုယ်မုန်းမေ့သွားနိုင်မှာ ... အိဖြူ ကိုယ့်ကိုချစ် နေတယ်လို့ အတွေးမှားအထင်မှားနဲ့ ... မိန်းမောတွေဝေနေတဲ့ ကိုယ် ... အဲဒီလို ခပ်စပ်စပ်လေးတစ်ချက်လောက် ခံစားရမှ နိုးထလာနိုင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းအိဖြူက နှုတ်ဖြင့် ဘာမှမတုံ့ပြန် ... သို့သော်လည်း ...

သူမမျက်ဝန်းများမှ လျှံထွက်ကျမည်ကဲ့သို့ဖြစ်နေသော မျက်ရည်ကို မျက်တောင်ဖျားများနှင့် တဖျပ်ဖျပ် ပုတ်ခတ်ဖျောက်ဖျက်နေသည်။

ထို့နောက် ခေါင်းကိုငုံ့ချလိုက်ပြီး ... မျက်ရည်ပေါက်ကြီးငယ်ကျကာ ရှက်ကြီးတငင် ငိုချလိုက်တော့သည်။

ပန်းအိဖြူကိုပွေ့ဖက်ပြီး နှစ်သိမ့်လိုက်ချင်သည့်ဆန္ဒ ... သူ့ရင်ထဲတွင် ပြင်းပြစွာဖြစ်ပေါ်လာသည်။ သို့သော်လည်း ... အိဖြူ၏ သူ့အပေါ် သဘောထားကို မစောကြောနိုင်သေးသဖြင့် အိဖြူပခုံးဆီလှမ်းလုလု သူ့လက်များကို ကြိုးစားထိန်းချုပ်လိုက်ရသည်။

"အိဖြူ ဘာလို့ငိုတာလဲ ... စေ့စပ်ပွဲကိုဖျက်ရတော့မှာမို့ ရှက်လို့လား"

ပန်းအိဖြူ ခေါင်းခါယမ်းပြသည်။

"ဒါဆို ကိုယ့်ရဲ့အကျပ်ကိုင်မှုတွေကြောင့် စိတ်ထိခိုက်သွားလို့လား"

ခေါင်းခါပြပြန်သည်။

ထို့နောက် သူမ ... မျက်ရည်ရွှဲစိုမျက်ဝန်းများနှင့် သူ့ကိုမော့ကြည့်သည်။

ထိုမျက်ဝန်းတွင်ပင် ... ချစ်ခြင်းနှင့်အကြင်နာတို့ ပျော်ဝင်ပါလျှက်ရှိနေသည်ဟု တွေးထင်မိသဖြင့် ...

သူ့လက်နှစ်ဖက်က အလိုလို အိဖြူပခုံးဆီသို့ ... ရောက်သွားတော့သည်။

အိဖြူကလည်း မက်တပ်ရပ်လိုက်ကာ ... သူ့ရင်ခွင်သို့ တိုးဝင်လာသဖြင့် ... သူ ... သူမကို အလိုက်သင့် ထွေးဖက်ထားလိုက်ရတော့သည်။

အိဖြူက သူ့ရင်ခွင်တွင်မျက်နှာအပ်ကာ သူမဖာသာရေရွတ်သလိုမျိုး စကားကို တီးတိုးဆိုသည်။

"အဲဒါ သူ့ကြောင့် ... သူ့ကြောင့် မျက်ရည်ကျတာ ... သူ ဘာလို့ အိဖြူနဲ့ အရင်ဆုံးဆုံတွေ့အောင် မကြိုးစားရတာလဲ ... ဘာဖြစ်လို့ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



များရတာလဲ ... ပြီးမှ ဘာဖြစ်လို့ အိဖြူကိုရစ်ဝဲလာရတာလဲ ... ဘာလို့ ခုမှ အိဖြူကို ချစ်တတ်လာရတာလဲ ...''

သူက သူမကျောကိုပွတ်သပ်ရင်း တတွတ်တွတ်နှင့်ချော့ရတော့သည်။

''အေးပါ အိဖြူလေးရယ် ... အားလုံးကိုယ့်ကြောင့် ... ကိုယ့် အပြစ်တွေကြောင့်ပါ ... ခု မငိုနဲ့တော့နော် ... နောက်လည်း လုံးဝမငိုစေ ရတော့ဘူး။ ခုတော့ ... ကိုယ်ဟာ အိဖြူရဲ့အချစ်တတ်ဆုံးသောချစ်သူ၊ အိဖြူကို တစ်ဘဝစာလုံးလက်တွဲမဖြုတ်မယ့် ထာဝရချစ်သူလို့ မှတ်လိုက်တော့ နော်''

အိဖြူက မျက်နှာကို သူ့ရင်ခွင်မှမခွာဘဲ ခေါင်းကိုတဆတ်ဆတ်ညိတ် ပြသည်။

''ခု ... အိဖြူငိုတာက ... အိဖြူရဲ့ တစ်ဖက်သတ်အတွေးနဲ့ ခေါင်းမာခဲ့မှုကြောင့် ကိုခံစားကြေကွဲခဲ့ရသမျှကို ပြန်တွေးရင်းသနားလို့''

''ဒါဆို ... အိဖြူက ကိုယ့်ကိုချစ်တယ်ပေါ့''

သူ့ရင်ခွင်ထဲမှပင် ခေါင်းညိတ်ပြသည်။

''ဟိုဒိုင်ယာရီစာအုပ်ထဲကလို ... အရင်ကတည်းက ကိုယ့်ကိုချစ်ခဲ့ တာပေါ့''

BURMESE CLASSIC

ခေါင်းကို သုံးလေးကြိမ်မက ညိတ်ပြပြန်သည်။

သူ ... သူမကို ရင်ခွင်တွင် တင်းတင်းကျပ်ကျပ်ဖက်ထားလိုက် တော့သည်။

''ချစ်တယ် အိဖြူရယ် ... ချစ်တယ် ... သိပ် ... သိပ်ချစ်တယ်''

ပြီးမှ ... ရင်ခွင်မှပြန်ခွာကာ အိဖြူမျက်နှာပြင်အနှံ့ ... လည်တိုင် မှသည် ရင်ညွန့်အစပ်တိုင် ... အနမ်းမိုးတွေစွေမိသွားသည်။ သူမကလည်း သူ့ခါးကို ပြန်ဖက်ထားရင်းနှင့် ကြည်ဖြူစွာ သူ့အနမ်းကိုခံယူသည်။ သူ ရပ်မှ။

သူမကပင် သူ့မေးဖျားကို လှမ်းနမ်းလိုက်သေးသည်။

ထိုအခိုက် ... တံခါးဝတွင် ရိပ်ခနဲလှုပ်ရှားသွားသဖြင့် လှမ်း ကြည့်လိုက်ရာ ... ဝင်းကိုမျက်နှာကြီးပေါ်လာသည်။ စိုးမိုးက ပေါက်ဝကို



www.burmeseclassic.com

www.burmeseclassic.com



ကျောပေးထားသည့် အိဖြူမမြင်အောင် မျက်စိမှိတ်ပြရင်း ... အိဖြူကျောကို ဖက်ထားသည့်လက်နှင့်ပင် လက်မထောင်ပြလိုက်သည်။

ဒါတွေကိုမသိသည့် ပန်းအိဖြူက ရှက်ပြုံးလေးပြုံးကာ စိုးမိုးမျက်နှာကို မော့ကြည့်နေသည်။ သူ မချင့်မရဲဖြစ်ကာ သူမနဖူးလေးကို ငုံ့နမ်းလိုက်ပြန်သည်။

"တော်ပါတော့ ကိုရယ် ... အပြင်က ချောင်းကြည့်နေလိမ့်မယ်"

မူနွဲ့သံလေးနှင့်ပြောရင်း ... ရှေ့ဘက်သို့လှမ်းကြည့်မိသည့်အိဖြူ လန့်သွားပြီး ...

"ဟောတော့ ... တံခါးလည်းမပိတ်ထားဘူး"

"ကိစ္စမရှိပါဘူး အိဖြူရဲ့ ... ဝင်းကိုကြီးက ချောင်းတာဝါသနာမပါဘူး"

ထိုအခါမှ ဝင်းကိုမျက်နှာကြီးပြုံးဖြီးဖြီးနှင့် တံခါးဝတွင် တစ်ကိုယ်လုံးပေါ်လာကာ ...

"ဒါဆိုလည်း မထူးတော့ပါဘူးကွာ ... ပေါ်တင်ပဲကြည့်တော့မယ်"

ဝင်းကိုနောက်တွင် မင်းထွဋ်ပါထပ်ပေါ်လာပြီး ...

"အဆင်မပြေပါ့မလားလို့ကွာ ... စိတ်ပူပြီး သွားစရာရှိတာတောင် မသွားနိုင်ဘဲ ပြန်ကွေ့လာခဲ့ရတာ"

BURMESE CLASSIC

တဖန် မင်းထွဋ်နောက်မှ ဆန်းထွဋ်ဦးပေါ်လာပြန်ကာ ...

"ဒီမှာ ... စိုးမိုးအစ်မကို ဘာမှစိတ်ပူစရာမလိုတော့ဘူး၊ ကိုယ် ဖုန်းဆက်ပြီးရှင်းလိုက်လို့ သဘောပေါက်သွားပြီ၊ စိုးမိုးအဖေကိုတော့ အမေနဲ့ အစ်မက ပြောပြလိမ့်မယ်၊ အိုကေမှာပါ"

ထိုအခါမှ ပန်းအိဖြူကမှာ ပို၍ရှက်ရကောင်းမှန်းသိသွားပြီး ...

"အဲတော့ ... အပြင်မှာ အားလုံးရှိနေကြတာ"

ပြောပြောဆိုဆို စိုးမိုးနောက်ကိုပြေးကွယ်ရင်း စိုးမိုးကျောပြင်တွင် မျက်နှာအပ်ကာ ဖွက်ထားသည်။ ဆန်းထွဋ်ဦးက ...

"အားလုံးအဆင်ပြေနေပါပြီ ငါ့ညီမရယ် ... ရှက်လည်းရှက်မနေ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့တော့ … မျက်နှာမဖွက်နဲ့ အပြင်သာထွက်ရပ်လိုက်တော့”

အဆင်ပြေသွားပြီဆိုပေမယ့်လည်း …

“သေချာသွားအောင် ဒီမှာ တစ်ညတော့နေလိုက်ဦးမယ်ဗျာ … ငထွင့်အပါအဝင် အားလုံးပြန်လိုက်ကြတော့”

ဝင်းကိုက ခပ်သွက်သွက်ပင် တုံ့ပြန်သည်။

“ဩော် … အကြမ်းဖက်သမားက ဘာကြီးစည်ချင်သေးလို့ ငါတို့ကို မောင်းထုတ်ရတာလဲ … မပြန်သေးဘူး၊ ထမင်းချက်စားဦးမှာ၊ နော် … ငထွင့်၊ သိပ်နောက်ကျရင်တော့ … ငါတို့လည်း ဒီခြံထဲမှာပဲအိပ်သင့်ရင် အိပ်ရမယ်”

“အေး … အဲဒီအစီအစဉ်ကောင်းတယ်၊ ‘အဲဒီလူ’ နော် … ဒီမှာ ကောင်မလေးရဲ့ရုပ်ဆွေရုပ်မျိုး အစ်ကိုတစ်ယောက်လုံးရှိသေးတယ်”

ဆန်းထွင့်ဦးပခုံးကို လှမ်းဆွဲရင်းပြောသဖြင့် … ဆန်းထွင့်ဦးပါ တဟားဟား ဝင်ရယ်တော့သည်။

စိတ်ဝင်တစားနှင့် စိုးမိုးနောက်မှ ခေါင်းလေးပြူကာကြည့်နေသည့် အိဖြူမျက်နှာလေး … လှစ်ခနဲဆို စိုးမိုးနောက်ကျောနှင့် ပြန်ကွယ်သွားသည်။

ဝင်းကိုနှင့်မင်းထွင့်ကတော့ သံပြိုင်ပင် …

“အဲဒီလူ နော် … ”

စိုးမိုးကျောဘက်မှ မပွင့်တပွင့်ရယ်သံလေးထွက်လာသည်။

“ခစ် … ”တဲ့။

ချစ်မျှားရှင်



www.burmeseclassic.com